ဦးခင်ဇော် (မရမ်းကုန်း)



# မြင်းမိုရ်တောင်ရိပ်

မွေးအိမ်ရဝယ်

### ဒို့တာဝန်အရေး (၃)ပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး၊

### စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး၊

### လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

## ပုံနှိပ်မှတ်တမ်း

တမူခွင့်ပြုချက်အမှတ် - ၄၀၀၅၃၀၁၁၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၁၂၃၉၁၂၀၉

ကွန်ပျူတာစာစီ - မခင်စန်းဝေ

မျက်နှာဖုံးနှင့်အတွင်းသရုပ်ဖော် - ဝိုးစံ၊ ရဲလေး (STAR)

အတွင်းဖလင် - A-7 Group (Asia Plaza)

ထုတ်ဝေသူ - ဦးချစ်ညွန့် (ဇင်ရတနာစာပေ)
၂၅၀၊ ၄ (က)၊ မြို့သစ်၊ အင်းစိန်။

ဖြန့်ချိရေး - ရဲသွေးစာပေ

ပုံနှိပ်တိုက် - လဲ့လဲ့မွန်ပုံနှိပ်တိုက်
၁၅၈၊ (၄၅)လမ်း၊ ဗိုလ်တထောင်

ထုတ်ဝေသည့်လ - ဇန်နဝါရီလ (၂၀၁၀)

တန်ဖိုး - (၇၀၀)ကျပ်

စောင်ရေ - (၁၀၀၀)

ခင်ဇော်၊ ဦး (မရမ်းကုန်း) ၈၉၅.၈၄
မြင်းမို့ရ်တောင်ရိပ်မှေးအိပ်ရာဝယ်
ဦးခင်ဇော် (မရမ်းကုန်း)။ - ရန်ကုန်။
ဇင်ရတနာစာပေ၊ ၂၀၁၀ ။
၁၉၂-စာ၊ ၁၂.၅ × ၁၇.၅ စင်တီ။
(၁) မြင်းမိုရ်တောင်ရိပ်မှေးအိပ်ရာဝယ်

နမောတဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

ဦးခင်ဇော် (မရမ်းကုန်း)

# ဖြင်းမိုရ်ရဲ့ တောင်ရိုပ်
# မှေးအိပ်ရာဝယ်

၁၃၇၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့
၂၀၀၉ ခုနှစ်၊ အောက်တိုဘာလ (၃)ရက်
ည (၈)နာရီ

# မိဘမေတ္တာကမ္ဘာမြေ

* ချမ်းသာသည်ကို၊ ဝမ်းသာကြိုလျှက်
မနာလိုကင်း၊ ဝန်တိုရှင်းသည်
ချစ်ခြင်းဖွဲ့သီ၊ မြတ်ဂုဏ်ရည်။
* ပေးဆပ်ခြင်းမှု၊ မြကြည်ဖြူ၍
ရယူလိုမှု၊ ရှေးမရှုသည်
ဖွဲ့စုခိုင်ကျည်၊ မြတ်ဂုဏ်ရည်။
* ကျွေးမွေးပြုစု၊ ယုယမှုတို့
ငါဟုမာန်တင်း၊ မာနကင်းသည်
ရိုးစင်းဖွဲ့တည်၊ မြတ်ဂုဏ်ရည်။
* သားသမီးဝတ်၊ ပျက်ကင်းလွတ်လည်း
ခွင့်လွှတ်အစဉ်၊ ပြစ်မမြင်သည်
ချစ်ခင်ထုံကြည်၊ မြတ်ဂုဏ်ရည်။
* ကာလဒေသ၊ မချိန်ဆခဲ့
ဘဝပျက်ကြွေ၊ မတွေဝေခဲ့
အခြေဖန်ဆင်း၊ မာန်မတင်းခဲ့
ပျံ့သင်းစေတနာ၊ ချစ်မေတ္တာတို့
အကြင်နာမိုး၊ ရွာသွန်းဖြိုးသည်
မညှိုးဂုဏ်ဝေ၊ သင်းပျံ့နေ
မိဘဟူသည်၊ ကမ္ဘာမြေ။ ။

**ဓာနည်**

# မာတိကာ


* မိဘမေတ္တာကမ္ဘာမြေ (ဇာနည်) ၄
* စာရေးသူ၏ကိုယ်ရေးအကျဉ်း ၉
* လယ်တွင်းသားစောချစ်၏အမှာစာ ၁၄
* ရင်တွင်းစကား ၁၇
* မြင်းမိုရ်တောင်ရိပ်မှေးအိပ်ရာဝယ် (အောင်သူရိန်-ပုလဲ) ၁၉
* မိဘရိပ် (မြေလတ်ထင်ကျော်မိုး) ၂၀
* ဖေဖေ့အတ္ထုပ္ပတ္တိ ၂၃
* ကျွန်ုပ်တော့်ဖေဖေ ၂၅
* မိန်းမဆိုတာ ၃၆
* စကားချောက်ခွန်း ၄၁
* ဗေဒင်တွက်ချက် ၄၈
* ကင်းမြီးကောက် ၅၂
* အမည်ခေါ်လျှင် ၅၆
* သံတစ်ချောင်းပြောင့်အောင်ရိုက် ၅၉
* စိတ်မြန်လူမြန် ၆၁
* မြက်နုတ်လျှင် ၆၃
* ဇွဲ့လုံ့လမလျှော့ဖို့ ၆၆
* နှမြောတတ်ခြင်း ၇၁

* စပါးကြီးသည်းခြေ ၇၅
* ဗရှသဝါစ ၇၉
* ဆုံးမစကား (၁) ၈၃
* နိုးယူခြင်း ၈၆
* သစ် ၉၁
* ပြောတိုင်းယုံ ၉၅
* ရှေ့နေဆို ပျိုမှု၊ သမားဆို အိုမှ ၉၉
* ဆုံးမစကား (၂) ၁၀၃
* နာလန်ထ ရေချိုးရက် ၁၀၆
* ကျက်သရေမင်္ဂလာ ၁၁၀
* ထမင်းစားလျှင် ၁၁၂
* အိမ်မြှောင်စုတ်ထိုး ၁၁၅
* လေးစားမှု ၁၁၈
* ကိုယ်စောင့်နတ် ၁၂၀
* ပစ္စည်းပျောက် ၁၂၄
* မိုးကောင်းမှာလား ၁၂၆
* ခြေရာမထင် ၁၂၈
* ပျားရည်ပုလင်း ဘယ်လိုပိတ် ၁၃၁
* အငှားအရမ်း ၁၃၃

* စည်းကမ်း ၁၃၅
* ရဟန်းခံ ၁၃၈
* မင်္ဂလာဖျူဟာ ၁၄၂
* အသားလှုပ်နိမိတ် ၁၄၃
* တောဝက်အစွယ် ၁၄၈
* စကားပြောလျှင် တဲ့တိုး ၁၅၁
* ကက်ကင်းခေတ် ၁၅၅
* သူခိုးပေးတဲ့ဒဿန ၁၆၀
* လူမှာအမျိုး ၁၆၄
* ကျေးဇူးတရား ၁၆၈
* ကြီးတဲ့အမှုငယ်စေ ၁၇၁
* ငွေချေးငှားလျှင် ၁၇၃
* ရွှေကျေးကလေးကသာ ၁၇၅
* ဆုံးမစကား (၃) ၁၇၇
* ဂါထာထုး ၁၈၀
* ဆုံးမစကား (၄) ၁၈၂
* လောကနီတိ ၁၈၄
* နှုတ်ဆက်နိဂုံး ၁၈၇
* ထုတ်ဝေပြီးသောစာအုပ်များ ၁၉၂



ဦးခင်ဇော် (မရမ်းကုန်း)

# စာရေးသူ၏ကိုယ်ရေးအကျဉ်း

ကယားပြည်နယ်၊ လွိုင်ကော်မြို့တွင် အဘ ဦးဘစိုး၊ အမိ ဒေါ်ရီ တို့မှ (၁၅.၁၀.၁၉၅၁)နေ့တွင် မွေးဖွားသည်။ အထက (၁) သယ်န်းကျွန်းတွင် (၁၀)တန်းထိ ပညာသင်ကြားခဲ့ပြီး ၁၉၆၉–၇၀ နှစ်က **"စံပြကျောင်းသားဆု"** ရရှိခဲ့သည်။

ရန်ကုန်တက္ကသိုလ်မှ ရူပဗေဒအဓိကဖြင့် သိပ္ပံဘွဲ့ (B.Sc - Physics) (တန်းစဉ်ဂုဏ်ထူး)၊ စီးပွားရေးလုပ်ငန်းဒီပလိုမာဘွဲ့ (D.B.L)၊ ပင်လယ်ရေကြောင်းဥပဒေဒီပလိုမာဘွဲ့ (D.M.L)၊ အပြည်ပြည်ဆိုင်ရာ ဥပဒေဒီပလိုမာဘွဲ့ (D.I.L)၊ အသုံးချစိတ်ပညာဒီပလိုမာဘွဲ့ (D.A.Psy)၊ အဆင့်မြင့်ကွန်ပျူတာဒီပလိုမာဘွဲ့ (D.A.C)၊ သတင်းနှင့်ဆက်သွယ်မှု နည်းပညာဒီပလိုမာဘွဲ့ (D.I.C.T)၊ အထက်တန်းရှေ့နေ (H.G.P)၊ နိုင်ငံခြားဘာသာစကားပြောအောင်လက်မှတ် (C.F.L- English)၊ အင်္ဂလိပ်စာကျွမ်းကျင်မှုအောင်လက်မှတ် (C.G.P.E.C)၊ အင်္ဂလိပ်စာ တိုးတက်မှု အောင်လက်မှတ် (E.L.F.C)၊ အခြေခံသိတမန်ရေးရာ ကျွမ်းကျင်မှု အောင်လက်မှတ် (B.D.S)၊ အဆင့်မြင့်သံတမန်ရေးရာ ကျွမ်းကျင်မှု အောင်လက်မှတ် (E.D.S)၊ အခြေခံစာရင်းကိုင်ပညာအောင် လက်မှတ် (C.B.A.C)၊ အသုံးချစီးပွားရေးပညာအောင်လက်မှတ် (C.A.B.S)၊ အသုံးချကွန်ပျူတာအောင်လက်မှတ် (C.A.C)၊ စီးပွားရေး

လုပ်ငန်း ဥပဒေအောင်လက်မှတ် (C.B.L) ၊ အပြည်ပြည်ဆိုင်ရာမူပိုင်ခွင့် ဥပဒေ အောင်လက်မှတ် (WIPO-General Course on Intellectual Property-Switzerland) တို့ကို တက်ရောက်အောင်မြင်ခဲ့သည်။

မရမ်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နာယက၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ နဝဒေးစာနယ်ဇင်း သမဝါယမအသင်းလီမိတက် အိုက်တာအဖွဲ့ ဥက္ကဋ္ဌ၊ အထက (၃) မရမ်းကုန်းနှင့် အထက (၅)မရမ်းကုန်းတို့၏ ကျောင်းအကျိုးတော်ဆောင်၊ မရမ်းကုန်းမြို့နယ် အမျိုးသမီးရေးရာလုပ်ငန်းကော်မတီ၏ ဥပဒေအကြံပေး၊ မူခင်းကျူးဆင်းရေးနှင့် သတင်းထုတ်ပြန်ရေး ကော်မတီ မူခင်းသတင်းထောက်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်သည်။

ယခုအခါ မရမ်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဘာဝန်ကို (ဒုတိယအကြိမ်) ထမ်းဆောင်လျှက် ရှိသည်။ မရမ်းကုန်းမြို့နယ် ဂီတအစည်းအရုံးအဖွဲ့ဝင်၊ မရမ်းကုန်းမြို့နယ် ကလေးသူငယ်များအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ဝင်၊ မရမ်းကုန်းမြို့နယ် စေတနာဆေးပေးခန်းကြီးကြပ်ရေးကော်မတီ အဖွဲ့ဝင်၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်လည်း ဖြစ်သည်။ မရမ်းကုန်းမြို့နယ် ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုရေး ပြည်လုံးကျွတ် ဆန္ဒခံယူပွဲတွင် ကျင်းပရေးကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်သည်။

မရမ်းကုန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရာသက်ပန်အသင်းဝင်၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းရာသက်ပန်အသင်းဝင်၊ ရန်ကုန်တက္ကသိုလ်အနုပညာ အသင်းဝင်၊

မရမ်းကုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်၊ မြန်မာနိုင်ငံဓာတ်ပုံအသင်းဝင်၊ မင်္ဂလာဗျူဟာအသင်းဝင်၊ ပိဋကတ်ဗျူဟာ အသင်းဝင်လည်း ဖြစ်သည်။ ဒိုက်ဦးမြို့နယ်အသင်း၊ ချင်းတွင်းအသင်း၊ ရန်ကုန်ရှေ့နေများ အသင်း၊ အင်းစိန်ရှေ့နေများအသင်း၏ အသင်းဝင်လည်း ဖြစ်သည်။

ဂျိုးဖြူနည်းပြ၊ အေးသိတာနည်းပြ အမည်များဖြင့် စာပေဝိုင်းများ သင်ကြားခဲ့သည်။ တပ်မတော်မှ အငြိမ်းစားယူခဲ့သူလည်း ဖြစ်သည်။ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံများသို့ လေ့လာရေးသွားရောက်ခဲ့သည်။

မဏ္ဍိုင်မဂ္ဂဇင်း၏ ဂုဏ်ထူးဆောင်စာတည်း၊ ဘုရင့်နောင်မဂ္ဂဇင်း၊ နဝရတ်မဂ္ဂဇင်းနှင့် ကိုးနဝင်းဂမ္ဘီရ ရသစုံမဂ္ဂဇင်းတို့၏ အယ်ဒီတာချုပ်လည်း ဖြစ်သည်။

**"စာချစ်သူတို့ဆုံဆည်းရာ"** စာပေစကားဝိုင်းကို စိတ်ကူး ပုံဖော်ခဲ့သူလည်း ဖြစ်သည်။

**"ဥပဒေဆောင်းပါးများ"၊ "ဖြစ်ရပ်မှန်မှုခင်းဝတ္ထုတိုများ"၊ "ရွှေလောင်းရှာလူသတ်မှုကြီးနှင့်ဖြစ်ရပ်မှန်မှုခင်းဝတ္ထုတိုများ"၊ အကွေ့တစ်သောင်း အကောက်တစ်သိန်းနှင့်ဖြစ်ရပ်မှန်မှုခင်း ဝတ္ထုတိုများ"၊ "ဘယ်တော့မှပြန်မလာချင်ပါနဲ့နော်နှင့်ဝတ္ထုတိုများ"** စာအုပ်များထုတ်ဝေခဲ့ပြီး CRIME JOURNAL ၏ ဥပဒေပင်တိုင် ဆောင်းပါးရှင်ဖြစ်သည်။ ပြည်သူ့အကျိုးပြုဝတ္ထု၊ ဆောင်းပါးပုဒ်ရေ (၁၀၀၀)ကျော်ခန့် ရေးသားခဲ့သည်။

ရုပ်ရှင်အနုပညာနှင့်ပတ်သက်၍ "**ဘာမထီဇာနည်**" ဗီဒီယို ဇာတ်ကား၊ CID တပ်ဖွဲ့မှရိုက်ကူးသော "**ကျည်ဆံလေးတစ်တောင့် အကြောင်း**"၊ ဗီဒီယိုကားများတွင် ပါဝင်သရုပ်ဆောင်ခဲ့ပြီး "**ဆုးချိုးသည့်ဖက်**" ဗီဒီယိုဇာတ်ကားတွင် ဝတ္ထုဇာတ်ညွှန်းရေးသားပြီး ပါဝင် သရုပ်ဆောင်ခဲ့သည်။ ဇာတ်ဝင်တေးများ သီဆိုခဲ့သည်။

"**ဗုဒ္ဓမြတ်စွယ်တော်**" ဓမ္မတေးစီးရီးကို စီစဉ်ထုတ်ဝေခဲ့သူ ဖြစ်သည်။

ဇနီးဖြစ်သူ ဦးစီးအရာရှိ ဒေါ်မိုးကလျာ (စီမံကိန်းရေးဆွဲရေး ဦးစီးဌာန– နေပြည်တော်)၊ သား ရဲသွေးဇော် တို့နှင့်အတူ တိုက် (၁)၊ အခန်း (၀၀၃)၊ မြိုင်ဟေဝန်အဆင့်မြင့်အိမ်ရာ၊ (၄)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်တွင် နေထိုင်လျှက်ရှိပါသည်။

ဖုန်း– ၆၅၃၅၅၅ (လိုင်းခွဲ–၃၄၀)၊ ၀၉၅၁၈ ၁၁၈၅

❄ ❄ ❄ ❄ ❄

ကွယ်လွန်သွားကြပြီဖြစ်သော

ကျေးဇူးရှင်မိဘနှစ်ပါး

တို့အား

ဤရင်တွင်းစာစုဖြင့်

ပူဇော်ကန်တော့ပါသည်။

ဦးခင်ဇော် (မရမ်းကုန်း)

# လယ်တွင်းသားစောချစ်၏အမှာစာ

တစ်နေ့တွင် ကျွန်တော်စာရေးနေစဉ် အိမ်သို့ ဧည့်သည်တစ်ဦး ဝင်ရောက်လာ၏။ အနက်ရောင် စိုတောက်နေသော တိုက်ပုံအင်္ကျီကို အောက်ခံစတစ်ကော်လာ အင်္ကျီအဖြူနှင့် သေသပ်စွာဝတ်ဆင်ထားသည်။ အောက်ခံပုဆိုးကလည်း ရွှေဖလားရောင် တောက်ပပြောင်လက်နေသည်။ တိုက်ပုံအနက်နှင့် လိုက်ဖက်ပေစွ။ မျက်နှာမှာ ကြည်လင်သော အပြုံးနှင့်။

ဤပုံကို မြင်ရုံနှင့် သိပါသည်။ ဦးခင်ဇော် (မရမ်းကုန်း)။

"ပြော ...ဘာလုပ်ပေးရမလဲ ..." ဆိုတော့ ပါလာသည့် စာအုပ်ကို ထုတ်ပေးသည်။ ခေါင်းစဉ်က **"မြင်းမိုရ်တောင်ရိပ် မှေးအိပ်ရာဝယ်"** သူ၏မြင်းမိုရ်တောင်ဦးမကကြူးသော မွေးသဖခင် ကျေးဇူးရှင် အကြောင်း ရေးထားသော စာအုပ်။

**"ဖတ်ကြည့်ပြီး အမှာစာရေးပေးပါ"**ဟု ဆိုသည်။ လကုန်လောက်မှာ ရချင်သည်ဟု ဆိုသည်။ တစ်ပတ်ခန့်သာ အချိန်ရ၏။

ကျွန်တော်က ကျိုက္ကလို့ မိုးကုတ်ဝိပဿနာရိပ်သာမှ ဆောင်ရွက်နေသော အမေ့မေတ္တာဝတ္ထုတိုစာမူများကို သီတင်းကျွတ်လပြည့်အမီ ပြီးအောင်စစ်ပေးနေရသည်။ ဝါးခယ်မ၊ ကျုံမငေးမြို့များသို့လည်း (၂၁.၉.၂၀၀၉)မှ (၂၄.၉.၂၀၀၉)အထိ ကျေးဇူးကြီးလှ မိနှင့်ဘ စာပေဟောပြောပွဲ သွားရဦးမည်။ ခရီးသွားရင်း သင်္ဘောပေါ်မှာ ရေးပေးပါမည်ဟု ကတိပြုလိုက်ရသည်။ သင်္ဘောခရီးမှာ သူ့စာအုပ်ကို ယူသွားရသည်။ သင်္ဘောပေါ်မှာ ပြီးအောင်ဖတ်ရသည်။

စိတ်ဝင်စားစရာ ဖတ်ကောင်းသောစာအုပ် ဖြစ်ပါသည်။ ဝါးခယ်မသို့ ရောက်သောအခါ တစ်အုပ်လုံး ဖတ်ပြီးသွားပါသည်။ ဖတ်ရသည်မှာ စိတ်ဝင်စားစရာ ကောင်းပါသည်။ အတ္တုပ္ပတ္တိလည်း မဆန်၊ ဝတ္ထုဟန်လည်း မဟုတ်။ သို့သော် တင်ပြပုံက လေးလံခြင်းမရှိ၊ သွက်လက်သည်။ အဖေ၏အဆုံးအမများ၊ အဖေနှင့်ပတ်သက်၍ အမှတ်တရဖြစ်ဖွယ်များ၊ အသိ သတိဖြစ်ရသည်များ၊ သင်ခန်းစာယူရသည်များကို ဖော်ပြသွားသည်။ မာတိကာအမှတ်စဉ် (၉) "မိန်းမဆိုတာ" မှစ၍ မာတိကာ (၅၄) "လောကနီတိ" အထိ အပိုင်းလိုက် အပိုင်းလိုက် တိုတိုကျဉ်းကျဉ်းနှင့် လိုရင်းရောက်အောင် ဖော်ပြသွားသည်။

သူ၏ဖခင်သည် အလုပ်ကြီး အကိုင်ကြီး ရာထူးကြီးရှိသူဖြစ်သလို၊ ထူးခြားသောစိတ်ဓာတ် ရှိသူဖြစ်သည်။ သားသမီးတို့ကို တစ်သက်တာကောင်းစေချင်သော စေတနာရှိသည်။ ဆုံးမသည်။ ပြုပြင်သည်။ စံနမူနာကောင်းပြသည်။

အချို့သောအပြုအမူများသည် ကြမ်းသလိုထင်ရ၏။ သို့သော် တစ်သက်တာကြီးမားစွာ သင်ခန်းစာရစေသည်။ စေတနာကောင်းရှိသည့် ဖခင်ကောင်းဖြစ်ကြောင်း ထင်ရှားပေါ်လွင်စေသည်။

ဦးခင်ဇော် (မရမ်းကုန်း) ဖခင် ဦးဘစိုး၏ ဦးခင်ဇော်တို့ သားသမီး များအပေါ် ဆုံးမပြုပြင်သည်များမှာ အခြားသောလူတို့ ဖတ်လျှင်လည်း အသိ သတိသင်ခန်းစာယူစရာ၊ ဆင်ခြင်စရာ၊ မှတ်သားစရာများကို ဖြစ်စေသည်။

ဦးခင်ဇော် (မရမ်းကုန်း) အနေဖြင့် ဘခင်ကို ပူဇော်ပြီး ဤစာအုပ်ကို ရေးဖြစ်သည်။ ကောင်းလေစွ။ တာဝန်ကျေပေစွ။ စာဖတ်သူများအတွက်လည်း အကျိုးရှိနိုင်ပေ၏။ ဘခင်ကောင်းတိုင်းသည် သားသမီးတို့ကောင်းကျိုးအတွက် တစ်သက်တာ မှတ်သားစရာ၊ ဆုံးမသွန်သင်မှုကောင်းများ ရှိကြပါသည်။ သို့သော် ထုတ်ဖော်မရေးဖြစ်ကြပါ။ ဦးခင်ဇော် (မရမ်းကုန်း) ရေးသားပြီးမြောက်ခဲ့လေပြီ။ ဘခင် ဦးဘစိုး၏ မြင်းမိုရ်တောင်ရိပ်မှာ မေးအိပ်ရင်း ရရှိခဲ့သည့် ခံစားဖွယ်ရာများကို သူတို့ညီအစ်ကိုမောင်နှမများသာမက စာဖတ်သူလူအများကိုပါ မျှဝေခြင်းအတွက် ကျေးဇူးတင်ပါသည်။ သာဓုနမော် ခေါ်မိပါသည်။

ကောင်းကျိုးရနိုင်သည်များကို ရယူမှတ်သားနိုင်ရန်အတွက် ဖတ်ကြည့်ကြပါလေ။

## လယ်တွင်းသားစောချစ်

# ရင်တွင်းစကား

မိမိသည် စာပေများရေးလာခဲ့သည်မှာ ကြာပြီဖြစ်ပါသည်။ စာပေဆိုင်ရာလုပ်ငန်းများကိုလည်း တတ်နိုင်သမျှ ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ အောင်စည်းစိမ်ကျောက်မျက်ကုမ္ပဏီနှင့် လက်တွဲ၍ **"ကျေးဇူးကြီးလှမိနှင့်ဘတို့၏ မေတ္တာဂုဏ်ရည် ပူဇော်ဟောပြောပွဲ"** များကိုလည်း မရမ်းကုန်းမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် ကိုယ်တိုင်ပါဝင် စီစဉ်ညွှန်ကြား ဟောပြောခဲ့ပါသည်။ ရွှေပြည်သာမြို့နယ် အထက(၁)တွင်လည်း သွားရောက်ဟောပြောခဲ့ပါသည်။

သို့ရာတွင် မိမိအား လူဖြစ်အောင် ကျွေးမွေးသုတ်သင်ပြုစုပျိုးထောင်ပေးခဲ့သည့် မိဘနှစ်ပါးနှင့် ပတ်သက်၍မှုကား တစ်စုံတစ်ရာသော ကျေးဇူးတရားများကို ပြုစုရေးသားခြင်း မပြုနိုင်ခဲ့သည်ကို သတိပြုမိလာပါသည်။

မိဘနှစ်ပါးနှင့် ပတ်သက်၍ ရေးသားရန် စိတ်ကူးရခဲ့သည့်အချိန်တွင် အစ်ကိုဖြစ်သူ ဦးအုန်းမြင့် (နက္ခတ္တဗေဒပညာရှင်)၊ အစ်ကိုဦးမြင့်သိန်း၊ အစ်မ ဒေါ်ခင်စိုးရီတို့နှင့်

ညီဖြစ်သူ ကိုစိုးဝင်းတို့ကို ပြောပြမိခဲ့ပါသည်။

သိလိုသမျှ အချက်အလက်များနှင့် ကိုယ်တိုင်သိရှိသမျှ အချက်အလက်များကို ပေါင်းစပ်၍ ဖေဖေနှင့် မေမေတို့အား ကျေးဇူးဆပ်သောအနေဖြင့် သီကုံးရေးဖွဲ့လိုက်ပါသည်။

တစ်နည်းအားဖြင့်-

မိဘနှစ်ပါးကို တစ်ဖက်တစ်လမ်းမှ ကျေးဇူးဆပ်သလို ဤစာအုပ်ကို ပြုစုရခြင်းအားဖြင့် မိမိနှင့် ပတ်သက်သော၊ မိဘနှစ်ပါးနှင့်ပတ်သက်သော ဆွေစဉ်မျိုးဆက် မှတ်တမ်း တစ်ခုဟု ဆိုလျှင်လည်း မှားမည်မဟုတ်ပါ။

ဤစာစုကို ရေးဖွဲ့ပြုစုနေချိန်သည်ကား မိဘနှစ်ပါးစလုံး ကွယ်လွန်သွားခဲ့ကြပြီး ဖြစ်ပါသည်။

ကွယ်လွန်သွားခဲ့ကြပြီးဖြစ်သော မိဘနှစ်ပါး၏ ဂုဏ် ကျေးဇူးကို အထူးသိစွာဖြင့် ဤစာစုကို အပတ်တကုတ် စွမ်းအား ထုတ်၍ ကျားကုပ်ကျားခဲ စုဆောင်းရှာဖွေ ရေးသားပြုစုရသည့် အကျိုးအားကြောင့် မိမိပြုသမျှ ကောင်းမှုအစုစုတို့ကို ဖေဖေ မေမေတို့ ရောက်လေရာဘုံဘဝမှ အမျှရကြ၍ သာဓုခေါ် ဆိုနိုင် ကြပါစေ။

## မြင်းမိုရ်တောင်ရိပ် မေ့အိပ်ရာဝယ်

✻ ငယ်စဉ်တောင်ကျေး၊ ဟိုအဝေးဆီ
မျှော်တွေးမှန်းဆ၊ သတိရတိုင်း
အမိအဘ၊ ဒွိနှစ်ဝ၏
ယုယပိုက်ထွေး၊ မွေးမြူပေးပုံ
ကျေးဇူးဂုဏ်ကို၊ လက်စုံယှက်ကာ ရှိခိုးပါ၏ . . . ။

✻ မြင်းမိုရ်တောင်ဦး၊ မကကြူးသည့်
ကျေးဇူးကြီးလှ၊ မိနှင့်ဘ၏
အေးမြအရိပ်၊ မေ့အိပ်ခဲ့ရင်း
ကြီးပြင်းလာရ၊ သားဘဝတွင်
အစဉ်ငြိမ်းချမ်း၊ မေတ္တာလွှမ်းခဲ့ . . . ။

✻ ကျွေးမွေးသုတ်သင်၊ ပဲ့ပြင်ဆုံးမ
မိနှင့်ဘ၏၊ ကြီးစွမေတ္တာ
အကြင်နာကား၊ နှိုင်းဆမရ
အနန္တမို့၊ သားလှရိုကျိုး
လက်စုံမိုး၍၊ ရှိခိုးဦးခိုက်ရပါ၏ . . . ။

✻ မြင်းမိုရ်တောင်ရိပ်၊ မေ့အိပ်ရာဝယ်
တင့်တယ်လန်းဆန်း၊ ဘဝလမ်းသို့
တက်လှမ်းနိုင်ရေး၊ လမ်းညွှန်ပေးသည့်
ကျေးဇူးအရှင်၊ မွေးမိခင်နှင့်
ဖခင်တို့အား၊ ဦးထိပ်ထားသည်
သားလှရင်ထဲ၊ စဉ်အမြဲရှိ
များစွာဂုဏ်ကဲ၊ စိတ်ထဲငြိ . . . ။

**အောင်သူရိန်(ပုလဲ)**

# မိဘာရိပ်

* မိဘာရိပ်
မှေးအိပ်ခဲ့ငယ်စဉ်၊
သားသမီးအတူယှဉ်
ဖြူစင်စွာမေတ္တာမျှ
အေးမြကြည်လင်။

* မိဘာရိပ်
မှေးအိပ်ခါခိုဝင်၊
သားသမီးတပုံတပင်
မြေးမြစ်အစဉ်ဘယ်လောက်များသော်လည်း
စိတ်ထဲကြည်ရွှင်။

* မိဘာရိပ်
မှေးအိပ်ကြသမီးသား။
စား, ဝတ်, နေ
ပြည့်စုံပေစိတ်ရွှင်မြ
အေးမြပေသား။

* မိဘာရိပ်
မှေးအိပ်ခဲ့ကျေးဇူးတရား၊
ကြီးမားစွာ
သမီးသားမှာဖြစ်တည်ကြ
များလှပေသား။ ။

မြေလတ်ထင်ကျော်မိုး





# ဖေဖေ့အတ္ထုပ္ပတ္တိ

အဘ ဦးဘိုးမောင်၊ အမိ ဒေါ်နှင်းပုံတို့မှ ၁၂၆၆ ခုနှစ်၊ နတ်တော်လဆန်း (၇)ရက် (၁၃.၁၂.၁၉၀၄) အင်္ဂါနေ့တွင် ပဲခူးတိုင်း၊ ကဝမြို့နယ်၊ အုန်းနဲ့ရွာ (ခမဲပြင်)တွင် မွေးဖွားသည်။ ညီအစ်ကိုမောင်နှမ (၄)ယောက်တွင် ဒုတိယမြောက်သားဖြစ်သည်။ ငယ်စဉ်က ဇလောက် ဘုန်းတော်ကြီးကျောင်းတွင် မင်္ဂလသုတ်၊ ပရိတ်ကြီး (၁၁)သုတ်၊ အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း၊ နမက္ကာရ ရတနာရွှေချိုင့်၊ လောကနီတိ၊ သင်္ဂြိုဟ်၊ သဒ္ဒါကြီး၊ (၅၅၀)ဇာတ်တော်ကြီး၊ ဓမ္မပဒ ကျမ်းစာများ၊ ဂမ္ဘီရစာပေများ၊ ပရိယတ္တိ၊ ပဋိပတ္တိ စာပေများကို သင်ယူခဲ့သည်။

ဇလောက်ဆရာတော်ကြီး၏ လမ်းညွှန်မှုဖြင့် မန္တလေး၊ တံတားဦးရှိ ဦးဘိုးမင်း၏ ညီမဖြစ်သူ ပွဲကတော်ဒေါ်ဒေါ်ဆင့်ထံတွင် မှိုရိုပြီး အခြေခံပညာကို (၁၀)တန်းအထိ သင်ယူခဲ့သည်။ ဆောင်းအိုးရက်ကန်းကျောင်းတွင် အထည်အလိပ် ရက်ကန်းပညာကို အထက်တန်းအဆင့်ထိ သင်ယူခဲ့သည်။ နယ်လှည့်ရက်ကန်း နည်းပြဆရာအဖြစ် လုပ်ကိုင်ခဲ့သည်။

၁၉၃၅ ခုနှစ်တွင် အမတော်ကြေး ငွေချေးအရာရှိ ဖြစ်လာခဲ့သည်။ နယ်လှည့်ဝန်ထောက်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ တရုတ်နိုင်ငံသို့ သွားရောက်ပြီး ပိုးချည်ထုတ်လုပ်ရေးကို လေ့လာသင်ယူကာ ပြန်လည် သင်ကြားပို့ချခဲ့သူ ဖြစ်သည်။ ရက်ကန်း ကျောင်းအုပ်ဆရာကြီးအဖြစ် တာဝန်ထမ်းခဲ့ပြီး ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ ဆယ်သိန်းရပ်ကွက်၊ ဦးစံဖေလမ်း၊ ခြံအမှတ် (၈၉) တွင် ရက်ကန်းသင်တန်းကျောင်း တည်ထောင်ဖွင့်လှစ် သင်ကြားပို့ချခဲ့သည်။ ကော်ပိုရေးရှင်း (၅)တွင် အထည်အလိပ်စစ်ဆေးရေး အထူး အရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၃၆ ခု၊ သီတင်းကျွတ်လဆန်း (၈)ရက် (၂၃.၁၀.၁၉၇၄) မွန်းလွဲ (၅း၁၅)နာရီတွင် ကွယ်လွန်ခဲ့သည်။ ဇနီးဖြစ်သူ ဒေါ်ရီသည် ၁၉၈၅ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။

သမီး (မစိမ်းရီ)၊ သား ကိုအုန်းမြင့် (ဦးအုန်းမြင့် ဂမ္ဘီရဝေဒ ပညာရှင်)၊ ကိုမြင့်သိန်း (OUT DOOR- DVD-VCD-TV-ELEC-TRIC)၊ ကိုကျော်ညွန့် (ဗေဒင်နက္ခတ်ပညာရှင်)၊ သမီး မခင်စိုးရီ (သဇင် အထူးကုဆေးခန်းနှင့်နိုင်ငံခြားဆေးအမျိုးမျိုးရောင်းဝယ်ရေး)၊ သား ကိုခင်ဇော် (စာရေးသူ)၊ ကိုခင်မော် (သင်္ဘောသား) (RO)၊ ကိုစိုးဝင်း (ဆလရ)တို့ ထွန်းကားကျန်ရစ်ခဲ့ပါသည်။

❋ ❋ ❋ ❋ ❋ ❋

# ကျွန်တော့်ဖေဖေ

မိမိ၏ဖေဖေသည် အခြားသူများ၏ ဖေဖေတို့နှင့် တူသည်ဟုဆိုလျှင် မိမိသဘောကျကျေနပ်နိုင်မည် မဟုတ်ပါ။

ဖေဖေသည် ထူးခြားသူတစ်ဦး ဖြစ်ပါသည်။ စာပေကျမ်းဂန်အရာတွင်လည်း သူမတူအောင် ထူးချွန်တတ်မြောက်သကဲ့သို့ မှတ်ဉာဏ်အသိတရားတွင်လည်း စွမ်းအားကြီးသူ ဖြစ်သည်။

မိရိုးဖလာဗုဒ္ဓဘာသာမျိုးရိုးရိုးမဟုတ်ဘဲ ထေရဝါဒကို အလွန်ယုံကြည်ကိုင်းရှိုင်းသူ ဖြစ်သည်။ ပွင့်လင်းသည်။ စကားပြောရာတွင် တိကျပြတ်သားသည်။ ရှင်းရှင်းနှင့်ဘွင်းဘွင်း ပြောတတ်သူ ဖြစ်သည်။

ကိုယ်တိုင်ကရိုးသား ကြိုးစားသလို အခြားသူများကိုလည်း ရိုးသား၍ ကြိုးစားစေချင်သည်။ တတ်မြောက်စေလိုသည်။ ကိုယ်ချင်းလည်း စာတတ်သည်။

သားသမီးသည် မိဘထက်တော်ရမည်။ တပည့်သည် ဆရာ့ထက် လက်ဖျောင်းထက်ရမည်ဟု ဖေဖေက ပြောသည်။ သားသမီးများကိုလည်း ထူးချွန်ပေါက်မြောက် အောင်မြင်စေလိုသည်။

မိဘဟူသည် မာတာပိတုဟူသော မာဂဓ စကားမှ ပေါ်ပေါက်လာခြင်း ဖြစ်သည်။

အမိဟူသည် သားသမီးတို့၏ စိတ်နှလုံးကို ကြည်နူးရွှင်ပြုံးစေ၍ လူအပေါင်းတို့အား လူ့လောကသို့ ပို့ဆောင်ပေးတတ်သော အမျိုးသမီးကို **"အမိ"**ဟု ခေါ်၍ စကားအားဖြင့် **"အမေ"**ဟု ခေါ်ဆိုကြောင်း တွေ့ရပါသည်။

အဘဟူသည် သားသမီးများနှင့် ဇနီးမယားကို ရာသက်ပန်ကျွေးမွေးပြုစု စောင့်ရှောက်ရသော အမျိုးသားကို **"အဘ"**ဟုခေါ်၍ စကားအားဖြင့် **"အဘ"**ဟု ခေါ်ဝေါ်ကြောင်း သိရပါသည်။

ဖေဖေသည် ကံငါးပါးတွင် တစ်ပါးအပါအဝင်ဖြစ်သော အရက်ကို လုံးဝမသောက်ပါ။ လောင်းကစား လုံးဝမလုပ်ပါ။ မွေးဖွားသည်မှ ကွယ်လွန်သည်အထိ ဘဝတစ်လျှောက်လုံး စာရိတ္တမကျိုးပြုင် ကြံ့ခိုင်အောင်ထူထောင်၍ ရိုးရိုး သားသားဖြင့် လုပ်ကိုင်နေထိုင် စားသောက်သွားသည်။

ကျိုကျိုတက် မချမ်းသာခဲ့သော်လည်း ရိုးသားမှုဂုဏ်ကို ခိုင်ခိုင်မြဲမြဲ ဆုပ်ကိုင်၍ အောင်လံတံခွန် ထူနိုင်ခဲ့သည်။

စက်မှုလက်မှုနှုတ်မှုအတတ်မျိုးစုံ၊ လောကပရိယာယ်၏ လှည့်စားတတ်ပုံများကို လိမ္မာပါးနပ်စွာ သင်ယူတတ်ကျွမ်းခဲ့သည်။ သားသမီးများ လူတစ်လုံး သူတစ်လုံးဖြစ်အောင်

ရပ်တည်နိုင်ကြခြင်းသည် မီးရှူးတန်ဆောင် ဖေဖေ၏ လမ်းညွှန်ပြသဆိုဆုံးမမှုများကြောင့်သာ ဖြစ်ပါသည်။

ဖေဖေသည် မိမိတို့မိသားစု၏ ခေါင်းဆောင်ကောင်းတစ်ယောက် လမ်းပြကောင်းဖြစ်ခဲ့၍လည်း သားသမီးများသည် နောက်လိုက်ကောင်းများ ဖြစ်ခဲ့ကြပါသည်။

လောကအလယ်၌ အသိဓါတ်ကြွယ်လျှင် သားသမီးများဘဝခရီးလျှောက်လမ်းနိုင်ဖို့ အခက်အခဲများစွာ တွေ့ကြုံကြရမည်ကို ဖေဖေက သိသည်၊ ကြိုတင်တွက်ဆသည်။

မေမေသည် သားသမီး ကိုယ်ဝန်တည်သည်မှ မွေးဖွားချိန်၊ အရွယ်ရောက်သည့်ကာလအထိ ကြည်လင်အေးမြသော မေတ္တာနှလုံးဖြင့် ထာဝရပြုံးပျော်ရွှင်မြူးစွာ စောင့်ရှောက်ခဲ့သူဖြစ်ပါသည်။ ဖေဖေသည် သားသမီးတို့၏ဘဝသာယာရေး၊ ဘေးအန္တရာယ်အပေါင်းမှ ကင်းဝေးစေရေးတို့ကို သေတပန်သက်တစ်ဆုံး ပြုစုစောင့်ရှောက်ခဲ့သူ ဖြစ်ပါသည်။

လက်ဦးဆရာ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ မိနှင့်ဘပင်ဖြစ်သည်။ လောကီ လောကုတ္တရာ နှစ်ဖြာသောအကျိုးစီးပွားအတွက် လိမ္မာ ပါးနပ်ခြားရှိဖို့ အမြဲဆိုဆုံးမသည်။

ဖေဖေ သင်ယူတတ်မြောက်သမျှကို သားသမီးများနှင့်တပည့်များအား ဆရာစားမချန် စေတနာအမှန်နှင့် သင်ကြားပေးသည်။

စေတနာပါသည်။ တာဝန်ကျေသည်။

သားသမီးများကို ဆိုဆုံးမရာ၌ မမေ့မလျော့အောင် ပုံပြင်များ၊ ရာဇဝင်များ ကိုးကား၍ ပြောပြခဲ့သည်။ တစ်ခါတစ်ရံ ပြင်းပြင်းထန်ထန် ဆုံးမတတ်သည်။

ဆန်ရင်းနာနာဖွပ်သည့် သဘောပင် ဖြစ်သည်။

လှပခိုင်ခန့်သော အိုးကလေးများ ဖြစ်လာစေရန် ကြိမ်ဖန်များစွာ ပြင်းပြင်းထန်ထန် ရိုက်ခတ်ခြင်းပြုရသည်။ တစ်ဖက်မှ ပြင်းပြင်းထန်ထန်ရိုက်သော်လည်း အိုးများကွဲသွားစေ လိုသည့် ရည်ရွယ်ချက်မဟုတ်ပါ။ အောက်မှလက်တစ်ဖက်ဖြင့် ခံပြီး အိုးများကို လှသည်ထက်လှ, ခိုင်သည်ထက်ခိုင်ခံ့စေရန် အိုးကောင်းတစ်လုံးဖြစ်စေရန် ရိုက်ခတ်နေခြင်း ဖြစ်ပါသည်။

ထိုကဲ့သို့ပင် ဖေဖေသည်လည်း သားသမီးများကို ဆုံးမရာ၌ ကြမ်းတမ်းသည်ဟု ထင်ရသော်လည်း တကယ်တော့ ကရုဏာလက်ကိုခံပြီး စေတနာကြီးမားစွာ မေတ္တာလက်ဖြင့် ဆုံးမခြင်း ဖြစ်ပါသည်။ စေတနာပါပါဖြင့် ချော့ချည်တစ်ခါ၊ ခြောက်ချည်တစ်လှည့် ဆုံးမခဲ့ခြင်းသည် မိဘတို့၏မေတ္တာ ကြီးမားသောကြောင့် ဖြစ်သည်။

ဆိုရိုးစကားများ၊ ရှေးစကားပုံများ ကြွယ်ဝသည်။ အကြောင်းအကျိုး၊ အကောင်းအဲဆိုး သိနိုင်စွမ်းသည်။

မိဘနှစ်ပါးကသာ ငယ်စဉ်အခါက ကျွေးမွေး သုတ်သင်မှုမပြု၊ ပညာကိုလည်း သင်မပေးဘဲ၊ ဆိုဆုံးမမှု မပြုခဲ့ပါက မိမိနှင့်တကွ ညီအစ်ကိုမောင်နှမများအားလုံး လက်ရှိ အခြေအနေသို့ မည်သို့သောအကြောင်းနှင့်မျှ ရောက်ရှိ လာကြမည်မဟုတ်ပါ။

သေချာပါသည် -

ဖေဖေသည် ဂမ္ဘီရ အတတ်ပညာမျိုးစုံကို သိကျွမ်းသူ ဖြစ်၍ ယခု မိမိ (စာရေးသူ) ကိုးနဝင်းဂမ္ဘီရ ရသစုံမဂ္ဂဇင်း၏ အယ်ဒီတာချုပ်တစ်ဦး ဖြစ်နေရပါပြီ။

ဖေဖေ၏ ကျေးဇူးကြောင့်ပင် ဖြစ်ပါသည်။

ဖေဖေ့တွင် သားသမီးများ ရှိကြသော်လည်း တစ်ဦးနှင့် တစ်ဦး မတူညီကြပါ။ မိမိ၏ ခန္ဓာကိုယ်မှ ထွက်ပေါ်လာသော လက်တစ်ဖက်တည်းမှာပင် လက်ချောင်းကလေးများ အတိုအရှည် မတူညီကြဘိသကဲ့သို့ ဖေဖေ၏ သားသမီးများ အားလုံးသည်လည်း သဘာဝတရားအရ မည်သို့မျှ တပြေးညီ ဖြစ်မလာခဲ့ကြပါ။

ထိုသို့ဖြစ်ခြင်းမျိုးသည် မိမိတို့မိသားစု တစ်စုတည်း သာမက အခြားအခြားသော မိသားစုများမှာလည်း ရှိကောင်း ရှိနိုင်ပါသည်။ တစ်ဦးစီ၏ ကံ၊ ဉာဏ်၊ ဝီရိယ၊ လုံ့လ၊ ဦးနှောက် ဖွံ့ဖြိုးမှု၊ ခန္ဓာကိုယ်ကျန်းမာရေး သင်ယူသည့်ပညာရေး၊

ကြုံတွေ့သည့် အိမ်ထောင်ရေး၊ လူမှုရေး၊ စီးပွားရေးတို့သည် တစ်ဦးနှင့်တစ်ဦး မတူညီကြသည်မှာ သဘာဝတရားပင် ဖြစ်ပါသည်။

ထိုနည်းတူ လောကအမြင်ခြင်း တူညီကြမည်လည်း မဟုတ်ပါ။

ဖေဖေ၏ သားသမီးများသည် တူညီသော တွေးခေါ် ယူဆချက်ကိုသာ တပြေးညီ ခံယူကျင့်ကြံတတ်ကြရမည် ဟုလည်း လေ့နံမားထစ် သတ်မှတ်၍မဖြစ်နိုင်ပါ။

တစ်ဦးချင်း၏ အခြေအနေ အကြောင်းအရပ်ရပ် မတူညီကြခြင်းသည် ဖေဖေ၏ ဆိုဆုံးမမှု အားနည်းခြင်းကြောင့် တော့ မဟုတ်ပါ။ အကြောင်းအကျိုးဆိုသော အခြေအနေ အရပ်ရပ်ကြောင့်သာ ဖြစ်နိုင်သည်ဟု မိမိယူဆမိပါသည်။

သားသမီးများသည် ကံပါရမီအရ ဘဝလောကဇာတ်ခုံ အလယ်တွင် ကံဇာတ်ဆရာ၏ ကြိုးဆွဲသမျှ ကနေရသူများသာ မဟုတ်ပါလား။

ဖေဖေသည် သားသမီးအားလုံးကို ဆင်စီး၍ မြင်းရံ သည်ကိုသာ မြင်လိုသည်။ သို့ရာတွင် သားသမီးများထဲ၌ ဆင်စီး၍ မြင်းရံတာ ရှိသလို၊ ဆင်နင်း၍ မြင်းကန်ခံရသူလည်း ပါရှိကောင်း ပါရှိနိုင်ပါသည်။ အရာရာကို တရားသေဝါဒ၊ မားမဦးချ မှတ်ယူ၍ မရနိုင်ပါ။

ဖေဖေ၏ သားသမီးများ ဖြစ်ကြရိုးမှန်ပါလျှက် တစ်ဦးနှင့်တစ်ဦးသည် တပြေးညီဖြစ်မလာကြခြင်းသည် မိဘ၏ ဆိုဆုံးမမှုကို နာခံသူ၊ နာယူသူ၊ မှတ်သားတတ်သူ၊ အသုံးချတတ်သူတို့၏ အပေါ်တွင်သာ တည်နေပါသည်။

အပြစ်မဟုတ်ပါ။

လဲနေသူကို ထူပေးပါ။ အားနွဲ့သူကို အားပေးပါ။

ဆင်းရဲသူကို မ,စ ပါ။ ဆာလောင်သူကို ကျွေးမွေးပါ။

မှောင်နေလျှင် မီးထွန်းပါ။ နာကျင်နေလျှင် ပြုစုပါ။

သမိုင်းကြောင်း ကောင်းရန်အတွက် ဖေဖေ၏ သားသမီးများအားလုံးသည် စည်းလုံးညီညွတ်ကြသည်။ စေတနာအရင်းခံ၍ မေတ္တာဖြင့် တစ်ဦးကိုတစ်ဦး ဖေးမကူညီ တတ်ကြပုံကို မိဘနှစ်ပါး သက်ရှိထင်ရှား ရှိကြဦးမည်ဆိုလျှင် မြင်တွေ့စေချင်လှပါသည်။

မိဘနှစ်ပါးသည် သားသမီးများကို တမလွန်ဘဝမှ မျှော်လင့်ချက်ကြီးစွာဖြင့် ကြည့်နေကြပေလိမ့်မည်။

ဗုဒ္ဓဘာသာတရားတော်ကို ယုံကြည်လျှင် ဘုရား၏ အဆုံးအမများကို လိုက်နာကြရပါမည်။

မိဘကို ရိုသေမြတ်နိုးလျှင် ကျေးဇူးတရားကို သိသည် ဆိုလျှင် မိဘစကားကို မြေဝယ်မကျ နားထောင်ကြရပါမည်။

မိဘက သားသမီးတစ်ယောက် လူလားမြောက်ဖို့ ပြုစုစောင့်ရှောက်ခဲ့ရသော တာဝန်များသည် အင်မတန်မှ ကြီးမားလှပါသည်။ ဝမ်းကြာတိုက်တွင် သန္ဓေသားမြတ် ကပ်ရောက်သည်မှ အစပြု၍ လောကအလယ်တွင် လူဖြစ်လာဖို့ မိဘများ ထမ်းဆောင်ခဲ့ရသည့် တာဝန်တို့သည် အနှိုင်းမဲ့ မေတ္တာများသာ ဖြစ်ပါသည်။

မွေးဖွားလာသော သားသမီးများကိုလည်း ယောကျာ်း၊ မိန်းမ မရွေး အကျည်းတန်သူ၊ ရုပ်ချောသူ မခွဲခြားဘဲ မလျော့နည်းသော မေတ္တာများဖြင့် ချစ်မြတ်နိုးခဲ့ကြပါသည်။

ဖေဖေသည် မိသားစုအတွက် နေ့ညမနား ဆံဖြူ သွားကျိုး ခါးကိုင်းနားထိုင်းသည်အထိ ဇရာ၏ဒဏ်ကို အံတုရင်ဆိုင်ရင်း ရှာဖွေကျွေးမွေး စောင့်ရှောက်ပေးခဲ့ပါသည်။

အရွယ်မရောက်သေးသော သားသမီးများ ငိုကြွေးစဉ်ကလည်း ဖေဖေသည် ကောင်းနိုးရာရာ တေးများကို ရွတ်ဆို၍ ပုခုံးပေါ်၌ထမ်းကာ လမ်းလျှောက်ရင်း ချော့သိပ်ခဲ့ပါသည်။

ညဥ့်နက်သန်းခေါင် မိုးချုပ်သည့်တိုင်အောင် သားသမီးများကို ချော့သိပ်နေစဉ် ရာသီဥတု ဆိုးရွားမှု၊ ပိုးမွှားတို့၏ ကိုက်ခဲမှုဒဏ်ကို တင်းခံရင်း သားသမီးငယ်များအား ခြင်၊ ယင်၊ မှက် မကိုက်ရလေအောင် ကာကွယ်စောင့်ရှောက်ပေးခဲ့ပါသည်။ မိဘမေတ္တာသည် ကြီးမားလွန်းလှပါသည်။

သားသမီးများကို ဝမ်းကြာတိုက်တွင် သန္ဓေသားမြတ် ကပ်ရောက်စဉ်ကပင် ဖေဖေ၏မျှော်လင့်ချက် အလင်းတန်းများ သည် လင်းလက်ခဲ့ရသည်။

မွေးဖွားလာသော သားသမီးကို မြင်တွေ့ရချိန်၌ ဖေဖေသည် အေးမြသောအလင်းရောင်ကို ပေးစွမ်းသည့် ငွေသော်တာလမင်းကြီးထက် အဆပေါင်း ထောင်သောင်းမက အောင် အေးချမ်းမှုကို ပေးစွမ်းခဲ့ပါသည်။

ဖေဖေသည် ချစ်ဇနီးမယားနှင့် သမီးသားတို့အတွက် တောတောင်အထပ်ထပ်ကို ဖြတ်ကျော်ရဲခဲ့ပါသည်။

ဆူးငြောင့်ခလုတ်ထူပြောသည့် ခရောင်းတောကိုလည်း ဖြတ်သန်းရဲခဲ့ပါသည်။ မြင့်မားမတ်စောက်သည့် တောင် အထပ်ထပ်ကိုလည်း ကျော်ဖြတ်ရဲခဲ့ပါသည်။

နက်စောက်သည့် ပင်လယ်သမုဒ္ဒရာထဲကိုလည်း ဆင်းခဲ့ပါသည်။ မိသားစုအရေး အသက်ပေး၍ စတေးဝံ့သော အနန္တအဲရှင် သူရဲကောင်းကြီး ဖြစ်ပါသည်။

ဖေဖေ ဝမ်းမဝပေမယ့် သားသမီးများ စားနေရလျှင် ကျေနပ်သည်။ ဖေဖေ ခါးမလှပေမယ့် သားသမီးများကို ဆင်မြန်းရလျှင် ဝမ်းသာသည်။ မိသားစု၏ ရှေ့ဆောင်လမ်းပြ အနန္တကြယ်တံခွန်ကြီးပင် ဖြစ်တော့သည်။

ဖေဖေသည် သားသမီးများနှင့် ပတ်သက်လာလျှင် ဘယ်သောအခါမျှ ငြီးငြူသည်ဟူ၍ မရှိခဲ့ပါ။ သားသမီးများက ဖေဖေ မေမေဟု ခေါ်လိုက်သောအခါ မိဘများ၏ နားဝမှာ ပျားသကာကဲ့သို့ ချိုရပါသည်။ ပဥ္စသီခနတ်သား၏ စောင်းသံ အလား နားသောတ အေးချမ်းခဲ့ရပါသည်။

မိဘများသည် သားသမီးအတွက်ဆိုလျှင် အသက်ကို ပင် ပေးဆပ်ရန် နောက်မတွန့်သူများ ဖြစ်ကြပါသည်။

ဖေဖေ၏ဘဝသည် သားသမီးများပင် ဖြစ်သည်။

သားသမီးများ၏ဘဝသည် ဖေဖေနှင့် တစ်ထပ်တည်း ပင် ဖြစ်သည်။ မိမိတို့မိသားစုသည် ခြံအမှတ် (၈၉)၊ ဦးစံဖေလမ်း၊ ဆယ်သိန်းရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်ဟု ခေါ်တွင်သော (၁. ၃)ဧကကျယ်ဝန်းသည့် ခြံကြီးအတွင်း ပျော်ရွှင်စွာ နေထိုင်ခဲ့ကြပါသည်။ ဖေဖေသည် စည်းကမ်းအလွန်ကြီးသူ ဖြစ်ပြီး စနစ်တကျ နေထိုင်တတ်သူလည်း ဖြစ်သည်။

သားသမီးများကို တိုးတက်ကြီးပွားစေလိုသည်။ ပညာတတ်ကြီးများ ဖြစ်စေချင်သည်၊ ဖေဖေ အသက်ကြီးလျှင် သားသမီးများကို အားကိုးရလိမ့်မည်ဟု မျှော်လင့်ထားခဲ့ သော်လည်း သားသမီးများ အရွယ်မရောက်မီ ဖေဖေ၊ မေမေတို့ ကွယ်လွန်သွားကြသဖြင့် သားသမီးတို့၏အကျိုးကို ကောင်းစွာ မခံစားသွားကြရပါ။

သို့ရာတွင် ဖေဖေ၏ ဆိုဆုံးမမှု၊ လမ်းညွှန်မှုများကြောင့် ယနေ့အချိန်အခါတွင် မိမိသည် လူ့ဘဝမည်သော ဘဝတစ်ခုသို့ ရောက်ရှိနေပါပြီ။ မိဘ၏သွန်သင်ဆုံးမမှု၊ ပံ့ပိုးကူညီမှု၊ လမ်းညွှန်ပြသမှု၊ လူဖြစ်အောင် ကျွေးမွေးမှုတို့ကြောင့် ယနေ့ မိမိသည် ထိုက်တန်သော နေရာတစ်နေရာသို့ ရောက်ရှိခဲ့ရသည်။ ထို့နည်းတူစွာ မိမိ၏ညီအစ်ကို မောင်နှမများသည်လည်း သူ့နေရာနှင့်သူ လောကအလှတင့်တယ်ခဲ့ကြပါသည်။

ဖေဖေ၏ စကားသံများကို ယနေ့တိုင် ကြားယောင်နေဆဲ ဖြစ်ပါသည်။ ဖေဖေ၏ အပြုအမူ၊ အပြောအဆို၊ နေထိုင်ပုံများသည် ယနေ့တိုင် အရိပ်ပမာ ထင်ဟပ်နေဆဲ ဖြစ်ပါသည်။ ဖေဖေ့ပြောစကားများကို မှတ်မိနေဆဲ ဖြစ်ပါသည်။

မိဘတို့၏ ရင်ခွင်အေးရိပ်တွင် မှေးအိပ်ခဲ့ရာဝယ် ရရှိလိုက်သော လောကလူ့ဘဝအတွက် အရှိတရား၊ အသိတရား တို့သည်ကား မကုန်နိုင်အောင် များပြားလှပါသည်။

ဤစာစုတွင် ဖော်ပြခြင်းငှာ ကုန်အံ့မထင်ပါ။

မိမိမှတ်မိသမျှ လူသားတို့အတွက် အကျိုးပြုပြီး အများနှင့် ကိုက်ညီသမျှကိုသာ ရွေးနုတ်၍ သီကုံးကာ မိမိ ဉာဏ်မီသမျှ ရေးဖွဲ့လျှက် ဖေဖေ မေမေ တို့၏ကျေးဇူးဂုဏ်ကို ပူဇော်လိုက်ပါသည်။

# မိန်းမဆိုတာ



**၄၈** ဖေခုံးမလေ့ရှိသည်မှာ "ငါ့သားတို့ အိမ်ထောင်ရက်သားကျရင် မိန်းမကို ဘယ်တော့မှထုတ်ပြီး မချီးမွမ်းနဲ့။ မိန်းမဆိုတာ သေမှချီးမွမ်းရတယ်"ဟု ပြောခဲ့သည်ကို ပြန်လည်စဉ်းစားကြည့်သောအခါ အလွန်ပင် မှန်ပါသည်။

တစ်ချို့က မိန်းမဆိုလျှင် ယုတ်ညံ့တယ်လို့ ပြောကြတယ်။ တကယ်တော့ ယုတ်ခြင်း၊ ညံ့ခြင်းဟာ မိန်းမသားများသာမဟုတ်၊ ယောကျ်ားများမှာလည်း ရှိတယ်။ အမှန်တော့ အဲဒီလိုပြောသူဟာ မိန်းမအကြောင်း ကောင်းကောင်း မသိဘဲ ဝါးလုံးရှည်နဲ့ သိမ်းရမ်းတဲ့သူ ဖြစ်တယ်။

အမရာ၊ ကိန္နရီ၊ မဒ္ဒီ၊ သမ္ဘူလလို တော်လေးဝဝင်တဲ့ မိန်းမကောင်း၊ မိန်းမမြတ်တွေ အထင်တရ ရှိခဲ့သလို စူဠသုဘဒ္ဒါလို အငြိုးကြီးသူတွေ၊ စိဉ္စမာနလို ,ယုတ်မာကောက်ကျစ်သူတွေလည်း မိန်းမသားလောကမှာ ရှိတတ်တယ်ကွဲ့။ "မီး"နဲ့တူတဲ့ မိန်းမရှိသလို၊ "အဖိုးတန်ရတနာ"နဲ့ တူတဲ့ မိန်းမဆိုတာလည်း ရှိတယ်ကွ။

မိန်းမဆိုတာ ကြိုးကိုင်တဲ့ယောကျ်ားအပေါ်မှာ မူတည်တယ်။ ကောင်းသထက်ကောင်း မြတ်သထက် မြတ်လာအောင် ထိန်းသိမ်းတတ်ရမယ်။

မိန်းမဆိုတာ နာရင်လည်း သိပ်နာတတ်တယ်၊ မာရင်လည်း သိပ်မာတတ်တယ်။ သူတို့ကို အရေးပေးတာ ဂရုစိုက်တာ၊ ချစ်နေတာကို ခံချင်ကြတယ်။ ယောကျ်ားက ရိုက်ရင်တောင်မှ သူတို့ရဲ့ ချစ်စိတ်ကြောင့် နာရကောင်း မှန်း မသိကြဘူး။

မိန်းမသားဆိုတာ ဆိတ်ကွယ်ရာမှာ ဖောက်ပြန် တတ်တယ်။ ကြောင်ခံတွင်းပျက်နှင့် ဆက်ရက်တောင်ပံကျိုးတို့ တွေ့ကြသလိုပါပဲ။ ရေငတ်တုန်း ချောင်းထဲလိမ့်ကျ ဆိုတာ လို ဖြစ်သွားတတ်တယ်။

ဒါကိုသိထားရင် ဂရုပြုရမယ်။ အလေးထားရမယ်၊ ပေါ့ပေါ့ဆဆမနေရဘူး။ တစ်ခြားယောကျ်ားတွေနဲ့ ဖောက်ပြားသွားတတ်တယ်။

ယောကျ်ားနဲ့မိန်းမတို့ ပေါင်းသင်းမှု အဆင်ပြေရင် ဝမ်းသာပျော်ရွှင်အောင်မြင်မှုတွေ ရနိုင်သလို ပေါင်းသင်းမှု အဆင်မပြေရင်လည်း ဝမ်းနည်းမှု၊ ကြေကွဲမှုတွေ ဖြစ်လာ နိုင်တယ်။

မိန်းမဆိုတာ တိမ်လို၊ မြူလို သဘောရှိတယ်။ နဒီ မြစ်လိုပဲ ကွေ့ကောက်တယ်လို့ မှတ်ယူရင် အကောင်းမြင် ဝါဒ မဟုတ်ဘဲ အဆိုးမြင်ဝါဒဘက် ရောက်သွားလိမ့်မယ်၊

လောကမှာ မိန်းမတွေ ကောင်းမှု၊ ဆိုးမှု၊ တိုးတက်မှု၊ ဆုတ်ယုတ်မှုဆိုတာ ယောကျ်ားတွေရဲ့ အပေါ်မှာလည်း အများကြီးမူတည်တယ်။

မိန်းမဘာဝဆိုတာ သနားစရာလည်း ကောင်းတယ်။ ကြက်မတွန်လို့ မိုးမလင်းဆိုတဲ့ စကားဟာ မိန်းမတွေကို နှိမ်ထားတဲ့ စကားပဲ။ တကယ်တော့ မိန်းမတွေဘာဝ တိုးတက်ရေးအတွက် ယောကျ်ားတွေက ပံ့ပိုးပေးရမယ်။

မန်လည်ဆရာတော်ဘုရားက ဒီလိုရေးထားတယ်။

"မိန်းမဟူသည် . . .

တိုရှည်မသိ၊ အလိုရှိတိုင်း၊

ထင်မိထင်ရာ၊ ပြုတတ်စွာ၏"လို့ ဆိုတယ်။

နောက်တစ်ခုမှတ်ထားရမှာက -

"မိန်းမဟူသည်၊ ဤမျိုးမည်ကား၊

လူရည်တင့်ထွား၊ ဖိုယောကျ်ားထက်၊

အစားနှစ်ပြန်၊ ဉာဏ်မှာလေးဆ၊

လုံ့လခြောက်ပုံ၊ ကာမဂုဏ်ယစ်၊

လွန်၍ဖြစ်သည်"လို့ စာဏကျပျို့မှာ ဖော်ပြထားတယ်။

"ငါ့သား မိန်းမဆိုတာ ဆောင်းလေလိုပဲ။ လှေနဲ့ မြင်းပမာ ကြိုးဆွဲရာ သွားတတ်တယ်။ နှာခေါင်းပါလို့ပော့၊

နှာခေါင်းသာမပါရင် ဟိုဟာတောင် စားမှာသေချာတယ်”

မိန်းမဆိုးဆိုရင် သတိထား။ အဆိပ်ပင်ရေလောင်း၊ မြွေပွေးခါးပိုက်ပိုက်တာမျိုး မဖြစ်စေနဲ့။

အူတိုတဲ့မိန်းမတွေလည်း ရှိတယ်။ မိန်းမတွေထဲမှာ အူတိုတတ်တဲ့သူတွေ သိပ်များတယ်။ မိန်းမဆိုးတွေမှန်သမျှ အူတိုကြတယ်။

စိတ်သဘောထား သေးသိမ်ကြတယ်။

အူတိုမှုတွေ များလွန်းလို့ မိန်းမဆိုးတွေ ဖြစ်လာကြတာပေါ့။ သားလည်း မိန်းမတွေရဲ့ မာယာတောထဲမှာ တောခြောက်၊ တောမှောက်ခံရသလို မျက်စိလည် လမ်းမမှားဖို့ သတိပြုရမယ်။

သတိတမံ၊ ဉာဏ်မြေကတုတ်

ပညာစွန်း၊ ချွန်းနဲ့အုပ် . . . ပေါ့ကွာ။

တစ်ပင်လဲလို့၊ တစ်ပင်ထူတာ သဘာဝတရားကွ။ အိမ်ထောင်လက်ရှိကနေ မယားကြီး၊ မယားငယ် ယူကြတာ အိမ်ထောင်ရေးစည်းကမ်း ဖောက်ဖျက်တာကိုတော့ ရှုံ့မုန်းတယ်သားရယ် . . .။

မိန်းမနှင့်ပတ်သက်၍ ဖေဖေဆုံးမသမျှသည် လက်တွေ့ဘဝနှင့် ကိုက်ညီလွန်းလှပါသည်။

# စကားခြောက်ခွန်း



စကားအရာနှင့်ပတ်သက်လာလျှင် "**စကားခြောက်ခွန်း** လူ၌ထွန်း လေးခွန်းကိုပယ် နှစ်ခွန်းတည်၊ ဆိုတာ မှတ်ထား သားရေ၊ ဟုတ်လည်းဟုတ်၊ မှန်လည်းမှန်၊ သူလည်းနာလို၊ ကိုယ်လည်းအကျိုးရှိတဲ့စကားကို ပြောရမယ်" ဤသို့ အစချီပြီး ပုံပြင်ကလေးတစ်ပုဒ် ပြောပြခဲ့ဖူးပါသည်။ ပုံပြင်လေးမှာ -

"တစ်ခါက သူကြီးသားအဖနှစ်ယောက် တောလိုက်သွားကြတယ်။ တောထဲကနေ လမ်းလျှောက်လာရင်း

မြစ်ဘေးကို ရောက်သွားကြတယ်။ အဲဒီအချိန် မြစ်ထဲမှာ ကျောက်ဖျာကြီးတစ်ချပ် ပေါလောပေါ်ပြီး မျောလာတာကို တွေ့ကြရတယ်။ သားလုပ်သူက အဖေ ဟိုမှာ ကျောက်ဖျာကြီး မျောလာပါလား။ အဲဒီအခါ ဖခင်က သားရေ ကျောက်ဖျာကြီး မျောလာတာ၊ သားလည်း တွေ့သလို အဖေလည်း တွေ့ပါတယ်။ ဒါပေမယ့် ရွာကို ပြန်ရောက်ရင် ဒီအကြောင်းနဲ့ပတ်သက်ပြီး ဘယ်သူ့ကိုမှ ပြန်မပြောပါနဲ့ကွာ၊ မေ့လိုက်ပါတော့လို့ မှာကြားတယ်။ ဒီလိုနဲ့ ရွာကိုပြန်ရောက်တဲ့အခါ သားဖြစ်သူက ကျောက်ဖျာကြီးမျောလာတဲ့အကြောင်းနဲ့ ပတ်သက်ပြီး မပြောရမနေနိုင်ဖြစ်လာလို့ ရွာထဲရှိ သူငယ်ချင်း အပေါင်းအသင်းတွေကို ခေါ်ပြီး သူတို့သားအဖ တောလိုက်သွားတုန်းက မြစ်ထဲမှာ ကျောက်ဖျာကြီး ပေါလောမျောလာတာ တွေ့ခဲ့ကြောင်း မယုံရင် အလောင်းအစားလုပ်မယ်လို့ ပြောတော့တယ်"

"သူငယ်ချင်းများကလည်း အသပြာများကို အလောင်းအစားပြုပြီး ဖခင်ရွာသူကြီးထံ သွားရောက်မေးကြတာပေါ့"

"ဖခင်ကြီးက နားထောင်ပြီး ငါ့သားရယ် မဟုတ်က ဟုတ်က ပြောတော့မယ်။ ငါမမြင်ပါဘူးကွာလို့ ပြန်ပြော

လိုက်တယ်။ သူငယ်ချင်းများက လောင်းကြေးငွေတွေကို သိမ်းပိုက်ပြီး ပြန်သွားကြတာပေါ့”

အဲဒီအခါ သားဖြစ်သူက အဖေရယ်၊ အဖေလည်း ကိုယ်တိုင်မြင်ရဲ့သားနဲ့ ဘာဖြစ်လို့ မမြင်ဘူးလို့ ပြောလိုက်တာလဲ။ တကယ်ဆို အဖေဟာ အမှန်ကိုအမှန်အတိုင်း ပြောသင့်တာပေါ့လို့ ပြန်ပြောလိုက်ပါတယ်။

ဖခင်ဖြစ်သူက သားရယ် ဟုတ်လည်းဟုတ်၊ မှန်လည်းမှန်ပေမယ့် အကြောင်းအကျိုး မခိုင်လုံတဲ့စကားကို တခြားသူတွေကို ပြန်မပြောပါနဲ့လို့ အတန်တန်မှာထားရက်နဲ့ ဘာဖြစ်လို့ သွားပြောရတာလဲ။

ရေပေါ်မှာ ကျောက်ဖျာကြီး ပေါလောမျောလာတာ အဖေတွေ့တာ မှန်ပေမယ့် ဒီစကားကို လူပုံအလယ်မှာ သွားပြောရင် အကြောင်းအကျိုး မခိုင်လုံတဲ့အပြင် သဘာဝယုတ္တိနဲ့လည်း ဆန့်ကျင်နေတယ်။ ဒါကြောင့် အဖေမမြင်ပါဘူးလို့ ပြောလိုက်တာပါ။

ကဲ နောက်တစ်ခေါက် ငါ့သား အသပြာများများ ထည့်ပြီး အလောင်းအစားတစ်ခု ထပ်လုပ်ပါ။ အဖေမှာလိုက်မယ်။ အဖေ တောလိုက်သွားတော့ သမင်တစ်ကောင်ကို တောထဲမှာတွေ့တယ်။ ပါလာတဲ့ မြားတစ်ချောင်းနဲ့ ပစ်လိုက်တာ သမင်ရဲ့ ခြေထောက်ရယ်၊

နားရွက်ရယ်၊ မျက်လုံးရယ် တစ်ချက်တည်းနဲ့ မှန်သွားတယ်။ မယုံရင် အဖေ့ကိုမေးကြည့်လို့ ပြောပါ။

သားဖြစ်သူက စဉ်းစားကြည့်မိတယ်။ မြားတစ်ချောင်းတည်းနဲ့ နေရာသုံးနေရာကို ထိအောင်ပစ်တယ်ဆိုတာ တကယ်တော့ မဖြစ်နိုင်ဘူး။ ဒါကို သွားပြီး အလောင်းအစားလုပ်ရင် ငါ့ကို ဝိုင်းပြီးရယ်ကြလိမ့်မယ်လို့ တွေးလိုက်မိတယ်။

ဒါပေမယ့်လည်း အဖေကိုယ်တိုင်က သူပစ်လိုက်တာပါလို့ ပြောပေးမယ်ဆိုတော့ ငါနိုင်မှာသေချာတယ်။ ဒီတော့ အလောင်းအစားထပ်လုပ်မယ် ဆိုပြီးထွက်သွားပါတယ်။ အဲဒီအကြောင်း သူငယ်ချင်းများကို ပြောပြပြီး အလောင်းအစား လုပ်ပါတယ်။ သူငယ်ချင်းတွေက သူကြီးဟာ သမာသမတ်ရှိသူဖြစ်လို့ မဟုတ်မမှန်စကားကို ထောက်ခံပြောဆိုမှာ မဟုတ်ဘူးလို့ ယုံကြည်ကြပြီး အလောင်းအစား လုပ်ပါတယ်။

သူကြီးဆီကို ရောက်လာကြတဲ့အခါမြားတစ်ချောင်းတည်းနဲ့ နေရာသုံးနေရာကို သူကြီးကိုယ်တိုင် ပစ်ခဲ့တယ်ဆိုတာ အမှန်ပဲလားလို့ ဝိုင်းဝန်းမေးကြတယ်။

သူကြီးက ဦးခေါင်းကို တညိတ်ညိတ်ပြုရင်း အဲဒါ အမှန်ပါပဲကွာဆိုပြီး ဖြေလိုက်ပါတယ်။

လူငယ်တစ်စုဟာ သူကြီးရဲ့စကားကို မကျေမနပ် ဖြစ်ကာ ကဲ သူကြီး မြားတစ်ချောင်းတည်းနဲ့ နေရာသုံး နေရာကို တစ်ပြိုင်တည်းထိအောင် ဘယ်လိုပစ်လိုက်တာ လဲလို့ ဝိုင်းဝန်းမေးကြတယ်။

သူကြီးက တည်တည်ငြိမ်ငြိမ်နဲ့ ပြောလိုက်တယ်၊ တောထဲမှာ သမင်တစ်ကောင်ကိုတွေ့တော့ ငါက မြားကို ချိန်ရွယ်ပြီး ပစ်ဖို့လုပ်နေတုန်း သမင်ဟာ နားရွက်ယားလို့ ခြေထောက်နဲ့ ကုတ်နေတဲ့အချိန်မှာ မြားနဲ့ပစ်လိုက်တာ ခြေထောက်ရယ်၊ နားရွက်ရယ်၊ ထိုးဖောက်ပြီး မျက်လုံးက မြားပြန်ထွက်လာတယ်လို့ ရှင်းလင်းဖြေကြားလိုက်ရာ အားလုံးက မငြင်းသာဘဲ အရှုံးပေးပြီး ပြန်သွားကြပါတယ်။

အဲဒီအခါမှာ သားဖြစ်သူက ဖခင်ဖြစ်သူကို တကယ်မြင်တဲ့အရာကိုတော့ မမြင်ဘူးပြောပြီး တကယ် မဟုတ်တာကို အဟုတ်လုပ်ပြီးပြောတော့ သားအနိုင် ရခဲ့တယ်။ ရှင်းပြပါဦး အဖေရယ်လို့ ပြောလိုက်တယ်။

ဖခင်ဖြစ်သူက သားရယ် ဘယ်အရာမဆို ဟုတ် လည်းဟုတ်၊ မှန်လည်းမှန်၊ သူလည်းနာလို၊ ကိုယ်လည်း အကျိုးရှိ၊ သဘာဝယုတ္တိနဲ့ အကြောင်းအကျိုး ခိုင်လုံတဲ့ စကားကိုသာ ပြောကြရမယ်။ တကယ်ဟုတ်ပေမယ့် ယုတ္တိလည်းမရှိ၊ အကြောင်း အကျိုး မခိုင်လုံတဲ့စကားကို

ဘယ်တော့မှ မပြောရဘူးလို့ ဆုံးမပါတယ်။

ဘုရားရှင်က မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ သူတစ်ပါး နှစ်သက်သည်ဖြစ်စေ၊ မနှစ်သက်သည်ဖြစ်စေ၊ အကျိုးမရှိသော စကားမျိုးကို မပြောမဆိုဘဲ မှန်ကန်၍ အကျိုးရှိသောစကားမျိုးကိုသာ ပြောဆိုတော်မူခဲ့ကြောင်း ပြောပါသည်။

- မမှန်စကား၊ ကျိုးမများ၊ နှစ်ပါးနာလို၊ မနာလို၊
- မှန်ကန်သော်ငြား၊ ကျိုးမများ၊ နှစ်ပါးနာလို၊ မနာလို၊
- ဟုတ်မှန်စကား၊ အကျိုးများ၊ နှစ်ပါးနာလို၊ မနာလို၊
- ရှေ့လေးခွန်းပယ်၊ နောက်နှစ်သွယ်၊ မှတ်ဖွယ် များလူဗိုလ်"ဟု ရွတ်ပြပါသည်။

မှန်လည်းမှန်၊ အကျိုးလည်းရှိဟု ဆိုသော်လည်း အခွင့်အခါ ကြည့်ရှုပြီး ပြောသင့်မှပြောရကြောင်း ဖေဖေက ဆုံးမခဲ့ပါသည်။ စကားစကား ပြောပါများ စကားထဲက ဇာတိပြ ဖြစ်တတ်ကြောင်း စကားသည် စလိုက်ရင် ကားသွား တတ်သဖြင့် စကားနည်းရန်စဲနေခြင်းက ပို၍ကောင်းကြောင်းကို လည်း ပြောပြပါသည်။

"ကြမ်းကျွံလျှင် နှုတ်၍ရသည်၊ စကားလွန်လျှင် နှုတ်၍မရ"ကြောင်းကိုလည်း ပြောပြပါသည်။

အကျိုးမဲ့စကားများ၊ သူတစ်ပါးအကြောင်းပါတဲ့ အတင်းအဖျင်းများကို ဖေဖေလက်မခံပါ။

တစ်ခါက ရွာတစ်ရွာမှာ မထွေးဆိုတဲ့အမျိုးသမီး မီးဖွားတော့ မွေးလာတဲ့ ကလေးလေးရဲ့ နားရွက်က အတော်ကြီးပြီး ကားထွက်နေတယ်တဲ့။ မထွေးသား နားကားလေး မွေးတယ်တော့လို့ လက်သည်ဒေါ်ပုတိုက လေးငါးအိမ်ရှိ မိန်းမတွေကို ပြောပြမိတယ်။

အဲဒီနောက် တစ်ဆင့်စကား တစ်ဆင့်နား ပြောလိုက်ကြတာ၊ ကြာတော့ မထွေးသား နားကားလေးမွေးတယ် ဆိုတာကနေ မထွေးကလေးမွေးတာ နဂါးလေးမွေးတယ်အထိ ဖြစ်သွားတယ်။ သတင်းစကားသည် အတင်းများမဟုတ်ကြောင်း ကိုလည်း ရှင်းပြပါသည်။

ဖေဖေ၏ဆုံးမစကားကို ကြားရသော မိမိသည် ရင်ဝယ် သောကများငြိမ်းအေးကာ လောကအလယ် လူရယ်လို့ ဖြစ်လာပြီး မှတ်ဖွယ်မှတ်ရာ အဖြာဖြာကို သိခွင့်ရခဲ့သဖြင့် ဖေဖေ့ကို လက်စုံမိုး၍ ဤနေရာမှ ရှိခိုးကန်တော့အပ်ပါသည်။

# ဗေဒင်တွက်ချက်



၄၉ ဖေသည် သင်္ဂြိုဟ်ကျမ်း၊ သဒ္ဒါ၊ ပရိယတ္တိ၊ ပဋိပတ္တိ စာပေများ တတ်ကျွမ်းသူဖြစ်သည်။

သားသမီးများ မွေးလာလျှင် အမည်ပေးရာ၌ အကျိုးပေးမည့်အမည်ကို ကိုယ်တိုင် ဗေဒင်ကိန်းခန်း တွက်ချက်ပေးတတ်သည့်အပြင် ဇာတာကို တွက်ချက်၍ ရှေ့နောက်ဖြစ်စဉ်များကို ဟောပြောတတ်သူ ဖြစ်လေရာ မိမိသည်လည်း

အထိုက်အလျှောက် ဝါသနာပါသူဖြစ်၍ ဖေဖေ၏ပြောစကားများကို သဘောကျနှစ်ခြိုက်ခဲ့ပါသည်။

"ငါ့သားကြီးက သီတင်းကျွတ်လပြည့်နေ့မှာ မွေးတယ်။ တနင်္လာသား၊ ရာဇဖွားဆိုတော့ မင်းစိုးရာဇာအကြီးအကဲ ဖြစ်မယ်။ အခြွေအရံပေါမယ်။ မိဘကျေးဇူးကို သိတတ်ရင် ဘုန်းကြီးလို့ သက်ရှည်မယ်။ ပညာရေးနဲ့ ပတ်သက်ပြီး ထူးချွန်ပေါက် မြောက်သူ ဖြစ်လိမ့်မယ်"ဟု ဖေဖေ၏ပြောစကားများကို ပြန်လည်၍ ကြားယောင်လာမိသည်။

မေမေသည် မိမိအား ကိုယ်ဝန်ဆောင်ထားရာမှ ထူးဆန်းသောအိပ်မက်များ မြင်မက်ခဲ့သည်ဟု မေမေက ပြောပြသည်။

၁၃၁၃ ခု၊ သီတင်းကျွတ်လဆန်း (၇)ရက်နေ့ ညတွင် မေမေသည် မိမိကို မွေးဖွားရန် ဝမ်းဗိုက်အမြှင်းအထန် နာခဲ့သည်။

ထိုစဉ်က ကယားပြည်နယ်၊ လွိုင်ကော်မြို့တွင် ဆေးရုံ၊ ဆေးခန်းများ မရှိကြသေး၍ နေအိမ်မှာပင် လက်သည်ခေါ်ကာ မွေးဖွားရန် မီးနေခန်း အဆင်သင့်ပြင်ဆင်၊ လိုအပ်သော ပစ္စည်းများ စုဆောင်း၍ ဆောင်ရွက်ပြီးသော အချိန်တွင် ထူးဆန်းအံ့သြဖွယ်ရာ အဖြစ်မျိုးကြုံရသည်။

သေလုမြောပါး နာကျင်နေသော မေမေ၏ ဝမ်းဗိုက်မှာ မကြာခင်အတွင်း သက်သာပျောက်ကင်းသွားတော့သည်။ ပြင်ဆင်ထားသည့်မီးနေခန်းကိုလည်း လိုရမယ်ရ မဖျက်သိမ်းဘဲ သည်အတိုင်းထားလိုက်သည်။ လက်သည်အဒေါ်ကြီးကလည်း အုံ့ဩကြီးစွာဖြင့် မိုးချုပ်သည်အထိ စောင့်ဆိုင်းနေပေးခဲ့သော်လည်း မေမေ၏ဝမ်းဗိုက်မှာ ဘာမျှမထူးခြား၍ ပြန်သွားရတော့သည်။

မေမေသည် ဝမ်းဗိုက်နာခြင်း လုံးဝပျောက်ကင်းသွားပြီး ရက်သတ္တပတ်ခန့်အကြာ အဖိတ်နေ့ညတစ်ညတွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေစဉ် ထူးခြားဆန်းပြားသော အိပ်မက်တစ်ခု မက်လာသည်။

ဆင်ဖြူတော်ကြီးသည် မိုးပေါ်မှပျံဆင်းလာသည်ဟု ပြောပြသည်။ ထီးဖြူတစ်လက်မှာလည်း ဆင်ဖြူတော်ကြီးနှင့်အတူ ပျံဝဲကျဆင်းလာသည်ကို ထူးဆန်းစွာ မြင်မက်ခဲ့သည်။

နံနက်မိုးလင်းသောအခါ မေမေက ထူးဆန်းသော အိပ်မက်အကြောင်း ဖေဖေ့ကို ပြောပြလေရာ ဖေဖေသည် ခေါင်းတညိတ်ညိတ်ဖြင့် ကျေနပ်စွာ ပြုံးနေသည်

ထိုနေ့သည်ကား ၁၃၁၃ ခု၊ သီတင်းကျွတ်လပြည့်တနင်္လာနေ့ ဖြစ်ပါသည်။ ထိုနေ့ည (၆)နာရီခန့်တွင် မေမေသည် မိမိကို မွေးဖွားရန် ဝမ်းဗိုက်နာလာသည်။

လက်သည်အဒေါ်ကြီးအား ဆိုက်ကားဖြင့် ပြေးခေါ်လိုက်ကြသည်။ လက်သည်ရောက်လာပြီး ည (၈)နာရီတိတိအချိန်၌ မိမိအား အမိဝမ်းတွင်းမှ မွေးဖွားသန့်စင် ပေးလိုက်ပါတော့သည်။

ထိုအချိန်သည်ကား ကောင်းကင်ပြင်၌ လပြည့်ဝန်းကြီးသည် ပြည့်ပြည့်ဖြိုးဖြိုး ရွှန်းရွှန်းဝေ၍ ဝိုင်းစက်စွာ ထွက်ပေါ်နေချိန် ဖြစ်ပါသည်။

မိမိသည် **"အချင်းကိုစလွယ်သိုင်း"**ဖြင့် မွေးဖွားလာလေရာ ဖေဖေက ကျေနပ်ပီတိဖြစ်သော အကြည့်ဖြင့် ကြည့်နေပါသည်။

ဤသို့ ထူးချွန်ထက်မြက် အောင်မြင်မှုရခဲ့ခြင်းသည် မိဘစကား မြေဝယ်မကျ နားထောင်သည့်အပြင် မိဘ၏ကျေးဇူးကို အလေးထားခဲ့သူဖြစ်၍ အောင်မြင်ရခြင်းဖြစ်ပါသည်။

ဖေဖေ၏ တွက်စစ်မှုသည် မလွဲကောန်ဖြစ်ရလေသောအခါ ဖေဖေ့အတတ်ပညာကို လေးစားခဲ့ရသလို အထင်မသေးဝံ့တော့ပါ။

# ကင်းမြီးကောက်



တစ်နေ့တွင် နေအိမ်နောက်ဖေးရှိ သစ်ပုံအား အမှိုက်ရှင်းရာတွင် ကင်းမြီးကောက်များထွက်လာသည်ကို တွေ့လိုက်ရသောအခါ ဖေဖေက ကင်းမြီးကောက်နှင့် ပတ်သက်၍ ဗဟုသုတဖြစ်ဖွယ်ရာများကို ပြောပြပေးပါသည်။

"ကင်းမြီးကောက်မှာ ပင့်ကူလိုပဲ ခြေချောင်း ရှစ်ချောင်းရှိတယ်။ လက်မနှစ်ခုက ခြေထောက်တွေရဲ့ အရှေ့ဘက်မှာရှိပြီး ပုစွန်တုပ်ကြီးနဲ့တူတယ်။ အမြီးရဲ့ အဆုံးကတော့ မာကျောပြီးချွန်ထက်တဲ့ အဆိပ်ဆူး ရှိတယ်။ ကင်းမြီးကောက်ဟာ သူ့ရဲ့သားကောင်ကို သန်မာတဲ့

လက်မကြီးနှစ်ဖက်နဲ့ ဆွဲညှပ်ထားပြီး အမြီးကို သားကောင်ရှိရာပို့ပြီး အဆိပ်နဲ့ ထိုးသတ်တတ်တယ်။

ကင်းမြီးကောက်အဆိပ်ဟာ သတ္တဝါအငယ်တွေကို သေစေနိုင်လောက်အောင် ပြင်းထန်တယ်။ လူကတော့ ကင်းမြီးကောက်ထိုးရင် မသေနိုင်ပေမယ့် ခံစားရတဲ့ နာကျင်မှုဝေဒနာကတော့ မသက်သာပါဘူး။

ကင်းမြီးကောက်တွေ ချစ်တင်းနှီးနှောပုံက စိတ်ဝင်စားဖို့ကောင်းတယ်။ ကင်းမြီးကောက်အမဟာ ကင်းမြီးကောက်အဖိုထက် ကိုယ်လုံးကိုယ်ထည် ကြီးမားတယ်။ ကင်းမြီးကောက်အမဆီကို အဖိုတစ်ကောင်က လာပြီး ချစ်ရေးဆိုတဲ့အခါ ကင်းမြီးကောက်အမက သဘောကောင်းပြီး နှစ်သက်ကြည်ဖြူရင် လက်ခံဆက်ဆံတတ်တယ်။ အခန့်မသင့် စိတ်ကြိုက်မတွေ့ရင်တော့ ကင်းမြီးကောက်အဖိုကို ကိုက်သတ်ပြီး စားပစ်တတ်တယ်။

နှစ်ဦးနှစ်ဝ ချစ်ရေးကြည်ဖြူခဲ့ရင်တော့ ကင်းမြီးကောက်အဖိုဟာ ကင်းမြီးကောက်အမရဲ့ လက်နှစ်ဖက်ကို မိမိရဲ့လက်မများနဲ့ ညှပ်ပြီး အချိန်အတော်ကြာအောင် စုံတွဲလျှောက်နေတတ်တယ်။ ပြီးတော့ မိမိခိုအောင်းရာနေရာကို ခေါ်သွားတတ်တယ်။ အဲဒီလို ချစ်ရေးဆို

ပေါင်းသင်းပြီးရင်တော့ ကင်းမြီးကောက်အမဟာ ကင်းမြီးကောက်အဖိုကို စားပစ်လိုက်တော့တယ်။

ကသာနယ်ဘက်က ကင်းမြီးကောက်၊ ကင်းခြေများ၊ ကင်းဖြူလေးကို "ကင်းသုံးကင်း"လို့ ခေါ်တယ်။

ကင်းသုံးကင်းမှာ ကင်းတစ်ကင်းကင်း အကိုက်ခံရပါက ဆေးတံမှ ဆေးချေးနဲ့ သက်သာပျောက်ကင်းအောင် ကုလို့ရတယ်။ ဆေးတံရဲ့အရိုးကို ခါးလယ်ကချွတ်ပြီး အဖျားက မှုတ်ထုတ်လိုက်ရင် ထွက်လာတဲ့ဆေးချေးကို ကင်းကိုက်ခံရတဲ့နေရာမှာ လိမ်းပေးရတယ်။

ကင်းမြီးကောက်ဆိုတာ အလကားနေရင်း ရန်မူနေတာမဟုတ်ဘူး။ သူ့ကိုမနှောင့်ယှက် ရန်မစရင်ဘယ်တော့မှ ရန်မမူတတ်ဘူး။ ကင်းခြေများကတော့ ရက်စက်ကြမ်းကြုတ်တယ်။ ကင်းခြေများ ထိုးမိရင် မချိမဆံ့ခံရတယ်၊ ကင်းခြေများရဲ့ကိုယ်က ရှည်တယ်။ အဆစ်အပိုင်းတွေရှိတယ်၊ အဆစ်အပိုင်း တစ်ခုဆီမှာ ခြေနှစ်ချောင်းစီ ပါတယ်။ တစ်ချို့ ကင်းခြေများဆိုရင် ကိုယ်အဆစ်အပိုင်း နှစ်ဆယ့်သုံးပိုင်းလောက်ထိ ရှိတတ်တယ်၊ ဦးခေါင်းရဲ့ ရှေ့ဆုံးခြေထောက်အစုံမှာ အဆိပ်ဆူးတွေရှိတယ်၊ ဦးခေါင်းပေါ်မှာ အာရုံခံမှင်ရှည်များ အမြဲလှုပ်ရှားနေတယ်။

သားတို့လည်း ကင်းသုံးကင်းမှာ တစ်ကင်းတော့ ပြီးတယ်။ ဒါပေမယ့်ကွာ အဆိပ်ရှိတဲ့သတ္တဝါဆိုတာ မယုံရဘူး။ ဝေးဝေးရှောင်တာ အကောင်းဆုံးပါပဲ။

ဖေဖေ၏ ဆိုဆုံးမမှုကြောင့် အဆိပ်ရှိသတ္တဝါများဘေးမှ ကင်းဝေးရန် နေထိုင်ခဲ့ပါသည်။

ဖေဖေပြောပြ၍ အထူးမှတ်သားရသော ကင်းမြီးကောက်အကြောင်းမှာ ဆန်းကြယ်နေသဖြင့် ယနေ့တိုင် မမေ့နိုင်တော့ပါ။

"နှစ်သိန်းလေးသောင်း၊ ပေါင်းသည့်ဂျံမြေ၊ ထူးထူးထွေလင်း၊ စိမ်းရွှေထွားထွား၊ ဝါးရွက်လားသို့၊ ကျယ်များစကြာဝဠာ၊ ကြီးရောလည်း၊ အပ်မှာနဖား၊ ထွင်း၏လားနှင့်၊ မပြားပုံဆို၊ တောင်မြင်းမိုရ်လည်း၊ နွားချိုပေါက်စ၊ ပမာကျ၏၊ နက်လှစွာရှောင်း၊ ရှစ်သောင်းလေးထောင်၊ ရေဖောင်ဖောင်နှင့်၊ သဲချောင်းသမုဒ္ဒရာ၊ ရေများစွာလည်း၊ ပမာမလောက်၊ မိုးရေပေါက်သို့၊ အံ့လောက်စရာ၊ မိမာတာနှင့် ပီတာအဘ မြတ်ဂုဏအား"

(အတုလဆရာတော်ခင်ကြီးဖျော် ပုတ္တောဝါဒဆုံးမစာ)

# အမည်ခေါ်လျှင်

ငယ ဖေ၏ မျှော်လင့်ချက်သည် တန်ဖိုးရှိလှပါသည်။ ငယ်စဉ်က စကားပြောလျှင် ကျောင်းမှသူငယ်ချင်းများ၏ အတုကိုယူ၍ **"ကျွန်တော် . . . ကျွန်တော် . . . "**ဟု ပြောလေရာ ဖေဖေက ကျွန်တော် . . . ကျွန်တော်. . . ဟု ပြောသည်ကို လုံးဝမကြိုက်ကြောင်း၊ ကျွန်တော် ဆိုသည်မှာ ကျွန်ဇာတာ ပါလာတတ်ကြောင်း၊ စကားပြောလျှင် မိမိ၏ အမည်ကို ထည့်သွင်းပြောရန် ဆိုဆုံးမခဲ့ပါသည်။

သူငယ်ချင်း အပေါင်းအသင်းများက မိမိအား **"ဟေ့ကောင် ခင်ဇော်"**ဟု ခေါ်လျှင် ဖေဖေသည် မျက်ထောင့်နီကြီးဖြင့် စိုက်ကြည့်ပြီး **"ငါ့သားကို ဘယ်တော့မှ ခင်ဇော်လို့ မခေါ်နဲ့၊ ငါမကြိုက်ဘူး။ သူ့နာမည်အပြည့်အစုံရှိတယ်၊ မောင်ခင်ဇော်လို့ခေါ်"**ဟု ပြောလေရာ သူငယ်ချင်းများလည်း ခေါင်းကုတ်၍ ပြန်သွားကြပါသည်။

နောက်နေ့ ကျောင်းတက်ချိန်တွင် သူငယ်ချင်းများက **"မင်းအဖေက ဘုကလန့်ကြီးပါလား"**ဟု မှတ်ချက်ပြုကြလေသည်။

ဖေဖေ ခေါ်စေချင်တဲ့အတိုင်း အသက်အရွယ်အလိုက် ခေါ်ဝေါ်ခဲ့ရာမှာ ယခု မိမိသည် တတိယအရွယ်သို့ ဝင်ရောက်လာပြီဖြစ်၍ ကလောင်အမည်ကိုပင် "ဦး" မဖြုတ်တော့ဘဲ "ဦးခင်ဇော် (မရမ်းကုန်း)"ဟုပင် ဖေဖေ့စကားအတိုင်း ဖေဖေ့စိတ်ကြိုက် ခေါ်ဝေါ်သုံးစွဲလျှက် ရှိပါသည်။

ဖေဖေနှင့်မေမေသည် သားသမီးတို့အတွက် ဂုဏ်ကျေးဇူးကြီးမားလှသည်ကို ရှေးဆရာတော်ကြီးများနှင့် ပညာရှိများက ခိုင်းနှိုင်းရည်ညွှန်း ပြဆိုခဲ့ဖူးပါသည်။

ဤလောက၌ ပြဟ္မာကြီးဟူသော အမည်ခံထိုက်သူမှာ ဖေဖေနှင့်မေမေတို့ပင် ဖြစ်ပါသည်။

ဝမ်းမြောက်ခြင်း၊ ချစ်ခြင်း၊ သနားခြင်း၊ လျစ်လျူရှုခြင်း (မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ) ဟူသော ပြဟ္မဝိဟာရတရားလေးပါးသည် ပြဟ္မာတို့၏ လက်စွဲတရားပင် ဖြစ်ပါသည်။

ထိုတရားလေးပါးနှင့် ပြဟ္မာတို့သည် အမြဲနေလေ့ရှိပါသည်။

ထို့အတူ ဖေဖေ၊ မေမေတို့သည်လည်း သားသမီးတို့အပေါ်တွင် ပြဟ္မစိုရ်တရား လက်ကိုင်ထားရှိခဲ့ပါသည်။

သားငယ်၊ သမီးငယ်တို့ မေမေ၏ဝမ်းတွင်း၌ ပဋိသန္ဓေတည်ရှိစဉ် ကလေးငယ်၏ ခြေလက်အင်္ဂါ မကျိုးမပျက်

လှပသော အချိုးအစားနှင့် သားငယ်၊ သမီးငယ်တို့၏မျက်နှာကို ဘယ်သောအခါတွင် တွေ့မြင်ရအံ့ပါနည်းဟု ဝမ်းတွင်း၌ ရှိနှင့်နေသေးသော သားငယ်၊ သမီးငယ်တို့အပေါ် ကြိုတင်၍ မေတ္တာထားခဲ့ပါသည်။

မွေးဖွားလာသောအခါတွင်လည်း ကြည့်မဝ၊ ရှုမဝ အနားကတစ်ဖဝါးမှ မခွာစေလို၊ အနား၌သားသမီးတို့မရှိလျှင် နေမထိထိုင်မသာဖြစ်ပြီး သားသမီးတို့ကို အစဉ်ထာဝရ တမ်းတလျက် ဖေဖေ မေမေတို့သည် ကြည့်ရှုလေ့ရှိကြပါသည်။

သားသမီးဟူသော ချစ်ခြင်းမေတ္တာသည် အခွံကိုခွာ၊ အကာကိုဖယ်၊ အနှစ်ကိုယူဘိသကဲ့သို့ အပေါ်အရေထူကိုဖြတ်၊ အရေပါးထိအောင် နက်ရှိုင်းကာ အသားကိုဖြတ်ကျော်၍ အရိုးမှတစ်ဆင့် ရိုးတွင်းချဉ်ဆီကျအောင် စူးရှနက်နဲ ကြီးမား လှပါသည်။

ဖေဖေမေမေတို့သည် သားသမီးတို့အပေါ်၌ ဤမေတ္တာ စစ်မျိုးကို အစဉ်ထားရှိခဲ့ပါသည်။

ဖေဖေ၏ မေတ္တာရိပ်အောက်မှာ မှေးအိပ်ခဲ့ရသော မိမိသည် ယနေ့တိုင် ဘဝမှာအေးချမ်းသာယာ ရှိလှပါသည်။

ဖေဖေ၏ကျေးဇူးကား ကြီးမားလှပေစွ။

# သံတစ်ချောင်းဖြောင့်အောင်ရိုက်

ဖေဖေသည် သားသမီးများကို လိမ္မာရေးခြား ရှိစေလိုသည်။ နှုတ်မှုပညာ၊ လက်မှုအတတ်ပညာ၊ စက်မှုအတတ်ပညာများလည်း တတ်မြောက်စေလိုသည်။ အနီးစပ်ဆုံး လက်သမားပညာကို သင်ကြားပေးနေစဉ် တစ်နေ့၌ မိမိ၏ အစ်ကိုဖြစ်သူ ကိုကျော်ညွန့်အား သစ်သားပေါ်တွင် သံတစ်ချောင်းကို မကောက်မကွေးဘဲ ဖြောင့်အောင် ရိုက်သွင်းရန် ပြသပေးနေသည်။ ထိုသို့ သင်ကြားပြသနေစဉ် ဖေဖေ၏ လက်နှစ်ဖက်သည် ကြမ်းပြင်ပေါ်တွင် ထောက်ထားလျှက် ရှိသည်။

အစ်ကိုဖြစ်သူသည် သံကို တူဖြင့်ရိုက်သွင်းရာ၌ တည့်မတ်စွာ မရိုက်မိဘဲ ဖေဖေ၏ဝဲဘက်လက်မကို တူဖြင့် ထုမိသွားတော့သည်။

ဖေဖေသည် နာကျင်သွားသောလက်ကို ဆုပ်ကိုင်ထားလိုက်ပြီး စိတ်မဆိုးဘဲ လက်နာနေသည့်ကြားကပင် အစ်ကို့လက်ထဲမှ တူကိုလှမ်းယူကာ သံချောင်းကို သစ်သားထဲသို့ ရိုက်သွင်းပြလိုက်သည်။

"ယောကျ်ားကောင်းတစ်ယောက် ဖြစ်ချင်ရင် အနည်း ဆုံး သံတစ်ချောင်းကိုတော့ ဖြောင့်အောင် ရိုက်နိုင်ရမယ်"ဟု ဆိုဆုံးမ ခဲ့ပါသည်။

ဖေဖေ မေမေတို့၏ ကရုဏာတရားမှာ သားသမီးများ ငိုသံ၊ ညည်းညူသံကို မည်သည့်အခါမျှ မကြားလိုကြပါ။ သားသမီးများ ဆင်းရဲပင်ပန်းသည်ကိုလည်း ဘယ်သောအခါမျှ မတွေ့လိုကြပါ။ မလွှဲမရှောင်သာ ကြားရ၊ မြင်ရ၊ တွေ့ရသည့်တိုင် ဖေဖေ မေမေတို့သည် ကိုယ်တိုင်ဒုက္ခ ခံယူသည်သာမက သားသမီးများအပေါ် သနားခြင်းကရုဏာဖြစ်ပေါ်လာပါသည်။

သားသမီးများ လူမှုရေး၊ ကျန်းမာရေး အခက်အခဲဒုက္ခ ဖြစ်ကြလျှင်လည်း ဖေဖေ မေမေတို့သည် ထာဝရ ကရုဏာ ဖြစ်ကြစမြဲ ဖြစ်ပါသည်။

"စွဲလာသန္ဓေ၊ နေသည်ကစ၊ သားလှချမ်းသာ၊
ရစိမ့်သောငှာ၊ ပူဆာစပ်ခါး၊ မစားတို့ရ၊
ထကြွဖြည်းဖြည်း၊ ကိုယ်ရေးကိုယ်လက်၊
ဆယ်ဆတက်၍၊ သက်သက်ကြင်နာ၊
သားကိုသာလျှင်၊ ချမ်းသာမြင်ကြောင်း၊
လက်ဆယ်ချောင်းကို၊ ခေါင်းမှာရွက်တင်၊
တောင်းဆုဆင်လျက်"

# စိတ်မြန်လူမြန်

သား ငယ်၊ သမီးငယ်များသည် မပီကလာ ပီကလာ တွတ်တီး တွတ်တာ စကားပြောတတ်သည့်အခါ ဖေဖေ မေမေ တို့သည် မုဒိတာဟုခေါ်သော ဝမ်းသာလုံးကြီး လှိုင်းအိသကဲ့သို့ တရိပ်ရိပ် မြင့်တက်လာခဲ့ကြပါသည်။

သားသမီးများ လှလှပပ ဝတ်စားဆင်ယင်သည်ကို တွေ့မြင်ရလျှင် ဖေဖေ မေမေတို့ ဝမ်းသာပီတိ ဖြစ်ကြရသည်။

သားသမီးများ ချမ်းသာသည်ကို တွေ့မြင်ရလျှင် ဖေဖေ မေမေတို့ ကျေနပ်ပီတိ ဂွမ်းဆီထိရသည်။ ဖေဖေ မေမေတို့၏ ဝမ်းမြောက်ခြင်း မုဒိတာသည် တိုင်းတာ၍မရနိုင်လောက်ပါ။

တစ်နေ့ မိမိ၏ညီဖြစ်သူသည် ရထားလမ်းရှိရာ ကုန်းမြင့်နှင့် နေအိမ်အကြား ခင်းထားသည့် တံတားပေါ်မှ ခပ်သွက်သွက် အိမ်ဘက်သို့ လျှောက်လာသည်။ ညီအငယ် ဖြစ်သူ ကိုစိုးဝင်းကလည်း အိမ်ဘက်မှ ရထားလမ်းဘက်သို့ လျှောက်သွားရာ တံတားမှာကျဉ်းနေသဖြင့် တစ်ဦးနှင့်တစ်ဦး တိုက်မိသွားကြသည်။ တစ်ဦးကိုတစ်ဦး ဝင်တိုက်မိ၍ ကိုစိုးဝင်းသည် ကန်စွန်းခင်း ရေအိုင်ထဲသို့ "ဗွမ်း"ကနဲ လိမ့်ကျသွားတော့သည်။

ဖေဖေသည် အိမ်ပေါ်မှ အလျှင်အမြန် ပြေးဆင်းသွားသည်ကို တွေ့လိုက်ရသည်။

ဖေဖေသည် ကိုစိုးဝင်းကို ပြေး၍ဆယ်လိုက်သည်။

**"သားက အကြီးဆိုတော့ အငယ်အပေါ်မှာ အနစ်နာခံရမယ်။ ငါမှန်တယ်ဆိုပြီး ထင်ရာမြင်ရာ မလုပ်ရဘူး"** ဟုလည်း ဆုံးမပါသည်။

ဖေဖေသည် စိတ်မြန်လူမြန်ပြုတတ်ကြောင်း သတိပြုမိလာသည်။ မိမိသည်လည်း စိတ်မြန်လူမြန်သည့်သဘောကြုံတတ်ပါသည်။

**"ဖအေတူသားကိုး"။**

ဖေဖေသည် သားသမီးများကို ဆိုဆုံးမရာတွင် ဥပမာပေး၍ ပြောတတ်သည်။

**ခြေသုတ်ပုဆိုး မွေ့စွယ်ကျိုး ဆိုရိုးများကိုလည်း** သွန်သင်ဆုံးမ ရှင်းပြပေးခဲ့ပါသည်။

မိမိသည်လည်း တိုင်းပြည်အတွက် အသက်ပေးလှူဝံ့သော တပ်မတော်သားကောင်းတစ်ယောက် ဖြစ်ခဲ့ရပါသည်။ မိမိလူမျိုးအတွက် အသက်ကိုစွန့်ရဲခဲ့ပါသည်။

ဖေဖေ၏စကား မြေဝယ်မကျ နာခံလျှက်ပါ။

❖ ❖ ❖

# မြက်နုတ်လျှင်

မှတ်မိပါသေးသည်။
မိုးရာသီသို့ ရောက်လျှင် နေအိမ်ငှေဘားအနှံ့ မြက်များ ပေါက်ရောက်တတ်ပါသည်။ နေအိမ်အောက်ဘက်တွင်လည်း မြက်များ ပေါက်ရောက်တတ်ပါသည်။

မိုးကုန်လျှင် ထိုမြက်များကို ဖေဖေက နုတ်ခိုင်းပါသည်။ မိမိက ပေါ့ပေါ့ဆဆဖြင့် မြက်များကိုအုံလိုက်ဆွဲနုတ်ပြီး အိမ်အပြင်သို့ လှမ်းပစ်လိုက်ပါသည်။

ထိုစဉ် ဖေဖေက **"သားရေ မြက်တွေကို ဒီအတိုင်း နုတ်ပြီး မပစ်လိုက်နဲ့ကွ၊ မြက်ပင်ရဲ့ အမြစ်မှာ မြေကြီးတွေ ကပ်ပြီးပါသွားတယ်။ ဒီလိုသာ နှစ်တိုင်း မြက်တွေကို နုတ်လို့ မြေကြီးတွေပါပါသွားရင် နောင်ကြာလာတဲ့အခါ အိမ်အောက်မှာ ချိုင့်ခွက်ကြီး ဖြစ်သွားလိမ့်မယ်။ ဒါကြောင့် နုတ်လိုက်တဲ့မြက်ပင်ကို အမြစ်ကမြေကြီး ခါပြီးမှ လွှင့်ပစ်ရတယ်"**ဟု ပြောပါသည်။

မှန်ပါသည်။ ဖေဖေ၏စကားများသည် သွေးထွက်အောင် မှန်ပါသည်။ ငယ်စဉ်ကာလ ကလေးဘဝက မြက်ပင်နုတ်ဆိုလျှင် မြက်ပင်ကို ဆွဲနုတ်ဖို့သာ နားလည်သည်။ မြက်ပင်

အမြစ်၌ ကပ်၍ပါလာသည့် မြေကြီးများကို သတိမထားမိပါ။ ဖေဖေပြောသည်ကို အသေအချာတွေးတောကြည့်သောအခါ သဘာဝကျ၍ အလွန်မှန်လှသည်ကို သတိပြုလိုက်မိပါသည်။

ဖေဖေ၏ပြောစကားကြောင့် မည်သည့်လုပ်ငန်းမဆို လုပ်ကိုင်ရာတွင် စေ့စပ်မှု၊ သေချာမှု ရှိ၊ မရှိ ဂရုပြုခဲ့မိသည်။

စနစ်တကျရှိခြင်း၊ စည်းကမ်းရှိခြင်းတို့သည် လောကနီတိတရားများပင် ဖြစ်သည်။

သားသမီးများ အရွယ်ရောက်၍ ပစ္စည်းဉစ္စာ၊ ပညာ၊ ရာထူး စသည်တို့ ပြည့်ပြည့်စုံစုံ တင့်တင့်တယ်တယ်ရှိကြလျှင် သားသမီးတို့ သူတို့ဘဝ သူတို့ ရပ်တည်နိုင်ကြပြီပဲဟု လျစ်လျူရှုကာ ဥပေက္ခာတရား ထားရှိတတ်ကြပါသည်။

ဖေဖေ မေမေသည် သားသမီးတို့အပေါ်၌ ဗြဟ္မစိုရ်တရား အမြဲထား၍ နေလေ့ရှိသောကြောင့် သားသမီးများအတွက် ဖေဖေ မေမေသည် ဗြဟ္မာကြီးနှင့် တူပါသည်။

သားသမီးတို့သည် မိဘတို့အပေါ် နတ်ဗြဟ္မာတို့ကို ပူဇော်သကဲ့သို့ ပူဇော်ကြရပါသည်။ မိဘတို့သည် ဗြဟ္မာဒေဝ ဂုဏ်ထိုက်သည်ဟု ဆိုပါသည်။

ဖေဖေ၏မေတ္တာရိပ်တွင် မှေးအိပ်ခဲ့ရသောကြောင့် ရရှိလာသည့် ဘဝအေးချမ်းသာယာမှု၊ ငြိမ်းအေးမှုတို့သည် ဖော်ပြ၍ပင် ကုန်နိုင်မည်မထင်တော့ပါ။

ဖေဖေ၏လမ်းညွှန်ဆုံးမမှုများသည် မိမိဘဝကို မျဉ်းသားပေးသည့်ပမာ တင့်တယ်ခဲ့ရပါသည်။

ဖေဖေ့ကို ဤနေရာမှ ရှိခိုးကန်တော့လိုက်ရပါသည်။

“ရင်ဝယ်ဖြစ်ငြား၊ မွေးသည့်သားကို၊ မယ်ဘွားမိခင်၊ ဆုံးမသင်သို့၊ အကြွင်ဆရာ၊ တို့သူငါကို၊ လိမ္မာစေကြောင်း၊ ကောင်းပါစေလို၊ ဆိုပါသမျှ၊ ဩဝါဒကို၊ နားမှုမထောင်၊ မကြားယောင်သို့၊ မောင်တို့ပြုကာ၊ ယခုပစ္စုပ္ပန်၊ နောင်သံသရာ၊ ဆက်များစွာ၌၊ ချမ်းသာမည့်ရေး၊ အလွန်ဝေးသည်၊ သေဘေးမလွဲ၊ ဝဋ်ဆင်းရဲမှ၊ ရေခဲဘယ့်နှယ်၊ အသွယ်သွယ်ကို၊ လွဲဖယ်ကြဲစည် လွတ်ပါမည်”

(ရှင်မဟာရဋ္ဌသာရ လူမှုကျင့်ဝတ် ဆုံးမစာ)

# ဇွဲလုံ့လမလျှော့ဖို့



ငယ် စဉ်က မိမိသည် သစ်ပင်ကြီးတစ်ပင်ကို ထင်းအဖြစ် ခုတ်လှဲခဲ့ဖူးပါသည်။

မိမိတို့ခြံထဲတွင်ရှိသော သစ်ပင်ကြီးများတွင် ကုက္ကိုပင်ကြီး တစ်ပင်မှာ အပင်အိုရှိ၍ သေသွားပြီး အကိုင်းခြောက်များဖြင့် ပြည့်နေပါသည်။

ဖေဖေက **"သားရေ အိမ်မှာ ထင်းလိုနေတယ်"**လို့ ပြောလိုက်သည်ဆိုလျှင်ပင် မိမိသည် အရိုးအသွားတစ်တောင် နီးပါးခန့် ရှိသော ဓားမတိုတစ်ချောင်းကို ယူ၍ ကုက္ကိုပင်အို ကြီးရှိရာသို့ ထွက်ခွာလာခဲ့ပါသည်။

၎င်းနောက် လူ့တစ်ဖက်ခန့်ရှိသော ကုက္ကိုပင်ကြီးကို ဓားမဖြင့် လှည့်ပတ်၍ ခုတ်ဖြတ်လိုက်သည်။

ဓားမသည် သိပ်မထက်လှ၍လော၊ ဓားအရွယ် သေးနေ၍လောမသိ။ သစ်ပင်ကြီးအား ပတ်ချာလည် ခုတ်ဖြတ် ခဲ့ရာ အလယ်အူတိုင် ပင်စည်သာ ကျန်ရှိချိန်၌ မိမိလက် နှစ်ဖက်သည် သွေးခြေဥများဖြင့် ဖူးယောင်နေတော့သည်။

အချို့ သွေးခြေဥများသည် ပေါက်ထွက်၍သွားသဖြင့် စပ်ဖျဉ်းဖျဉ်းဝေဒနာကို ခံစားနေရသည်။

ကုက္ကိုပင်ကြီးကို ဆက်၍ခုတ်ရန်မှာလည်း ဓားကိုပင် လက်က မကိုင်နိုင်တော့ပါ။ ဒီအတိုင်းထားမည်ဆိုလျှင်လည်း

ပြတ်လုတည်းတည်း အပင်ကြီးသည် လမ်းသွားလမ်းလာများ အပေါ် လဲကျပြီး အန္တရာယ်ပေးနိုင်ပါသည်။

ဖေဖေသည် မိမိ၏လုပ်ဆောင်ချက်ကို ကြည့်ပြီး အံ့ဩဘနန်း ဖြစ်နေသည်ကို တွေ့လိုက်ရသည်။

**"သားရေ မင်းဘာဆက်လုပ်မလဲ"**

မိမိသည် ဖေဖေ့အား အသာအယာ လက်ကာပြပြီး မီးဖိုခန်းထဲရှိ အုန်းဆံကြိုးခွေ အကြီးတစ်ခွေကို ယူလိုက်သည်။ အုန်းဆံကြိုး၏ တစ်ဖက်စကို မလှမ်းမကမ်းရှိ ကုက္ကိုပင်ကြီးပေါ် တက်၍ ခိုင်မြဲစွာချည်လိုက်သည်။ ၎င်းနောက် အပင်ပေါ်မှ ပြန်ဆင်းကာ ခုတ်လှဲလက်စ အပင်ခြောက်ကြီးပေါ်သို့ စွန့်စွန့်စားစား ဖက်တွယ်တက်ခဲ့သည်။ ကြိုးစကို ခါးတွင်ချည်၍ တက်သွားပြီးနောက် ခုတ်လှဲလက်စ ပင်စည်အဖျားပိုင်းတွင် ခိုင်ခိုင်မြဲမြဲ ချည်လိုက်သည်။ ၎င်းနောက် အပင်ပေါ်မှ ပြန်ဆင်းကာ သစ်ပင်နှစ်ပင်ကြားတွင် အိကျနေသော ကြိုးစမှနေ၍ မိသားစုအားလုံးကို ခေါ်ပြီး တွဲရွဲခိုဆွဲခိုင်းရာ လူများ၏ ခန္ဓာကိုယ်အလေးချိန်ကြောင့် ကုက္ကိုပင်အိုခြောက်ကြီးမှာ မြေသို့ဗုန်းဗုန်း လဲကျရတော့သည်။

ဤသည်ကိုကြည့်၍ ဖေဖေက မှတ်ချက်ပြုသည်မှာ **"အဲဒါပေါ့သားရယ်၊ ယောကျ်ားတံခွန် လူရည်ချွန်က**

ကောင်းကင်တမွတ် ကြယ်ကိုဆွတ်သော် မလွတ်စတမ်း ရမြဲလမ်းတဲ့ကွ"

ရင်းနောက် သစ်ပင်အခြောက်ကြီးမှ အကိုင်းများကို ခုတ်ဖြတ်၍ အိမ်သို့သယ်ယူသည်။ ပင်စည်ကြီးအား ငါးမန်းစွယ် လွှဖြင့်တိုက်၍ ထင်းတုံးများပြုကာ အိမ်သို့ တွန်းလှိမ့် သယ်ယူလာခဲ့တော့သည်။

"ဇနကမင်းဟာ ပင်လယ်ထဲ သင်္ဘောပျက်ရာမှာ ဇွဲလုံ့လ ဝီရိယထားပြီး ပင်လယ်ပြင်ကို ကူးခတ်ခဲ့တယ်။ မေခလာ နတ်သမီးက ကယ်တင်လို့ ကျောက်ဖျာထက်ကို ရောက်ရှိခဲ့ရာက တိုင်းပြည်အုပ်ချုပ်တဲ့ မင်းတစ်ပါး ဖြစ်လာတယ်"

"သားတို့လည်း ဇွဲလုံ့လမလျှော့ဖို့ အရေးကြီးတယ်။ ဇွဲလုံ့လရှိရင် အရာရာကို အောင်နိုင်မယ်။ ဖြတ်ကျော် နိုင်မယ်။ ကြိုးစားသားရေ"

သားသမီးတို့ အရွယ်ရောက်ကြသောအခါ အသက် မွေးမှု အတတ်ပညာအစုစုတို့ကို ဆရာအသီးသီးတို့ထံ ထိုးအပ်၍ သင်ယူစေခဲ့ပါသည်။

သံသရာကောင်းကျိုးအတွက် နတ်ရွာနိဗ္ဗာန်ရောက် ကြောင်းတရားတို့ကို ရဟန်းသံဃာတော်တို့ထံ၌ သွားရောက်၍ ကြားနာမှတ်သားသင်ယူစေပါသည်။

ဆရာသမားတို့သည် အရွယ်ရောက်မှ သင်ပြရသော ဆရာများဟုခေါ်၍ မိဘတို့သည် သားငယ်၊ သမီးငယ်များ မွေးဖွားလာသည်မှစ၍ နေထိုင်သွားလာ ပြောဆိုစားသောက်မှု တို့ကို သင်ပြပေးသူ ပထမဦးဆုံး လမ်းညွှန်သင်ပြသူသာ ဖြစ်ပါသည်။ မိဘတို့သည် သားသမီးတို့၏ လက်ဦးဆရာ ပုဗ္ဗာစရိယ များဖြစ်ကြပါသည်။

ဖေဖေသည် သားသမီးများကို ဇွဲလုံ့လဝီရိယရှိဖို့ လက်တွေ့နှင့်ယှဉ်ပြီး လမ်းညွှန်ပြောပြခဲ့ပါသည်။

လုံ့လဝီရိယရှိသူသည် အကျိုးထူး ခံစားရတတ် ကြောင်းကိုလည်း နားလည်ခဲ့ရပါသည်။



# နှမြောတတ်ခြင်း

နေ့ပိုင်းတွင် ဖေဖေသည် ခုတ်လှဲပြီးသော သစ်ပင်လဲကျရာနေရာတွင် ကုန်းကုန်းကွကွလုပ်နေသည်ကို တွေ့လိုက်ရသည်။

မိမိက ဖေဖေဘာလုပ်တာလဲဟု သွားမေးရာ သစ်ပင်လဲကျစဉ်က ကြိုးပြတ်လွင့်စင်သွားသော ကိုင်းစကိုင်းနများအား ဆန်ကောတစ်ချပ်ဖြင့် လိုက်လံကောက်ယူနေသည်ကို တွေ့လိုက်ရသည်။

ဖေဖေသည် နှမြောတတ်လှပေစွ။

ထင်းတုံးကြီးအား နေအိမ်သို့ တွန်းလှိမ့်ရွှေ့ယူလာပြီးနောက် ပေါက်ဆိန်ဖြင့် ခွဲစိတ်ခိုင်းပြန်သည်။

မိမိသည် ပေါက်ဆိန်ကိုကိုင်၍ ခွဲသော်လည်း ထင်းတုံးကြီးမှာ တုတ်တုတ်မျှမလှုပ်။

ဖေဖေသည် အိမ်ပေါ်မှဆင်းလာပြီး ထင်းတုံးကြီးအား ဟိုလှည့် ဒီလှည့်ကြည့်ကာ **"ဒီနေရာကိုပေါက်"**ဟု ထင်းတုံးကြီး၏ အကြောစင်းနေရာကို ပြသပေးသည်။

မိမိက ပုဆိန်ကို တအားလွှဲ၍ ပေါက်ချလိုက်ရာ ထင်းခြမ်းကြီးသည် **"ခွမ်း"**ကနဲ မြည်၍ လွင့်စင်ထွက်သွားသည်။

ဤဖြစ်စဉ်တွင် ဖေဖေပြောလိုက်သည့်စကား ယနေ့တိုင်နားထဲက မထွက်ပါ။

**“အဲဒါပေါ့ကွ အကြောပြတဲ့လူက ငါးမူး၊ ထင်းပေါက်တဲ့လူက တစ်မတ် ဆိုတာပေါ့။ ဘာပဲဖြစ်ဖြစ် ထင်ရာမလုပ်ရဘူး။ အကျိုးအကြောင်း အဆိုးအကောင်း ဆက်စပ်သုံးသပ်ဝေဖန်ပြီး ဆင်ခြင်လုပ်ဆောင်ရတယ်”**ဟု ဆိုဆုံးမခဲ့ဖူးပါသည်။

ထင်းတုံးကြီးကို ပုဆိန်ဖြင့်ပေါက်၍ ခွဲစိပ်ရာတွင် လွင့်စင်ထွက်လာသည့် သစ်စသစ်နကလေးများကို ဆန်ကောတစ်ချပ်ဖြင့် ထည့်ခိုင်းပြန်သည်။

**“ဖေဖေ ဒါတွေ ဘာလုပ်ဖို့လဲ”**

ဖေဖေက ခါးကိုဆန့်တန်းရင်း စိတ်ရှည်လက်ရှည်ရှင်းပြသည်။

**“တုံးကို ပုဆိန်နဲ့ပေါက်လိုက်လို့ ထွက်လာတဲ့ သစ်စသစ်နဆိုတာ အလကားမဖြစ်ဘူး။ မီးမွှေးလို့ ရတယ် မှတ်ထား သားရဲ့”**

ဖေဖေသည် ဉာဏ်အမြော်အမြင် ကြီးမားလှပါပေသည်။ နှမြောတတ်လှသည်။

ကြက်ဥတစ်လုံးကို ကြော်ပေးလျှင် ထမင်းနှင့်လုံလောက်အောင် စားတတ်သည်။

ဖေဖေ၏စည်းကမ်းကို လက်လှမ်းမီဖို့ မိမိအများကြီး ကြိုးစားရပေဦးမည်။ ရှေးမီနောက်မီ ရှေးလူကြီး ဖေဖေသည် အရာရာကို သိစွမ်းနိုင်လွန်းလှပါသည်။

နှမြောတတ်သည်ဟု ထင်ခဲ့ခြင်းသည် တကယ်တန်း ဆန်းစစ်ကြည့်လျှင် စည်းကမ်းရှိပြီး ခြိုးခြံချွေတာခြင်းပင် ဖြစ်ကြောင်း နားလည်ခဲ့ရသည်။

မိဘတို့၏ ကျေးဇူးတရားသည် ကြီးမားလွန်းသော ကြောင့် အရပ်တစ်ပါးဝေးရာသို့ ရောက်ရှိနေကြသော သားသမီးတို့သည် ကျေးဇူးရှင် ဖေဖေ မေမေ အတွက်ဟု ရည်မှန်း၍ မိမိတို့ မသုံးဆောင်ခင် ဖေဖေ မေမေတို့အား ရည်မှန်း၍လှူဒါန်းကြရပါသည်။

ဖေဖေ မေမေ တို့သည် သားသမီးများ အဝေးမှ လာရောက်၍ လှူဒါန်းသည်ကို ခံယူထိုက်သောကြောင့် အာဟုနေယျဂုဏ်ထိုက်သော ပုဂ္ဂိုလ်များဖြစ်ကြပါသည်။

ဖေဖေ မေမေတို့သည် ယခုပစ္စက္ခ၌ပင် ဂုဏ်လေးပါးနှင့် ပြည့်စုံကြရာ ထိုကျေးဇူးဂုဏ်ကို သားသမီးတို့သည် မည်သည့် အခါတွင်မျှ မမေ့မလျော့ကြရပါ။


ဖေဖေ မေမေ တို့သည် သားသမီးများကို မိမိကိုယ်မိမိ မပြုပြင်နိုင်၊ မသွားလာနိုင်ခင်ကပင် မှက်၊ ခြင်၊ ယင်၊ ပိုးမွှား တို့၏အန္တရာယ်မှ ကာကွယ်ပေးခဲ့ပါသည်။

သားသမီးများ ရေဆာလျှင် ရေဆာသည်ဟု မပြောနိုင်သော်လည်း အရိပ်အကဲကိုကြည့်၍ ဖေဖေ မေမေတို့က သောက်ရေအေး တိုက်ကျွေးတတ်ပါသည်။

ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ် လူဖြစ်အစ ဖွားမြင်စအချိန်အခါမှစ၍ မိမိ၏အသက်နှင့်မခြား ချစ်မြတ်နိုးလှစွာသော မေတ္တာနှင့်ယှဉ်သည့် စိတ်ဓာတ်ဖြင့် သားသမီးတို့၏ အရိပ်အကဲကို အမြဲမပြတ် စောင့်ရှောက်ကြည့်ရှုလျှက်ရှိနေပါသည်။

သားသမီးတို့တွင် ပေကျံနေသော မစင်အညစ်အကြေးကို ဆေးကြောသုတ်သင်ပေးခဲ့ပါသည်။ ရေချိုးခြင်း၊ နံ့သာလိမ်းခြင်း စသည်တို့ကို ဥယျာဉ်မှူးသဖွယ် ပြုစုပျိုးထောင်ပေးခဲ့ကြပါသည်။

သားသမီးများ အပြစ်အနာကင်းအောင် ကျန်းမာဝဖြိုးတိုးတက်အောင် မွေးမြူခဲ့ကြပါသည်။


စပါးကြီးသည်းခြေ

**၆၀** ဖေသည် စာများများဖတ်သလို ဗဟုသုတအလွန်ကြွယ်ဝသူ ဖြစ်သည့်အလျောက် တစ်ခါသော် ဆေးစွမ်းထက်သည့် စပါးကြီးသည်းခြေအကြောင်း ပြောပြဖူးသည်ကို အမှတ်ရမိပါသည်။

စပါးကြီးမြွေသည် အဆိပ်ရှိသော မြွေမျိုးမဟုတ်ပါ။ စပါးကြီးမြွေသည် အသက်ရှည်သည်။ ဝမ်းတွင်းရှိ သည်းခြေသည် တည်ငြိမ်၍မနေ၊ မွန်းမတည့်မီအချိန်အတွင်း ဦးခေါင်းမှ ချက်အထိ သွားလာတည်ရှိသည်၊ မွန်းလွဲပြီးနောက် ချက်မှ အမြီးပိုင်းသို့တိုင် သည်းခြေသည် သွားလာတည်ရှိသည်။

စပါးကြီးဝမ်းဗိုက်ကို ခွဲရာ၌ ပြန်ပြီး စေ့မသွားစေရန် ဒေါက်များထောက်ပြီးမှ သည်းခြေကို ရှာဖွေရကြောင်းကိုလည်း ဖေဖေက ဗဟုသုတအဖြစ် ပြောပြပါသည်။ ဒေါက်များ မထောက်ပါက ခွဲပြီးသားနေရာသည် ပြန်၍စေ့သွားပြီး လက်နှိုက်သည့်အခါနှင့်ကြုံလျှင် အရိုးများပင် ကျိုးတတ်ကြောင်း ဖေဖေက ပြောပြရာ မိမိမှာ ကျောထဲ၌ စိမ့်သွားအောင် ခံစားခဲ့ရဖူးသည်။

စပါးကြီးသည်းခြေက မည်သို့အစွမ်းထက်သည်ကို ဖေဖေပြောပြခဲ့၍ မိမိသည် တရိုတသေ မှတ်သားဖူးပါသည်။

**စပါးကြီးသည်းခြေက အေးတယ်၊ အချိုဓာတ်လည်း ရှိတယ်၊ ခါးလည်း ခါးတယ်၊ အပူလွန်တဲ့အနာကို**

နိုင်တယ်၊ သည်းခြေသလိပ် အနာကိုလည်း နိုင်တယ်၊ သလိပ်ခြောက်ကပ်တဲ့အနာ၊ မျက်စိနာ၊ လျှာနာတွေကို လည်း နိုင်တယ်။

အနာငန်းမန်းထလို့ လူနာတက်တယ်ဆိုရင်၊ မေးခိုင်တယ်ဆိုရင်၊ အနာဝင်ရင် စပါးကြီးသည်းခြေကို လူနာပါးစပ်ထဲ အစက်ချပေးရင် သက်သာသွားလိမ့်မယ်။

အနာဖြစ်ရင် စပါးကြီးသည်းခြေကို ရေနဲ့ဖျော်ပြီး လိမ်းရတယ်၊ အနာဝင်တာ ချက်ချင်းပျောက်နိုင်တယ်။

သူငယ်နာရောဂါရှိတဲ့သူကို စပါးကြီးသည်းခြေနဲ့ ပွတ်ပေးရင် သူငယ်နာပျောက်တယ်။ ချဲကျပ်ရောဂါရှိရင် လည်း စပါးကြီးသည်းခြေက သက်သာပျောက်ကင်းစေ တယ်။ ကလေးငယ်တွေ တက်ရင် စပါးကြီးသည်းခြေ နည်းနည်းကိုရေဖျော်ပြီး ကလေးရဲ့ခန္ဓာကိုယ်ကို လိမ်းပေး လိုက်ရင် အတက်ကျသွားလိမ့်မယ်။

စပါးကြီးသည်းခြေကို ရေဖျော်ပြီး မျက်စဉ်းခတ်လို့ ရတယ်။ မျက်စိကိုကွင်းပေးရင် မျက်စိကိုထိခိုက်တဲ့ ဒဏ်ရာတွေ၊ မျက်စိနာရောဂါတွေ ပျောက်ကင်းသွားနိုင် တယ်။

ရှားပါးတဲ့ စပါးကြီးသည်းခြေဟာ ထူးခြားတဲ့ အာနိသင်တွေရှိတယ်။

ဖေဖေ၏ ဗဟုသုတ ဆိုဆုံးမမှုသည် မိမိ၏ဘဝ တစ်သက်တာတွင် မေ့၍မရနိုင်အောင် တန်ဖိုးရှိလှပါသည်။ ဗဟုသုတဟင်းလေးအိုးကြီးသဖွယ် မှတ်သားထိုက်ပါသည်။

"ဩော် . . . ဒီလောက်တောင် သိနိုင်စွမ်းလှပါလား ဖေဖေရယ်"

"မိဘတံထွာ၊ သားတကာနှင့်၊ တစ်ရာနှစ်ဆဲ့၊ လည်ချင်းနွဲ့လည်း၊ ရောင့်ရဲမထင်၊ စုံမက်ကြွင်လျက်၊ ဖြုတ်ခြင်ကိုနှာ၊ မြူရှိမာမျှ၊ ရံခါတစ်ရစ်၊ မပြစ်စေရက်၊ အသက်ရှင်ရကြောင်း၊ ဆုတောင်းဆုယူ၊ အလှူကောင်းမှု၊ ကိုယ်စားပြုလျက်၊ ဝတ်တုစံပ၊ ဆောင်ရွက်စသား၊ ကုန်ကဖြည့်တင်း၊ ဖြန့်ဖြူးခြင်းဖြင့်၊ မတင်ရေမိုး၊ ဥယျာဉ်ပျိုးသို့၊ မညှိုးမခေါင်၊ ကြီးမြင့်အောင်လျှင်၊ စောင်စောင်ပြုတ်ပြုတ်၊ ကွပ်ညှပ်ဆုံးမ၊ သင်ပြသသည် ငယ်ကလက်ဦး ဆရာတည်း"

(ကိုးခန်းပျို့)

ဖရုသဝါခ



ဖေက မကြာခဏ ဆုံးမခဲ့ဖူးသည်။

၆၅ **"ဖရုသဝါစ ညစ်ညမ်းတဲ့စကားကို မပြောရ"**

ဟုတ်ပါသည်။ မိမိသည် လူလားမြောက်၍ ကျောင်းနေစအရွယ် ကျောင်းမှသူငယ်ချင်းများ၏ အကျင့်များကို အတုမြင် အတတ်သင်၍ နေအိမ်တွင် ညီအစ်ကိုမောင်နှမများ တွေ့ဆုံစဉ် မတော်တဆ ဆဲလိုက်မိပါသည်။

ဖေဖေ့၏ မျက်လုံးအစုံသည် နီရဲသွားသည်ဟု ထင်လိုက်ရပါသည်။ ဖေဖေ၏ နားနှစ်ဖက်သည်လည်း တင်းမာနီရဲလာသလို ဦးခေါင်းမှ ဆံပင်များလည်း ထိုးထိုးထောင်ထောင်ဖြစ်သွားသည်ဟု ထင်မှတ်မိပါသည်။

သားသမီးများ၏ နှုတ်မှ ကြမ်းတမ်းသော ဆဲဆိုသံကို မကြားလိုပါ။ ဆဲတတ်သည်ကိုလည်း လုံးဝလက်မခံပါ။ ညစ်ညမ်းသောစကားကို ကြားရလျှင် ဖေဖေ့နားထဲသို့ သံရည်ပူလောင်းထည့်သကဲ့သို့ ခံစားလိုက်ရသည်။

**"အဲဒါ မှတ်ထား၊ နောက်ကို ဘယ်တော့မှ မဆဲနဲ့၊ ဆဲတယ်ဆိုတာ မိကောင်းဖခင် သားသမီးမဟုတ်ဘူး။ ရုန့်ရင်းကြမ်းတမ်းတယ်"** ထိုသို့ ပြောပြီး လှည့်ထွက်သွားသည်။ မေမေက ကြင်နာသောမျက်လုံးအစုံ ကရုဏာပြည့်ဝသော အမူအယာဖြင့် မိမိအား အသာအယာ ထွေးပွေ့လိုက်တော့သည်။

"ဆဲတယ်ဆိုတာ မကောင်းဘူးသားရဲ့။ သားဖေဖေ မကြိုက်ဘူး။ မေမေလည်း မကြိုက်ဘူး။ နောက်နောင် မဆဲနဲ့နော်"

မေမေ၏ အကြွင်နာစကားများကြောင့် နာကျင်စိတ်များ သက်သာလာသည်။ ကြောက်စိတ်များလည်း လျော့ပါးခဲ့ရသည်။ နောင်ကို ဘယ်တော့မှ ဆဲတော့မည်မဟုတ်ကြောင်း ဖေဖေနှင့်မေမေ့ကို မိမိ ကတိပေးလိုက်သည်။

ထိုနေ့မှစ၍ ယနေ့တိုင် ဆဲဆိုခြင်း လုံးဝမပြုတော့ပါ။

ဖေဖေ မေမေတို့၏ စေတနာမေတ္တာကို ထိုစဉ်က ကလေးအရွယ်သာရှိသေး၍ နားမလည်ခဲ့ပါ။

သားငယ်၊ သမီးငယ်တို့အပေါ်၌ ပြုစုစောင့်ရှောက်ကြရာတွင် ဖေဖေနှင့်မေမေတို့သည် မည်သည့်အခါမှ ပင်ပန်းသည်၊ ငြီးငွေ့သည်၊ တာဝန်ကြီးလေးသည်၊ ဒုက္ခများသည်ဟု ညည်းညူခြင်း အလျဉ်းမရှိခဲ့ကြပါ။

သားသမီးတို့၏ လိုအင်ဆန္ဒအဝဝကို ရှေ့ရှု၍ စောင့်ရှောက်ခဲ့ကြသည်သာ ဖြစ်ပါသည်။

"ရင်သွေးဟူက၊ ရှုမဝတည့်၊ မိဘတံထွာ၊ သားတကာနှင့်၊ တစ်ရာသက်ကဲ၊ လည်ချင်းနွဲ့လည်း၊ ရောင့်ရဲမတင်၊ စုံမက်ကြင်လျက်" ဆိုသကဲ့သို့ပင် ဖေဖေ မေမေတို့သည်

သားသမီးများနှင့် လည်ချင်းယှက်၍ ဖက်လဲတကင်း ရာသက်ပန် နေခဲ့ကြရသော်လည်း ရောင့်ရဲတင်းတိမ်ခြင်းဟူသည် မရှိကြပါ။

ဖေဖေ မေမေတို့သည် မျက်စိနှစ်လုံး စုံမှိတ်၍ ဘဝ တစ်ပါးသို့ ကူးပြောင်းသွားသည်အထိ သားသမီးတို့ကို ချစ်၍မဆုံး ရှိခဲ့ကြပါသည်။

"ကိုယ်လက်ဖိန်း၍၊ ကျိန်းစက်သောခါ၊ တစာစာနှင့်၊ ပြာပြာလောင်လောင်၊ တဟောင်ဟောင်သည်၊ ခေါင်ခေါင်ကြမ်းကို၊ မနင်းနှင့်"

"ရိုင်းစိုင်းနီးကပ်၊ မကိုင်းညွတ်ပဲ၊ မတ်တတ်ထိုး၍ ၊ မသွားနှင့်"

"စားဖွယ်စားရာ၊ ကပ်သောခါလည်း၊ ချဉ်းလာနီးစေ၊ ခြေစုံနေ၍၊ ရိုသေကိုင်းညွတ်၊ ချဉ်း၍ကပ်"

(ရှင်မဟာသီလဝံသ တပည့်ဆုံးမစာ)

# ဆုံးမစကား (၁)

**သား**သမီးတို့ကို ကိုယ်ဝန်ဆောင်စဉ် မေမေသည် ဓမ္မတာအတိုင်း ချင်ခြင်းတပ်သောအခါတွင် ဝမ်းတွင်းရှိသားသမီးငယ် မချမ်းမသာ အန္တရာယ်ဖြစ်မည်စိုး၍ အပူအစပ်အဖန်အခါးတို့ကို ရှောင်ကြဉ်ရန် ဖေဖေက အမြဲသတိပေးသည်။

မေမေကလည်း ဘဝအဆင်းရဲခံပြီး အငတ်ခံကာ ရှောင်ကြဉ်သည်၊ ဆင်ခြင်သည်။ သားသမီး ဆင်းရဲနာကျင်မှာကို စိုးရိမ်၍ အထိုင်အထ ကိုပင် ဆင်ခြင်ပြီး ဖြည်းညင်းသက်သာစွာ ထိုင်ထသွားလာရန် ဖေဖေက ဖေးမပေးသည်။

မေမေကလည်း ရင်သွေးငယ်အတွက် အစားဆင်းရဲ၊ အသွားဆင်းရဲ၊ အနေဆင်းရဲ၊ အအိပ်ဆင်းရဲ မဖြစ်ကြရလေအောင် မိမိအသက်ထက်ပင် ကြင်နာယုယလျှက် ရှိခဲ့ပါသည်။

မေမေ စားသောက်လိုက်သော အစာအာဟာရသည် ဝမ်းတွင်း၌ ပဋိသန္ဓေနေသော ကလေး၏ကိုယ်တွင်းသို့ ချက်ကြောမှတစ်ဆင့် စိမ့်ဝင်သည်။ ကလေးသူငယ်၏ ချက်မှ ပေါက်သော ချက်တံသည် မိခင်၏ဝမ်းရေနှင့် တစ်စပ်တည်း ဖြစ်ပါသည်။

ထိုချက်တံသည် ကြာရိုးကဲ့သို့ အပေါက်ငယ် ပါရှိသည်။

မေမေ့အား အစားအသောက် ဆင်ခြင်ရန်၊ အသွားအလာဆင်ခြင်ရန် အမြဲမပြတ် ဂရုပြုခြင်းအားဖြင့် မမြင်ရသေးသည့် သားသမီးများအပေါ် မေတ္တာတရားများ လွှမ်းခြုံ၍ထားခဲ့ပါသည်။

ဖေဖေသည် မေမေ့အား အလွန်အေးသောရေကို မသောက်ရန် သတိပေးခဲ့ပါသည်။ အလွန်အေးသောရေသည် ဝမ်းတွင်းရှိ သားသမီးငယ်အတွက် ငရဲသို့ကျရောက်သည့် အလား အအေးဒဏ် ခံစားရမည်ကို ဖေဖေ စိုးရိမ်သည်။

အလွန်ပူသောအစားအစာကို မစားရန်လည်း ဖေဖေက သတိပေးသည်။ ပူလောင်သောအစားအစာကို မိခင်ဖြစ်သူ စားမိပါက ဝမ်းကြာတိုက်အတွင်းရှိ သန္ဓေသားငယ်သည် ရဲရဲပူသော မီးကျီးထဲသို့ ပစ်ချခံရသကဲ့သို့ ခံစားရမည်ကို ဖေဖေက စိုးရိမ်သည်။

အငန်၊ အချဉ်၊ အစပ် စသည်တို့ကို မစားသောက်ရန်လည်း ဖေဖေက သတိပေးသည်။

စားမိပါက ဝမ်းတွင်းရှိ ကလေးသူငယ်ကို ဓားလှံဖြင့် ဆွ၍ ဆားဖြင့်နယ်ခြင်းခံရဘိသကဲ့သို့ နာကျင်ခြင်းကို ရောက်စေသည်ဟု ဖေဖေက သတိပေးပါသည်။

ဖေဖေ၏မေတ္တာသည် အလွန်ကြီးမားလှပါသည်။
မြင်ရသေးသော သားသမီးများအပေါ် ထားရှိသည့်မေတ္တာ
သည်ကား နှိုင်းဆ၍မရနိုင်တော့ပါ။

ဖေဖေသည် အရက်လုံးဝမသောက်ပါ။ သားသမီးများ
ကိုလည်း အရက်သောက်လျှင် ခွင့်မလွှတ်ပါ။

မိမိသည် မိဘ၏ဆိုဆုံးမမှုကို မြေဝယ်မကျ နာခံသော
အားဖြင့် အရက်မသောက်၊ ဆေးလိပ်မသောက်၊ ကွမ်းမစားပါ။
တတ်နိုင်သမျှ မိမိကိုယ် မိမိ ထိန်းသိမ်း ကြပ်မတ်နေထိုင်လျှက်
ရှိပါသည်။

ဆိုခဲ့စေ မြဲစေ ပြောဆိုသင့်ကြောင်းကို သတိပေးဆုံးမ
သည်။

စကားငြင်းဆိုမှုများ မပြုရကြောင်းကိုလည်း
ဆုံးမသည်။

ဖေဖေ၏ပုံရိပ်သဏ္ဍာန်များ မိမိအား လွှမ်းခြုံထားဆဲပါ။

# ခိုးယူခြင်း



မိမိသည် ငါးတန်းကျောင်းသားအရွယ် ရောက်ရှိနေပြီး ကျောင်းပိတ်ရက် တစ်ရက်တွင် ထမင်းစားနေသည်။

အိမ်တွင် ကုန်စုံဆိုင်ကလေး တည်ထားသည်။ ထိုနေ့က မေမေသည် ဈေးသို့သွားနေသည်။ ဖေဖေနှင့် မိမိသာလျှင် နေအိမ်တွင် ရှိနေခဲ့သည်။ ထမင်းစားနေစဉ် ဈေးဝယ် သူတစ်ဦး ရောက်လာပြီး မန်ကျည်းသီး ဆယ်ပြားဖိုး လာဝယ် သည်။

မကျည်းသီး ဆယ်ပြားဖိုး ရောင်းပြီးသောအခါ ဈေးဝယ်သူပေးသည့် ပိုက်ဆံဆယ်ပြားစေ့ကို ပိုက်ဆံပုံးထဲသို့ မိမိမထည့်မိခဲ့ပါ။

ကျောင်းသွားလျှင် သူငယ်ချင်းများနှင့် ဆီးထုပ်ဝယ်စား မည်ဟု စိတ်ကူးပြီး ထိုဆယ်ပြားစေ့ကို ဝတ်ဆင်ထားသည့် ဘောင်းဘီသားရေကြိုးနှင့် လိပ်ယူထားလိုက်မိသည်။

ပြီးနောက် မသိချင်ဟန်ဆောင်၍ ထမင်းကို ဆက်စား နေလိုက်သည်။ ထမင်းစားပြီးချိန် ဖေဖေသည် လက်ဆေး၍ လက်သုတ်ပုဝါနှင့်သုတ်သည်။ ရေနွေးကြမ်းကို ငုံကာ ပလုပ်ကျင်းပြီး အိမ်ရှေ့ထွက်၍ ထွေးလိုက်သည်။ ပြီးနောက် ဘာမပြော ညာမပြောနှင့် ဈေးဆိုင်ပေါ်ရှိ ပိုက်ဆံပုံးကို ဖွင့်ကြည့် လိုက်သည်။

မိမိက ဖေဖေ ထိုသို့ ပိုက်ဆံသေတ္တာကို ကြည့်နေ ကြောင်း သိသောအခါ မလုံမလဲဖြစ်လာသည်။

သိသွားရင် ဒုက္ခ။

ဒူးများလည်း တဆတ်ဆတ်တုန်လာသည်။

အို ကိစ္စမရှိပါဘူး။ ပိုက်ဆံသေတ္တာထဲမှာ ပိုက်ဆံအကြွေတွေ အများကြီးရှိတော့ မကျည်းသီးရောင်းလိုက်တဲ့ ပိုက်ဆံဆယ်ပြား သေတ္တာထဲ ရောက်သည်၊ မရောက်သည် ဖေဖေ မသိနိုင်ပါဘူးဟု စိတ်ကို ဖြေသိမ့်လိုက်သည်။

ထိုစဉ် အိမ်ရှေ့ဘက်ဆီမှ တင်းမာခက်ထန်သော ခေါ်သံတစ်ခု ကြားလိုက်ရသည်။

"သား လာဦး"

မိမိက ဆေးလက်စပန်းကန်ကို ချထားပြီး လက်ကို လက်သုတ်ပုဝါဖြင့် သုတ်ကာ အိမ်ရှေ့ဘက်သို့ ထွက်လာသည်။

ဖေဖေက မိမိအား မတ်တတ်ရပ်စေပြီး စကားတစ်ခွန်း ပြောလိုက်သည်။

"ခုန ဈေးရောင်းလို့ရတဲ့ ပိုက်ဆံဆယ်ပြား ဘယ်မှာလဲ၊ ပေးစမ်း"

ဖေဖေ၏အသံမှာ အနည်းငယ်တင်းမာပြီး ပြတ်သားနေသည်။ မိမိသည် သူခိုးလူမိဖြစ်သွားပြီး ဖေဖေပြောတာကို မငြင်းဆိုနိုင်သဖြင့် ကြောင်အမ်းအမ်း ဖြစ်နေသည်။

ဖေဖေက ဆက်ပြောသည်။

"သား ယူထားတဲ့ ပိုက်ဆံဆယ်ပြားစေ့ ဖေဖေ့ကို ပေးပါ၊ သားမယူဘူးလို့ ပြောရင် နောက်ထပ် လိမ်လည်တာ အပြစ်တစ်ပြစ် တိုးသွားလိမ့်မယ်"

မိမိ မငြင်းသာ။ ဖေဖေကလည်း မသေချာဘဲ ကြေညာတတ်သူမဟုတ်ပါ။

ချည်ပြီးတုတ်ပြီး သေချာပေါက် တောင်းနေပြီမို့ မငြင်းသာတော့ဘဲ ခါးကြားဘောင်းဘီတွင် လိမ်၍ယူထားသော ဆယ်ပြားစေ့ကိုထုတ်၍ ပေးလိုက်ရတော့သည်။

ဖေဖေသည် အကျင့်စာရိတ္တနှင့်ပတ်သက်၍ လုံးဝခွင့်လွှတ်တတ်သူမဟုတ်ပါ။

"နောက်ကို ခိုးတာ ဝှက်တာ ဘယ်တော့မှ မလုပ်နဲ့ ဖေဖေ မကြိုက်ဘူး"

ဖေဖေ၏ တင်းမာတိကျ ပြတ်သားသော စကားလုံးများသည် မိမိ၏ဘဝတစ်သက်တာတွင် ဘယ်တော့မှ မေ့နိုင်တော့မည်မဟုတ်ပါ။

ပိုက်ဆံသေတ္တာထဲရှိ ငွေများစွာကို စနစ်တကျ ရေတွက်ထားနိုင်သောဖေဖေ၏ စေ့စပ်မှု၊ သေချာမှုကလည်း အတုယူဖွယ်ရာ ကောင်းလှပါသည်။

ဖေဖေ၏ ရိုးရိုးသားသား နေထိုင်မှုကြောင့် မိမိတို့ မိသားစုလေးသည် ချမ်းသာကြွယ်ဝမှုမရှိသော်လည်း အသင့်

အတင့် စားသောက်နိုင်ကြသည်။ ဖေဖေ၏ ဂုဏ်သိက္ခာကြောင့် ရပ်ရွာအတွင်း သားသမီးများ မျက်နှာရခဲ့ကြသည်။

ဖေဖေသည် နောက်ဆုံးအချိန်ထိ ရိုးရိုးသားသားနှင့် နေသွားသည်။


**"သား မှတ်ထား၊ လူဆင်းရဲချင် ဆင်းရဲပါစေ၊ စာရိတ္တမဆင်းရဲပါစေနဲ့"**

ဖေဖေသည် စာရိတ္တကို အလွန်တန်ဖိုးထားသူ ဖြစ်သည်။ ဖေဖေ၏ ဘဝတစ်လျှောက်လုံးတွင် စာရိတ္တနှင့် ပတ်သက်လျှင် မင်နီကြက်ခြေ တစ်စက်မျှ မထင်ကျန်ရစ်ခဲ့ပါ။

ဖေဖေသည် ဖြူစင်သန့်ရှင်းသော သီလစင်ကြယ်သော စာရိတ္တပိုင်ရှင် တစ်ဦးဖြစ်ပါသည်။

**"လေးကျွန်းထိပ်ခေါင်၊**
**မြင်းမိုရ်တောင်နှင့်၊**
**ချိန်ဆောင်နှိုင်းလည်း၊**
**အတိုင်းမသိ၊**
**ကျေးဇူးရှိသည်"**
**(ကန်တော်မင်းကျောင်းဆရာတော်၏ လောကရသာဆုံးမစာ)**

# သစ်



**ငပ** ဖေသည် လက်သမားပညာကိုလည်း အထိုက်အလျောက် တတ်ကျွမ်းသူ ဖြစ်သည်။

မိမိတို့မိသားစု နေထိုင်သောအိမ်သည် နှစ်ဆောင်ပြိုင်အိမ်ကြီးဖြစ်သည်။ အနံတစ်ပေ ထုတစ်လက်မ အပြည့်ရှိသော ကျွန်းပျဉ်ကြီးများကို သံမရိုက်ဘဲ နေအိမ်ပေါ်တွင် ခင်းထားသည်။

ကျွန်းပျဉ်ကြီးများပေါ်တွင် ဆေးဆိုးပန်းရိုက် ဆေးရေးပန်းချီဖြင့် ရှေးခေတ် ပုဂံမင်းဆက်လက်ရာများကို တွေ့ခဲ့ရသည်။

လက်သမားပညာနှင့် ပတ်သက်၍ သားသမီးများကို လက်ဆင့်ကမ်းသင်ကြားပေးသည်။

"သစ်အကြားမှာ ဝါးမညှပ်ကောင်းဘူး။ ဝါးနဲ့သစ်ထပ်ပြီး မဆက်ကောင်းဘူး။ အချို့သစ်တွေက မသန့်တာပါလာရင် သစ်တောက်၊ သစ်ခြောက် ဖြစ်တတ်တယ်။ သစ်တောက် တယ်ဆိုတာ တကျစ်ကျစ် တတောက်တောက်နဲ့ သစ်သား က အသံမြည်တာပဲ။ သစ်ခြောက်တာကို ပျောက်စေချင်ရင် သစ်မင်းနဲ့ တိုင်ထဲကို ရိုက်သွင်းရတယ်"

ဖေဖေက ဂမ္ဘီရဆန်သော သစ်တောက် သစ်ခြောက်ခြင်းကို သားသမီးများအား ရှင်းပြခဲ့ဖူးသည်။

"ပရိဘောဂတွေ လုပ်မယ်ဆိုရင် ကျွန်းသစ်က အကောင်းဆုံးပဲသားရဲ့၊ နှစ်ရှည်လည်း ခံတယ်၊ ခြတွေ ပိုးတွေ မစားဘူး"

မိမိက သိလိုသမျှ ဖေဖေ့အား မေးကြည့်မိသည်။

ဖေဖေသည် သစ်နှင့်ပတ်သက်၍လည်း တတ်သိနားလည်ခဲ့သူ နှံ့နှံ့စပ်စပ်ရှိသူဖြစ်သည်။ ဖေဖေပြောပြ၍ သိခဲ့ရသော သစ်အကြောင်းကို စာပေများတွင် လေ့လာကြည့်

သောအခါ ဖေဖေ ပြောခဲ့သည့်စကားမှာ မလွဲဧကန် အမှန်ဖြစ်ကြောင်းကို လက်တွေ့သိမြင်ခဲ့ရပါသည်။

အတတ်ပညာ၊ အသိပညာများကို အသေးစိတ်မကျန် မှတ်နိုင်စွမ်းအားရှိသော ဖေဖေ့ဉာဏ်ကို မိမိတို့ အံ့ဩဂုဏ်ယူမိပါသည်။

ဖေဖေ၏ အလေးထားဂရုစိုက်မှု၊ မေမေ၏ အစားအသောက် အသွားအလာ အနေအထိုင် ဆင်ခြင်မှုများ ပြုရုံမျှသာ မကပါ။

ဖွားမြင်လာသောအခါတွင်လည်း **"ယောကျ်ားဖောင်စီး၊ မိန်းမ မီးနေ"** ဆိုရိုးစကားအတိုင်း သေဘေးနှင့်အနီးကပ် ရင်ဆိုင်ကြရပါသည်။

သေရမည်လော၊ ရှင်ရမည်လောဟု တွေးတောကာ ရင်မောကြရသည်။

သေမင်းနှင့်စစ်ခင်းကာ သူနိုင်ကိုယ်နိုင် အပြိုင်ကြပြီး မေမေသည် သားသမီးများကို အသက်စွန့်၍ မွေးဖွားခဲ့ကြသည်။ သေမင်းထံ အသက်ကိုအပ်နှံကာ ခက်ခက်ခဲခဲ နာနာကျင်ကျင်ဖြင့် သားသမီးများကို လူ့လောကထဲသို့အရောက်ပို့ပေးခဲ့ပါသည်။

မွေးဖွားရ ခက်ခဲသော မိခင်များသည် ဆေးပညာရှင်များ၏ ဖြတ်တောက်ခြင်း၊ ခွဲစိပ်ခြင်း၊ လှီးထုတ်ခြင်းတို့

ပြုခြင်းကိုလည်း နာနာကျင်ကျင်ဖြင့် မရှုမလှ ခံစားခဲ့ကြရပါသည်။

သားသမီးများကို မွေးဖွားရာ၌ မေမေသည် သတိမေ့မြောကာ အသက်ထွက်လုမတတ် ဆင်းရဲဒုက္ခကို ခံစား၍ မိမိတို့အား လူ့လောကထဲသို့ ပို့ဆောင်ပေးခဲ့ကြသည့် ကျေးဇူးရှင် ဖေဖေနှင့်မေမေကို ဤနေရာမှ လက်စုံမိုး၍ ရှိခိုးကန်တော့အပ်ပါသည်။

“လက်သစ်တောင်သာ၊
ယူဇနာပေါင်း၊
တာပြန်လောင်းသော်၊
ရှစ်သောင်းလေးထောင်၊
အမြင့်ဆောင်သား၊
တောင်မြင်းမိုရ်ရှိ၊
ဂုဏ်ကျေးဘိသည်၊
မွေးမိဘခင် ကျေးဇူးရှင်နှင့်”

(ရှင်မဟာရဋ္ဌသာရ၏ လက်သစ်တောင်တာဆုံးမစာ)

# ပြောတိုင်းယုံ



၉၆ ဖေသည် မိမိအားခေါ်၍ အရာရာတွင် အယုံမလွယ်
တတ်စေရန် စိတ်ဝင်စားဖွယ်ပြော၍ ဆိုဆုံးမဖူး
ပါသည်။

"သားရေ တစ်ခါတုန်းက တူဝရီးနှစ်ယောက် ရှိကြတယ်။ တူဖြစ်သူက အိမ်ခေါင်မိုးပေါ်တက်ပြီး အမိုး မိုးနေတုန်း မီးဖိုချောင်က မီးထလောင်တယ်။

အဲဒီအခါမှာ တူဖြစ်သူဟာ ဘာလုပ်လို့ ဘာကိုင် ရမှန်းမသိ ဖြစ်နေတယ်။ ဘေးဘက်မှာ ကောက်ရိုးပုံကြီး တစ်ပုံရှိနေတယ်။ အိမ်ရှေ့ဘက်မှာ ဦးလေးက မတ်တတ် ရပ်ရင်း တူဖြစ်သူကို လှမ်းကြည့်နေတယ်။ ပြီးတော့ ငါ့တူရေ ဦးလေးဆီကို ခုန်ချလိုက်၊ ဦးလေး လှမ်းဖမ်း ထားပေးမယ်လို့ ပြောလိုက်တယ်။

တူဖြစ်သူဟာ ရုတ်တရက် တွေဝေစဉ်းစားသွားပြီး သူ့ဦးလေးပြောတဲ့အတိုင်း စိတ်ချလက်ချ ယုံကြည်စွာနဲ့ ဦးလေးရှိရာဘက်ကို ခေါင်မိုးပေါ်မှ ခုန်ချလိုက်ပါတယ်။

ဦးလေးဟာ ဒီအတိုင်းကြည့်နေလိုက်တာ တူဖြစ်သူ မြေကြီးပေါ်ကို ကျသွားတော့တယ်။ မြေကြီးပေါ်မှာ သဲများ ရှိနေလို့ မကျိုးမပဲ့ပေမယ့် အနာတရတော့ ဖြစ်သွား ပါတယ်။

အဲဒီအခါမှာ တူဖြစ်သူက ဦးလေးဘာလို့ ကျွန်တော့်ကို လှမ်းဖမ်းမထားတာလဲလို့ မေးလိုက်တယ်။

ဦးလေးက ဒီဘက်ကို ခုန်ချလိုက်လို့ ပြောတာကို ငါ့တူကဘာဖြစ်လို့ ခုန်ချလိုက်တာလဲ။ တကယ်ဆိုရင်

ဟိုဘက်က ကောက်ရိုးကြီးပေါ်ကို ခုန်ချသင့်တာပေါ့။ တူဖြစ်သူက ဦးလေးကိုယုံလို့ ဦးလေးဘက်ကို ခုန်ချလိုက်တာပေါ့လို့ ပြန်ဖြေလိုက်ပါတယ်။

အဲဒါ ငါ့တူမှားတာပေါ့၊ လောကမှာ ဦးလေးကို ယုံသလိုပဲ ငါ့တူယုံကြည်ရမယ့်သူတွေ လောကမှာအများကြီး တွေ့လာလိမ့်မယ်။

တစ်ခါတစ်ရံမှာ မိမိယုံကြည်သလို ဖြစ်မလာဘူးဆိုတာ ငါ့တူကိုလက်တွေ့ပြလိုက်တာပဲ။ နောက်ဆိုရင် ငါ့တူကို ယုံအောင်ပြောကြမယ့်သူတွေ အများကြီးတွေ့လာရင် ဘာပဲဖြစ်ဖြစ် အလွယ်တကူမယုံဘဲ ဖြစ်သင့်ဖြစ်ထိုက်တာကို ဆောင်ရွက်ရမယ်ဆိုတာ ငါ့တူမှတ်ထား" ဟု ပြောခဲ့ဖူးကြောင်း နမူနာပြ၍ ဖေဖေ ဆုံးမခဲ့ဖူးပါသည်။

ဟုတ်ပါသည်။ ဖေဖေပြောသည့် တူဝရီးနှစ်ယောက်မှာ တူဖြစ်သူသည် ဦးလေးဖြစ်သူကို ယုံကြည်မိသဖြင့် ကောက်ရိုးပုံပေါ် ခုန်မချဘဲ ဦးလေးရှိရာဘက်သို့ မြေပြင်မှန်းသိလျှက် ခုန်ချလိုက်မိသည်ကို သင်ခန်းစာယူ၍ လောကတွင် ယုံကြည်အောင် ပြောကြမည့်သူတွေ အများကြီးရှိပါလား။ သူတို့ပြောတိုင်းကော ယုံသင့်ပါသလား။ ဘာကို လုပ်ဆောင်သင့်သလဲ ဆိုတဲ့ အချက်အလက်တွေ ဦးနှောက်ထဲ ရောက်ရှိလာပါသည်။

ဖေဖေ၏ ဆိုဆုံးမစကားသည် ထိုစဉ်က တန်ဖိုးကို နားမလည်ခဲ့သော်လည်း ယခုအခါ မိမိဘဝ၌ ဆက်ဆံလုပ်ကိုင်ရသည့် ပတ်ဝန်းကျင်တွင် မိမိအား ယုံကြည်အောင် အမျိုးမျိုး ပြောဆိုနေကြသူများကို ကိုယ်တိုင်ကြုံတွေ့ခဲ့ရပါသည်။

ဖေဖေပြောခဲ့သည့် အသိ၊ သတိတို့ကို ပေါင်းစပ်ပြီး သူများပြောတိုင်း ယုံလွယ်တတ်သည့်အကျင့်ကို ဖောက်ဖျက်နိုင်ခဲ့ပါသည်။

ဖေဖေ၏ဆိုဆုံးမမှုများသည် တန်ဖိုးအနဂ္ဃထိုက်တန်လှသည့် နိယာမတရားများပင် ဖြစ်ပါသည်။

ဖေဖေရယ် သားနားလည်ပါပြီ။ သူများပြောတိုင်း ယုံတတ်တဲ့အကျင့်စရိုက်ဆိုးတွေ နည်းနိုင်သမျှနည်းအောင် ကြိုးစားနေပါတယ်။



# ရှေ့နေဆို ပျို့မှ သမားဆို အိုမှ



မိသည် ဥပဒေပညာ သင်ကြားပြီး ရှေ့နေရှေ့ရ
လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ တစ်ဦ
ဖြစ်ပါသည်။ တပ်မတော်မှ အငြိမ်းစားယူပြီး ရှေ့နေဖြစ်ကာ
အချိန်တွင် မိမိအသက်မှာ (၃၀) အရွယ်ခန့်သာ ရှိပါသေးသည်

ဖျတ်လတ်တက်ကြွ နေချိန်ဖြစ်ပါသည်။ ဦးနှောက
ကလည်း ဖွံ့ဖြိုးမှု တိုးတက်ခြင်းအရှိန်အဟုန် မြင့်မားပြီ
ဉာဏ်ရည်ကလည်း ရွှင်ပျနေချိန် ဖြစ်ပါသည်။

ထိုစဉ် ရှေ့နေကြီးများက မိမိအား နောက်ပြော
ကျီစယ်၍ **"ရှေ့နေပေါက်စ ထောင်ခြောက်လ"** ဟု ပြော
တတ်ကြသည်။ ထိုသို့ ပြောသည့်အချိန် ဖေဖေ၏ပြောစက
မိမိနား ထဲသို့ ပြန်လည်ကြားယောင်လာသည်။

**"သား ရှေ့နေဆို ပျို့မှ၊ သမားဆို အိုမှ"** အောင်မြ
နိုင်ကြောင်း ရှင်းပြခဲ့ဖူးပါသည်။

မိမိသည်လည်း ဖခင်၏စကားကို အမှတ်တရဖြ
လူပုံအလယ်တွင် ဝင့်ဝင့်ထည်ထည် ပြောခဲ့ပါသည်။

**"ရှေ့နေဆို ပျို့မှ၊ သမားဆို အိုမှ"** အိုတဲ့ရှေ့နေမှ
ထိုင်းမှိုင်းကုန်ပြီ၊ တွေဝေငေးမောနေသည်၊ ချီတုံချတုံ မတင်မ
ဖြစ်ပြီး ဆုံးဖြတ်ချက်များ လွဲတတ်သည်ဟု ပြန်လည်ချေပခဲ့
ထိုစဉ်က ရှေ့နေကြီးများ မချိသွားဖြဲ ပြုံးရယ်ခဲ့ကြသည်။

ဖေဖေ၏စကား မှတ်သားထိုက်ပါသည်။

ဖေဖေသည် ကျန်းမာရေးနှင့်ပတ်သက်၍ အထူး
ရှုပြုသူ ဖြစ်သည်။ အနယ်နယ်အရပ်ရပ်သို့ နယ်လှည့်တာဝန်
မ်းဆောင်ရာတွင် ဆေးရုံဆေးခန်းနှင့် အနီးဆုံးအရပ်ဒေသကို
ွေးချယ်၍ နေထိုင်တတ်ပါသည်။

အရေးအကြောင်းရှိလျှင် ဆေးရုံ ဆေးခန်းကို အားကိုး
ပြုရမည် မဟုတ်ပါလား။ ဆေးရုံ ဆေးခန်းဟု ဆိုရာ၌လည်း
ရာဝန်ဖြစ်ကာစ လူငယ်ဆရာဝန်များထံတွင် ဆေးကုသခံ
လေ့မရှိပါ။ သမားဆို အိုမှ ဆိုသည့်စကားအတိုင်း အသက်
ရွယ်ကြီးရင့်သော၊ အတွေ့အကြုံရင့်ကျက်သော၊ တည်ငြိမ်မှု
သော သမားတော် ဆရာဝန်ကြီးများထံတွင်သာ ဆေးကုသမှု
ယူတတ်ပါသည်။

မေမေသည် သားသမီးများ ဖွားမြင်ပြီးသောအခါ၌
သက်ပမာချစ်မြတ်နိုးရသည့် သားသမီးရတနာတို့၏ မျက်နှာ
တွေ့မြင်လိုက်ရသောအခါဝယ် ချစ်ခြင်း၊ နှစ်သက်ခြင်း
ည်းဟူသော မေတ္တာအဟုန်၊ ပီတိအဟုန်တို့ တစ်ကိုယ်လုံး
နှံ့၍ ရိုးတွင်းချဥ်ဆီထိအောင် ရောက်ရှိသွားပါသည်။

မေမေ၏ အသည်းနှလုံးမှ ထွက်ပေါ်လာသည့်
သွေးတို့သည် အနီရဲရဲ ရှိခဲ့သော်လည်း သားသမီးများ
ပေါ် ထားရှိသည့် မေတ္တာအဟုန်ကြောင့် ဖြူဖွေးသော
ရောင်သို့ကူးပြောင်းကာ နို့ရည်အဖြစ် သားသမီးတို့၏

ဆာလောင်မွတ်သိပ်ခြင်းကို ဖြေဖျောက်ပေးခဲ့ပါသည်။

သားသမီးငယ်တို့၏ မစင်အညစ်အကြေးတို့ကို ဖေဖေ မေမေတို့သည် မရွံ့မရှာ ကိုင်တွယ်၍ သုတ်သင်ပေးသည်။ မစင်ပေနေသော အနှီးအဝတ်ကို မရွံ့မရှာ ကိုင်တွယ်လျှော်ဖွပ် ဆေးကြောပေးကြသည်။ အိပ်ရေးပျက်၍ အိပ်မောကျနေသည့် ညဥ့်နက်သန်း ခေါင် အချိန်ဖြစ်သော်လည်း သားသမီးငယ် နိုး၍ ငိုကြွေးခဲ့လျှင် မေမေသည် အိပ်ရေးပျက်ခံကာ နို့ချိုတိုက်ကျွေး မစင်များကို ဆေးကြောသုတ်သင်ပေးပါသည်။

မေမေ့အား ညှော်နံ့သင့်းပင်း ကင်းစင်လေအောင် ရှောင်ရှားနိုင်ရေး ဖေဖေက သတိပေးပါသည်။ သားသမီးငယ် တို့အား ဖုတ်၊ တစ္ဆေ၊ မှင်စာ၊ မကွာရု၊ မကွာဝါ စသော သူငယ်နာ မျိုးစုံ မကပ်ရောက်နိုင်အောင် ဆရာတို့နှင့်မေးမြန်းစုံစမ်း၍ ဆေးဝါးလက်ဖွဲ့တို့ဖြင့် ဖေဖေသည် သားသမီးများကို ကာကွယ် စောင့်ရှောက်ပေးခဲ့ပါသည်။

သားသမီးမကျန်းမာလျှင်လည်း ဖေဖေသည် ရင်ခွင် ပိုက်ထွေး ရင်ငွေ့ပေး၍ မအိပ်မစက် အစာအာဟာရကို မမက်နိုင်ဘဲ စိုးရိမ်ကြီးစွာဖြင့် အရိပ်တကြည့်ကြည့် စောင့်ရှောက် ပေးတတ်ပါသည်။ ဤသည်မှာလည်း မှတ်သားထိုက်သော အချက် ဖြစ်ပါသည်။

# ဆုံးမစကား (၂)

ဖေ ဖေသည် မြန်မာ့ရိုးရာ စကားပုံများ၊ ဆိုရိုးစကားများ၊ ဥပမာ ဥပမည်းများကို လက်သုံးစကားဖြင့် ပြောလေ့ပြောထ ဆုံးမတတ်သူ ဖြစ်သည်။

"သားရေ ဘာပဲပြောပြော မပြေးသော် ကန့်ရာရှိ ဆိုတာလို တစ်ဖက်သားက ဘယ်လိုပဲငြင်းငြင်း မပြေးပါဘူး ဘယ်လိုပဲဆိုဆို မြေကြီးပေါ်က ခြေထောက်နဲ့ ကန်ထားတဲ့ အရာကိုကြည့်ရင် ဒါဟာ ပြေးထားတာပဲလို့ မှတ်ယူနိုင်တာပဲ"ဟု ဆိုဆုံးမဖူးသည်။

"ညဘက် သူခိုး သူခိုး အော်ရင် အော်တဲ့အချိန် ခြေထဆေးတာမျိုး မလုပ်ရဘူးသား။ ဘာ့ဖြစ်လို့လဲ ဆိုတော့ ရပ်ကွက်ထဲမှာ သူခိုးလိုက်နေတဲ့အချိန် သားက ခြေထဆေးလို့ ခြေထောက်မှာရေစိုနေရင် သားကို သူခိုးလို့ စွပ်စွဲကြမှာပေါ့။ ဓားခုတ်ရာကို ဘယ်တော့မှ လက်မလျှိုနဲ့ သားရေ"ဟု ပြောပြခဲ့ဖူးပါသည်။

ဖေဖေ၏ စိတ်ကူးသည် မှန်သည်၊ မှားသည်တော့ မိမိ မဝေဖန်လိုပါ။

ဘာသာတရား ကိုင်းရှိုင်းပြီး ဘုရား၏ အဆုံးအမကို လိုက်နာကျင့်ကြံသည်ဆိုရာ၌ မြန်မာပြည်အနှံ့တွင်ရှိသော စေတီပုထိုး ကျောင်းကန်ဘုရားများကို ငွေကုန်ကြေးကျခံ၍ တကူးတက သွားရောက်ဖူးမြော်မှ ကုသိုလ်ရသည်တော့ မဟုတ်နိုင်ဟု ဖေဖေယူဆထားသည်။ သီလ၊ သမာဓိ၊ ပညာတို့ အားကောင်းလျှင် ကောင်းသလောက် ကုသိုလ်ထူး အကျိုးတရားများ ရရှိနိုင်လိမ့်မည်ဟု ဖေဖေပြောသည်ကို ကျွန်တော် ယုံကြည်လက်ခံမိပါသည်။

လှူဒါန်းရာ၌လည်း စေတနာမပါသော အလှူသည် အရာမထင်ကြောင်း၊ ညောင်ပင်ကြီးလောက် လှူသော်လည်း ညောင်စေ့လောက်မျှ ကုသိုလ်မရနိုင်ကြောင်း၊ ညောင်စေ့လောက် လှူသော်လည်း စိတ်ထားမွန်မြတ်ပါက ညောင်ပင်ကြီးမက ကုသိုလ်များရနိုင်ကြောင်း ဖေဖေက ရှင်းပြပါသည်။

ဖေဖေသည် မိခင်နှင့်သားသမီးများ မကြောင့်မကြ မတောင့်မတ လိုလေသေးမရှိအောင် စားဝတ်နေရေး ပြည့်စုံစေရန် ကြိုးပမ်းရှာဖွေ လုပ်ကိုင်ဆောင်ရွက်ပေးခဲ့ပါသည်။

ဇနီးမယားနှင့် သမီးသားတို့အတွက် ပူပင်သောက ကြီးစွာ စိုးရိမ်ကြီးစွာဖြင့် ကရုဏာမေတ္တာတို့ လွှမ်းခြုံကာ ပင်ပန်းဆင်းရဲခံ၍ ရှာဖွေလုပ်ကိုင်ကျွေးပါသည်။

ဖေဖေ မေမေတို့သည် သားသမီးတို့နှင့် ပတ်သက်၍ ထားအပ်သော မေတ္တာ၊ ကရုဏာ၊ မုဒိတာတို့သည် အတိုင်းမသိ များပြားလှသည်သာ ဖြစ်တော့သည်။

ဩော် . . . ဖေဖေရယ် . . .။

ဖေဖေ့စကား မှတ်သားထိုက်သည်ကို သတိရလိုက်မိပြန်သည်။ နေအိမ်ကြမ်းကြားတွင် ဓားကို ထိုးစိုက်ချမထားသင့်ကြောင်း ဆုံးမခဲ့ဖူးသည်။ အဘယ်ကြောင့်ဆိုသော် နေအိမ်အောက်ဆိုသည်မှာ ကလေးငယ်များ ပြေးလွှားဆော့တတ်သလို ခွေးဝက်တိရစ္ဆာန်များ တိုးဝှေ့ဖြတ်သန်းသွားတတ်သည့် နေရာဖြစ်လေရာ အန္တရာယ်ရှိသဖြင့် ဓားကို နေအိမ်ကြမ်းကြားတွင် တွဲလောင်းချမထားသင့်ကြောင်း ဆုံးမခဲ့ပါသည်။

"မကောင်းမြစ်တာ၊ ကောင်းရာညွှတ်လတ်
အတတ်သင်စေ၊ ပေးဝေနှီးရင်း
ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်
ဖခင်မယ်တို့တာ"

(သိင်္ဂါလသုတ်)

# နာလန်ထ ရေချိုးရက်



၉၆ ဖေသည် လောကီရေးရာ နည်းလမ်းများကို အပတ်တကုတ် လေ့လာလိုက်စားသူ ဖြစ်လေရာ ဖေဖေ ပြောပြသည့် ဗဟုသုတဖြစ်ဖွယ် အချက်အချို့ကိုလည်း အမှတ်ရသရွေ့ ပြန်လည်တင်ပြလိုပါသည်။

လူတို့ ဖျားနာကြရာတွင် ဆေးဝါးကုသ၍ ရောဂါပျောက်ကင်းသွားပြီး နာလန်ထစသူများသည် ဖျားနာနေစဉ် တစ်လျှောက်လုံး ရေမချိုးရသဖြင့် နေကောင်းသွားသော အချိန်တွင် ရေချိုးချင်ကြပေလိမ့်မည်။

ဖေဖေက နာလန်ထစသူများ ရေမချိုးသင့်သောနေ့မှာ **"ငါ့သားရွှေတောင်၊ ရေကိုရှောင်၊ အောင်စံဖြိုး ရေချိုးရက်"** ဟု ပြောပြခဲ့ပါသည်။

နာလန်ထရေချိုးရမည့်နေ့များနှင့် ပတ်သက်၍ လေ့လာကြည့်ရာတွင်

ရေမချိုးရသည့်နေ့ရက်များမှာ-

ငါ့ = တနင်္လာနေ့

သား = သောကြာနေ့

ရွှေ = ဗုဒ္ဓဟူးနေ့

တောင် = စနေနေ့ တို့ ဖြစ်ပါသည်။

ရေချိုးရမည့်နေ့ရက်များမှာ-

အောင် = တနင်္ဂနွေနေ့

စံ = အင်္ဂါနေ့

ဖြိုး = ကြာသပတေးနေ့တို့ ဖြစ်ပါသည်။

ဖေဖေရှင်းပြလိုက်သဖြင့် နာလန်ထလူနာများ ရေချိုးရမည့်နေ့မှာ တနင်္ဂနွေ၊ အင်္ဂါနှင့် ကြာသပတေးနေ့တို့ဖြစ်ကြောင်း မှတ်သားမိပါသည်။

ဖေဖေသည် ကိစ္စတစ်ခုကို ပြုသည့်အခါတိုင်း **“ရှေးထုံးလည်း မပယ်နှင့်၊ ဈေးသုံးလည်း မလွယ်နှင့်”** ဆိုသကဲ့သို့ ဂက်ရာဇာ၊ ပြဿဒါး၊ နဂါးဦးခေါင်းလှည့် စသည်တို့ကို တွက်ချက်ပြီးမှ ဆောင်ရွက်လေ့ရှိသည်။

ဖေနှင့် မေမေတို့သည် သားသမီးများ အရွယ်ရောက်လာသောအခါ လောကအလယ်၌ လူတစ်လုံး သူတစ်လုံးအဖြစ် ရပ်တည်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရပြန်သည်။ သားသမီးများ ဒုက္ခဆင်းရဲ အလွဲလွဲ အမှားမှား ဖြစ်သွားကြမည်ကို စိုးရိမ်ခဲ့ကြပါသည်။

ဆရာကောင်း သမားကောင်း ကျောင်းကောင်းများကို ရှာဖွေ၍ အတတ်ပညာများကို သင်ပေးခဲ့ပြန်ပါသည်။

သားသမီးများ၏ဘဝတွင် သုံးမကုန်အောင် ပြည့်စုံလှသည့် ရွှေအိုးကြီးနှင့်တူသည့် ပညာကို ငယ်စဉ်အခါကပင် ဖြည့်ဆည်းပေးခဲ့ပါသည်။

သားသမီးတို့အပေါ်၌ ဖေဖေ မေမေတို့ ထားရှိခဲ့သော စေတနာ မေတ္တာတရားသည် အလွန်ပင်ကြီးမားလှပါသည်။

ဖေဖေ၏လမ်းညွှန်ဆုံးမမှုများကြောင့် မိမိဘဝတွင် နစ်နစ်နာနာ ထိခိုက်ဖွယ်ရာ ပြဿနာများ ကင်းဝေးခဲ့ရပါသည်။

ဖေဖေ့စကား သားမှတ်ထားပါတယ် ဖေဖေ . . .။



# ကျက်သရေမင်္ဂလာ

၆၉ ဖေသည် နေအိမ်၏ ကျက်သရေကိုလည်း အမြဲ အလေးထားသူ ဖြစ်ပါသည်။ နံနက် ဝေလီဝေလင်း အချိန် အိပ်ရာမှ စောစောထတတ်သည်။ မိုးချုပ်လျှင်လည်း စောစော အိပ်ရာဝင်တတ်သည်။ နံနက် မိုးလင်းလျှင် နေအိမ်တံခါးများကို လိုက်၍ ဖွင့်ခိုင်းသည်။ တံခါးဖွင့်ရာ၌ တံခါးချိတ်များကို ချိတ်ထား ခိုင်းသည်။ ဒီအတိုင်းထားလို့ လေတိုက်လျှင် တံခါးပျက်စီးမည်။ တံခါးပေါက်ပေါ် လက်တင်ထားလျှင် ထိခိုက်ဒဏ်ရာရမည်။ ဤသည်ကို ဆင်ခြင်ရန် တံခါးဖွင့်သည့် အခါ ချိတ်များချိတ်ထားပါဟု ဖေဖေက မှာကြားခြင်း ဖြစ်သည်။

မိုးချုပ်လျှင် နေအိမ်တံခါးများကို ပိတ်ခိုင်းသည်။ တံခါးမင်းတုန်းကို သေချာအောင် ချခိုင်းသည်။ တံခါးမင်းတုန်း ချပြီးလျှင် ဒီအတိုင်းမထားဘဲ မင်းတုန်းကို ဘေးသို့ ရွှေ့ပြောင်းထားခိုင်းသည်။ ပြင်ပမှ သူခိုးများ အလွယ်တကူ မဖွင့်နိုင်ရန် ဖြစ်သည်ဟု ဖေဖေက ပြောသည်။

နေအိမ်ကို သော့ခတ်လျှင်လည်း သော့ခတ်ရုံဖြင့် မပြီး၊ ပြန်ပွင့်၊ မပွင့် သော့ခလောက်ကို ဆွဲကြည့်ခိုင်းပြန်သည်။

တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်ခန့် ဆွဲကြည့်၍မှ မထူးခြားလျှင် စိတ်ချရသည်။ ဟုတ်ပါသည်။ သော့များသည် တစ်ခါတစ်ရံ သော့ခတ်ပိတ်လိုက်သော်လည်း မမျှော်လင့်ဘဲ ပြန်ပွင့်နေတတ်သည်။

သတိမမူ ဂူမမြင်၊ သတိမူတော့ မြူပင် မြင်နိုင်သည် မဟုတ်ပါလား။ မိသားစုအတွက် ကျက်သရေဆောင်ခဲ့သော ဖေဖေ ကောင်းရာသုဂတိ ရောက်ပါစေ။

**"အသက်သခင်၊ ကျေးဇူးရှင်၊ ဖခင်မွေးမယ်လှ"** ဆိုသည့်အတိုင်း မေမေသည် ပဋိသန္ဓေ တည်ရှိလာလျှင် ဝမ်းတွင်း၌ ကိန်းအောင်းနေသော သားသမီးငယ်များ အသက်ရှင်စွာ မွေးဖွားစိမ့်သောငှာ အစားအစာ ဆေးဝါးတို့ကို သတိကြီးစွာ စားသောက်ရန် ဖေဖေက အမြဲသတိပေးပါသည်။

အနေအထိုင် အသွားအလာ သတိကြီးစွာထား၍ ချစ်ရန်လည်း ဖေဖေက သတိပေးပါသည်။

ဖေဖေ မေမေတို့သည် အသက်ပမာ စောင့်ရှောက်လာခဲ့ခြင်းများကြောင့် သားသမီးတို့သည် အသက်မသေဘဲ ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းဖြင့် နေထိုင်နိုင်ကြခြင်း ဖြစ်ပါသည်။ ဖေဖေ မေမေတို့၏ ကျေးဇူးသည်ကား ဆပ်၍ပင် ကုန်နိုင်မည်မထင်ပါ။

# ထမင်းစားလျှင်



၆၅ ဖေသည် စည်းကမ်းအလွန်ကြီးသည့်အပြင် အလွန်ချေ့တာသူ ဖြစ်သည်။ ထမင်းစားလျှင် ပန်းကန်နှုတ်ခမ်းပေါ်သို့ ထမင်းဟင်းများ မတင်စေရပါ။ ပန်းကန်နှုတ်ခမ်းသတ်၍ စားကြရပါသည်။ ထမင်းစားနေစဉ် စကားမပြောရပါ။ ပါးစပ်တွင်းမှ ထမင်းလုံးများ ပြင်ပသို့ ထွက်ကျလာနိုင်သည်။ ဟင်းခတ်လျှင် ထမင်းစားသည့် လက်နှင့် ကိုင်ခွင့်မပေးပါ။ ဝဲဘက်လက်ဖြင့် ဟင်းကိုခတ်ကြရ သည်။ ထမင်းစားလျှင် ထမင်းလုံးများ စားပွဲပေါ်သို့ မကျရောက် စေရပါ။

ထမင်းစားလျှင် လက်ချောင်းများပေါ် ထမင်းလုံးများ မပေကျံစေရပါ။ လက်ဆေးရာတွင်လည်း လက်ကို ရေဖြင့် အကြမ်းဆေးပြီးမှ ဇလုံထဲသို့ နှိုက်ဆေးရသည်။

စားသောက်ပြီးနောက် လက်တွင်အဆီကပ်နေပါက လက်ဆေးရေအတွင်းသို့ သံပုရာရည်၊ ရှောက်ရည်များ ညှစ်ထည့်ရသည်။ အပူအစပ်များကို လွန်ကဲစွာ စားခြင်းမပြုရန်လည်း ဆိုဆုံးမသည်။ စေ့စပ်သေချာလွန်းသော ဖေဖေ့အပေါ် ပို၍လေးစား မိပါသည်။

ဖေဖေနှင့် မေမေသည် မိဘဟူသောဂုဏ်ပုဒ် ရလာသည်နှင့်တစ်ပြိုင်နက် မိဘတို့ဆိုင်ရာ ကျင့်ဝတ်များကို ဆောက်တည်လုပ်ကိုင်လာကြသည်။

မိဘဖြစ်လာသောသူသည် မိမိတို့၏မိဘကို ပြုစုလုပ်ကျွေးခြင်းဟူသော ကျေးဟောင်းကိုလည်း ပေးဆပ်ကြရပါသည်။

သားသမီးတို့ကို ကျွေးမွေးပြုစု ထောက်ပံ့ခြင်းတည်းဟူသော ကြွေးသစ်ကိုလည်း ချကြရပါသည်။

သားသမီးများကို အတိုင်းအထွာ အဆဲအရေး စသည်တို့ကို တားမြစ်ပေးသည်။

သားသမီးများ အတုမြင် အတတ်သင် ဖြစ်လာမည်ကိုလည်း စိုးရိမ်ခဲ့ကြသည်။

ငယ်စဉ်ကပင် ဘုရားရှိခိုးခြင်း၊ တရားနာခြင်း၊ သံဃာတော်ကို ကြည်ညိုလေးစား ဆည်းကပ်လာတတ်အောင် လိမ္မာရေးခြားရှိသော စာများကို ဖတ်ရှုလာအောင် အထူးသင်ပေးခဲ့ကြသည်။

ဖေဖေ မေမေသည် မိဘဝတ္တရားနှင့်အညီ သွန်သင်ဆုံးမမှု ပြုခဲ့ကြပါသည်။

မိဘဝတ္တရားနှင့်အညီ မသွန်သင် မဆုံးမ မပြုပြင်ပေးလျှင် **"သားကိုငယ်က မဆုံးမက မိဘတလည် ရန်သူမည်၏"** ဆိုသည့်စကားအတိုင်း သားသမီးတို့အတွက် မဆုံးမသောမိဘသည် ရန်သူပမာ ဖြစ်ကြရပါသည်။

# အိမ်မြှောင်စုတ်ထိုး



ငနာ ရာတိုင်းလိုလိုတွင် အိမ်မြှောင်များ ရှိတတ်သည်။ မကြာခဏဆိုသလို အိမ်မြှောင်စုတ်ထိုးတတ်ကြသည်။

ဖေဖေနဲ့စကားပြောနေစဉ် နေအိမ်တိုင်ကြားမှ အိမ်မြှောင်စုတ်ထိုးသံကို ကြားလိုက်ကြရသည်။ ထိုအခါ ဖေဖေက အိမ်မြှောင်စုတ်ထိုး အတိတ်နိမိတ်များအကြောင်းကို စာဖြင့် လိုက်လံရေးမှတ်ထားရန် ပြောရာ မိမိသည်လည်း မှတ်စုစာအုပ်ကို အပြေးအလွှားယူပြီး မှတ်ထားခဲ့ပါသည်။

အရှေ့အရပ်က စုတ်ထိုးရင် လာဘ်ရမယ်၊ ပူဇော်ခံရမယ်။ အနောက်အရပ်က စုတ်ထိုးရင် အမျိုးသမီးဧည့်သည် လာတတ်တယ်၊ အိမ်ထောင်ကျတတ်တယ်။ တောင်အရပ်က စုတ်ထိုးရင် အစားကောင်းစားရမယ်။ မြောက်အရပ်က စုတ်ထိုးရင် သတင်းထူးကြားရမယ်။

အထက်ပါ အတိတ်နိမိတ်များကို ဖေဖေသည် မည်သည့်အချိန်၊ မည်သည့်အခါက သင်ယူတတ်မြောက်ထားကြောင်းကို မပြောပြသော်လည်း သားသမီးများ၊ နောင်လာနောက်သားများ မှတ်သားဖွယ်ရာ လောကီပညာရပ်များကို တတ်မြောက်ကျွမ်းကျင်သူ ဖေဖေ့အား သားသမီးများက အထူးလေးစားကြပါသည်။

အတိတ်နိမိတ်ဟူသည် တိုက်ဆိုင်မှုသက်သက်သာမဟုတ်။ ပရလောက၊ ဝိညာဉ်လောကတို့၏ လှုပ်ရှားမှုသင်္ကာန်ပုံရိပ်များကိုလည်း တစ်ခါတစ်ရံ စိတ်ဝင်စားဖွယ်ရာပုံပြင်များသဖွယ် ပြောပြတတ်သေးသည်။

ယခုအခါ သေဆုံးသူများ၏ နာရေးကိစ္စများတွင် မိမိက ဦးဆောင်ပါဝင် ဆောင်ရွက်ပေးနေရာ ကြောက်စိတ်ဟူသည် လုံးဝကင်းစင်ခဲ့ရသည်။

ဖေဖေ မေမေတို့သည် သားသမီးများကို မွေးဖွားပေးရုံမျှဖြင့် တာဝန်ပြီးဆုံးသွားသည်ဟူ၍ မရှိပါ။

သားသမီးများ လောကအလယ် တင့်တင့်တယ်တယ် နေထိုင်နိုင်ရေးအတွက် အထူးကရုစိုက်၍ ပညာတတ်အောင် သင်ပေးခဲ့ပါသည်။

**"အစကောင်းမှ အဲနှောင်းသေချာ"** ဆိုသောစကား အတိုင်း ဖေဖေ မေမေတို့သည် သားသမီးများကို ပညာတည်း ဟူသော အလင်းမျက်စေ့ကို ဖွင့်ပေးခဲ့ပါသည်။

ပညာတည်းဟူသော ရွှေအိုးကိုပေး၍ ထောက်ပံ့ပေး ခဲ့ကြပါသည်။

ဖေဖေ၏ကျေးဇူးကြောင့်ပင် ဖြစ်တော့သည်။



# လေးစားမှု

ညီ အစ်ကိုမောင်နှမအားလုံးတွင် အကြီးဆုံး အစ်ကို အစ်မများသည် အစ်ကိုအကြီး အဘအရာ၊ အစ်မအကြီး အမိအရာဟု သတ်မှတ်သည်။ ကြီးစဉ်ငယ်လိုက် အစ်ကိုအကြီး၊ အစ်မအကြီး ပြောသည့်စကားကို ငယ်သူများက လေးစား လိုက်နာကြရသည်။

ခွန်းတုံ့ပြန်၍ ပြောဆိုမှုမျိုး မပြုကြရပါ။ အကြီးဖြစ်သူက ရိုက်နှက်ဆုံးမလျှင်လည်း အငယ်ဖြစ်သူသည် ငြင်းပယ်ခွင့်မရှိ။ မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ နာခံကြရသည်။ အကယ်၍ အကြီးဖြစ်သူ၏ ပြောဆိုချက်၊ လုပ်ဆောင်ချက်မှားယွင်းနေလျှင် မိဘနှစ်ပါးကို သဘောရိုးဖြင့် တင်ပြခွင့်ရှိသည်။

အကြီးဖြစ်သူကိုတော့ ပြန်လည်ပြောဆိုခွင့် မပြုပါ။

ဖေဖေ မေမေတို့သည် သားသမီးတို့၏ အခြေအနေကို ကြည့်ရှု၍ သင့်လျော်သောအချိန်ကာလတွင် သားသမီးတို့ လုပ်ကိုင်စားသောက်နိုင်ရန်အတွက် ဥစ္စာပစ္စည်းတို့ကို ခွဲခြမ်းစိတ်ဖြာ၍ ပေးဝေခဲ့ပါသည်။

သားသမီးများ အရွယ်ရောက်လာပြန်လျှင်လည်း

သင့်တော်သော အမျိုးသား၊ အမျိုးသမီးတို့နှင့် အိမ်ထောင်ချ ထားပေးခဲ့ကြသည်။

"လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဘ" ဆိုသည့်အတိုင်း သားသမီးတို့ လိမ္မာပါးနပ် ကျွမ်းကျင်မှုသည် မိဘတို့၏ အပေါ်တွင်သာ တည်ရှိနေပါသည်။ သားသမီး မကောင်း မိဘခေါင်းဆိုသော စကားအတိုင်း သားသမီးများ မလိမ္မာ ဆိုးမိုက်မှုသည် အလိုလိုနေရင်း မိဘများကြောင့်ဟု မှတ်ယူတတ်ကြပါသည်။

* စေတီမှန်းထား၊ မြတ်ဘုရား၊ တည်ထားကောင်းလျက် ညောင်ပင်ဖျက်သည်။
* မင်းကောင်းပါလျက်၊ မင်းပြောင်ဖျက်သည်။
* ဣတ္တိယမူ၊ ရူပကောင်းလျက်၊ ဆံထုံးဖျက်သည်။
* ဓမ္မသတ်တရား ရှိပါငြားလည်း၊ တိမ်းပါးငဲ့ကွက် လက်ဆောင်ဖျက်သည်။

(တောင်ဖီလာဆရာတော် လောကသဘာဝ ဆုံးမစာ)

# ကိုယ်စောင့်နတ်



ညအိပ်ရာဝင်လျှင် ဘုရားရှိခိုးရသည်။ မိဘနှစ်ပါးနှင့် ကျေးဇူးတင်ထိုက်သူ အားလုံးကို ရှိခိုးကန်တော့ မေတ္တာပို့ပြီးမှ အိပ်ကြရသည်။

နံနက်စောစော အိပ်ရာမှထရသည်။ အိပ်ရာမှ ထလျှင် သွားတိုက်၊ မျက်နှာသစ်ခိုင်းသည်။ မျက်နှာမသစ်ဘဲ ဒီအတိုင်း နေ၍မရ။ အိပ်ရာထ နောက်ကျလျှင်လည်း ကိုယ်စောင့်နတ်များ နတ်သဘင်အစည်းအဝေးသို့ သွားရန် နောက်ကျနေသဖြင့် မိမိကို ကျိန်ဆဲဓာတ်ကြောင်း ပြောပြထားသူဖြင့် ကိုယ်စောင့်နတ် ကျိန်ဆဲမည်ကို ကြောက်ရွံ့ပြီး အိပ်ရာမှ စောစောထသည့် အလေ့အကျင့်ကောင်းတစ်ခု ရလာခဲ့သည်။

လူတို့၏ကိုယ်တွင် ကိုယ်စောင့်နတ် တကယ်ရှိကြောင်း ဖေဖေက ရှင်းပြသည်။

**ကိုယ်စောင့်နတ် သုံးပါးရှိတယ်။ ဦးခေါင်းကို စောင့်တဲ့နတ်၊ ကိုယ်ကိုစောင့်တဲ့နတ်နဲ့ ခြေကိုစောင့်တဲ့နတ် ဆိုပြီး သုံးပါးအပြားရှိတယ်။**

နံနက်အခါ ဦးခေါင်းမှာ ကျက်သရေနေတယ်၊ နေ့အခါ ကိုယ်မှာ ကျက်သရေနေတယ်။ ညဉ့်အခါ ခြေမှာကျက်သရေ နေတယ်။ အချိန်အခါကိုလိုက်ပြီး သန့်ရှင်းစင်ကြယ်ရမယ်လို့ ဓမ္မာစရိယ၊ ဥပဇ္ဈာစရိယ ဖြစ်တော်မူတဲ့ ပထမဇေတဝန် ကျောင်းတိုက်တည် ဆရာမြတ်ရဲ့ ဆုံးမစကားလည်း ရှိတယ်ဟု ဖေဖေက ပြောပြသည်။

မင်းရာဇာလျှောက်ထုံးတွင်-

သိရီသုံးပါးဟူသည်ကား ကြိုးတန်း၊ ကြိမ်တန်းအောက် မလျှိုရ။ ခါးဝတ်ပုဆိုးကို အထက်အောက်ပြန်၍ မဝတ်ရ။ ခြေမဆေးဘဲ အိပ်ရာသို့ မဝင်ရ။ ဤသုံးပါးကို သိရီသုံးပါးဟု ခေါ်ဆိုကြောင်း ဖေဖေက ပြောပါသည်။

ဘောဇ္ဇရောက် ကေတုဝတ္ထုတွင်-

ခါးဝတ်ပုဆိုးကို ဦးခေါင်းထက်သို့ မတင်ရာဟု ပညာရှိသူတော်ကောင်းတို့ ဆိုသည်ဟူ၍ လာသည်များကို ထောက်သော် လျော်ကန်သင့်မြတ်ပေသည်ဟု ဖေဖေက ပြောပြသည်။ ထို့အပြင်ပညာကိုစောင့်သောနတ်၊ ကျက်သရေကို စောင့်သောနတ်၊ ဥစ္စာကိုစောင့်သောနတ်ဟူ၍ သုံးပါးအပြား ရှိသည်ဟုလည်း ဖေဖေပြောပြ၍ မှတ်သားဖူးပါသည်။

လောကီရာမကျမ်း၊ သဒ္ဒကျမ်း၊ ဒဏ္ဍီကျမ်းများတွင် သူရဿတီနတ်သမီးသည် စကားတတ်သည်၊ ပညာကို စောင့်ရှောက်သည်ဟု လေ့လာဖူးပါသည်။

ကိုယ်စောင့်နတ်ရှိသည်ဟု ဖေဖေပြောပြစဉ်က ကလေးအတွေး တွေးခဲ့သည်။ စာပေကျမ်းဂန်များကို လေ့လာသောအခါတွင် ကိုယ်စောင့်နတ်တကယ်ရှိကြောင်း သိလာခဲ့ရပါသည်။ ဖေဖေပြောပြသမျှသည် စာပေကျမ်းဂန်များနှင့် တစ်သားတည်းဖြစ်ကြောင်း တွေ့လာခဲ့ရသည်။

**"သားတို့ရှုပ်ရည် သီတာမည်သား၊ ရေကြည်ချမ်းမြ တစ်ပေါက်ကျက၊ မိဘတို့ဝမ်း ငြိမ်းစတမ်း"**

ရှေးစာဆိုကြီးများ ဆိုခဲ့ကြသည့်အတိုင်း သားသမီးများ၏ မျက်နှာကို မြင်တွေ့လိုက်ရခြင်းသည် စမ်းချောင်းထဲက ရေအေးလေးတစ်ပေါက် သောက်လိုက်ရသလို ဖေဖေ မေမေတို့ရဲ့ ဝမ်းထဲမှာ ကြည်နူးချမ်းမြေ့ ဖြစ်ကြရပါသည်။ ဖေဖေသည် အူဝဲ အူဝဲ နှင့် အတူချွဲကာ ငိုမည်နေရှာသော သားသမီးငယ်တို့၏ဘေးတွင် မတင်မကျ ရင်တမမနှင့် တစ်ညလုံး အရိပ်အခြည်ကို ကြည့်နေခဲ့ကြသည်။

မေတ္တာခေတ်များ ဖြန့်ဝေပြီး စောင့်ရှောက်ပေးနေသည့် ကြားထဲက သားသမီးများ အလိုမကျလို့ ငိုကြပြန်ပြီဆိုလျှင်လည်း ဖေဖေသည် နေမထိ ထိုင်မသာ ဖြစ်ခဲ့ရပြန်သည်။

လူပြည် လူ့လောက လူ့ဘဝရောက်ပြီဆိုပြန်တော့လည်း မိမိကိုယ်မိမိ အားမကိုးနိုင်ရှာသေးတဲ့ သားသမီးများဘဝကို ဖေဖေသည် စွန့်လွှတ်အနစ်နာခံ၍ စောင့်ရှောက်ပေးခဲ့ပါသည်။

ဖေဖေသည် သားသမီးတို့အပေါ် မေတ္တာကရုဏာ မုဒိတာတွေ အစုလိုက် အပုံလိုက် ပေးဝေပြီး ချစ်ခဲ့ကြသော် လည်း သားသမီးများ အရွယ်ရောက်လာကြသည့်အခါ အိမ်ထောင်ရက်သားကျ၍ မိဘတို့၏ရင်ခွင်မှ ခွဲခွာထွက်သွား ကြမည်ကို ရင်တမမနှင့် ရင်မောခဲ့ကြရပါသည်။

ဤနေရာမှ ဖေဖေ့ကို ရှိခိုးကန်တော့ပါသည်။

# ပစ္စည်းပျောက်

တနေ့ မိမိနှင့်အစ်မဖြစ်သူတို့ ကျောင်းကအပြန် အစ်မ၏ နားတွင်ပန်ဆင်ထားသည့် နားကွင်းတစ်ဖက်မှာ မည်သို့မည်ပုံ ကျ၍ပျောက်သွားသည်မသိ။ အစ်မမှာ ငိုယိုပြီး အိမ်သို့ပြန်လာသည်။ ဖေဖေက ဘာဖြစ်တာလဲဟု မေးရာ နားကွင်းတစ်ဖက် မည်သည့်နေရာတွင် ကျပျောက်သည်ကို မသိကြောင်း ပြောပါသည်။

ထိုအခါ ဖေဖေက ကောက်ကာငင်ကာဖြင့် မေမေ့ကို လှမ်းမေးလိုက်သည်။

**"ဒီနေ့ ဘာနေ့လဲဟေ့"**

မေမေက ပြက္ခဒိန်ကိုကြည့်ပြီး **"တနင်္လာနေ့"** ဖြစ်ကြောင်း ပြက္ခဒိန်ပေါ်လက်ညှိုးထောက်၍ ပြောပြလိုက်ရာ ဖေဖေက ပျောက်သောနားကွင်းကို သွားရောက်ရှာဖွေရမည့် နေရာအား ချက်ချင်း ပြောလိုက်ပါသည်။

**"ဒီနေ့ တနင်္လာနေ့ဆိုတော့ ပစ္စည်းပျောက်ရင် မြောက်အရပ်မှာရှိတဲ့ တောစပ်၊ မြက်တော၊ ကျူတောတွေ မှာ သွားရှာချေ"**ဟု ပြောလိုက်ပါသည်။

မေမေက သမီးဖြစ်သူ၏ လက်ကိုဆွဲ၍ ဖေဖေ ပြောသည့်အတိုင်း မြောက်အရပ်ဘက်သို့ ထွက်သွားပြီး ပျောက်သောနားကွင်းကို ရှာဖွေရာ မြက်တောအတွင်းမှ နားကွင်းလေး ပြန်လည်ရရှိလာသည်ကို တွေ့မြင်ရသောအခါ မိသားစုအားလုံး ဝမ်းပန်းတသာဖြစ်ကြရသည့်အပြင် တအံ့တသြထူးဆန်းစွာ မှတ်သားရပြန်ပါသည်။

ဖေဖေ့ လမ်းညွှန်ပြောပြချက်များသည် မိမိ၏ ဘဝ တစ်သက်တာတွင် မေ့ပျောက်၍ မရနိုင်အောင် အဖိုးတန်လှ ပါသည်။ သက်ကြီးစကား သက်ငယ်ကြား မှတ်သားရပေမည်။ မိမိသာမက လူသားအားလုံးအတွက် အကျိုးပြုနိုင်သော ဤပညာရပ်ကို ဖေဖေသည် မည်သည့်အချိန်၊ မည်သည့်အခါ၊ မည်သည့်နေရာတွင် မည်သူ့ထံမှ သင်ယူခဲ့ကြောင်းကိုမူ မိမိအား ပြောမပြ၍ မသိလိုက်ရပါ။

သို့ရာတွင် ပညာရပ်၏ တန်ဖိုးသည်ကား များပြား လှပါသည်။ ဖေဖေရဲ့သား ဖြစ်ရသည်ကို ဂုဏ်ယူမိပါသည်။ မြင်းမိုရ်တောင်ရိပ် မွေးအိပ်ရာဝယ် ရရှိလာခဲ့သော သုတ အဖြာဖြာများစွာတို့သည် ဖေဖေ၏ပညာဘဏ်တိုက်အတွင်းမှ နှိုက်ယူမကုန်နိုင်သော ပညာရွှေအိုးကြီးပင် ဖြစ်ပါတော့သည်။

# မိုးကောင်းမှာလား

ဗေဒင်လောကီရေးရာ မှတ်သားဖွယ်ရာများနှင့် ပတ်သက်၍လည်း ဖေဖေသည် မကြာခဏ သားသမီးများကို ပြောဆိုရှင်းပြ လေ့ရှိပါသည်။ ဖေဖေပြောပြခဲ့သော မှတ်သားဖွယ်ရာများ အနက် အချို့ကို တင်ပြလိုပါသည်။

"ဒီနှစ် မိုးကောင်းမယ်၊ မကောင်းဘူးဆိုတာ သစ်ပင်အဖျားမှာ ငှက်တွေ အသိုက်လုပ်တာကို ကြည့်၍ ဒီနှစ်အဖို့ မိုးကောင်းမယ့်ကာလလို့ သိရတယ်။

ပုစွန်ဟာ ရေစပ်မှာတွင်းဝမထားဘဲ ကုန်းပိုင်းမှာ တွင်းဝထားရင်လည်း မိုးကောင်းမယ်လို့ သိနိုင်တယ်။

လောကမှာ မမေးအပ်သည့် အရာသုံးပါးရှိတယ်။ အဲဒါကတော့ အိပ်ရာကထကာစအချိန်၊ ခရီးအဝေးမှ ရောက်လာတဲ့အချိန်၊ အမျက်ဒေါသ ပြင်းစွာဖြစ်နေချိန်တွေမှာ မိမိမေးမြန်းလိုသမျှကို မမေးအပ်ဘူး။

အိပ်မက် မက်ရခြင်းအကြောင်းကတော့ ယခင်က လေ့ကျင့်ဖူးလို့ မက်တတ်တယ်။ နိမိတ်ပြချင်ရင်လည်း မက်တတ်တယ်။ ဒါမှမဟုတ် နတ်တွေက လှည့်စား

ရင်လည်း မက်တတ်တယ်။ စိတ်ချောက်ခြားရင်လည်း မက်တတ်တယ်။

စွဲလမ်းရင်လည်း မက်တတ်တယ်။

ကက်ကင်းဓာတ်သဘောကတော့ -

ကင်းကြီးတော့ ကြက်သေ၊

ကြက်ကြီးတော့ ကင်းသေ၊

ညအချိန် ကြက်အပေါ်ကင်းဖြတ်သွားရင် ကြက်သေတတ်တယ်။

ကင်းက အအေး၊ ကြက်က အပူ၊

ညဆိုတာလည်း အအေးဓာတ်ပဲ။

ညအချိန်မှာ အအေးဓာတ်နဲ့ ကင်းအအေးဓာတ်တို့ ပေါင်းလိုက်တော့ အပူဖြစ်တဲ့ ကြက်သေရတာပဲလို့ ဖေဖေက ပြောပါသည်။ လောကီပညာ မှတ်ဖွယ်ရာများသည် မကုန်နိုင် မခန်းနိုင်အောင် ရှိပါသည်။

ဖေဖေသည် သိသမျှ တတ်သမျှ ပညာရပ်များကို ဆရာစားမချန် သင်ပေးခဲ့မှုများကြောင့် သားသမီးများသည် လောကအလယ်၌ တင့်တယ်နိုင်ခဲ့ကြပါသည်။

ဖေဖေ၏ကျေးဇူးတရား ကြီးမားလှပါသည်။

# ခြေရာမထင်

ယနေ့တွင် မိမိသိလိုသော ခြေရာမထင်ခြင်းအကြောင်း ဘယ်နှစ်မျိုး ရှိပါသလဲဟု မေးမြန်းရာ ဖေဖေက စိတ်ရှည်လက်ရှည် ပြန်ဖြေပါသည်။

**"အသားအရေနူးညံ့ သိမ်မွေ့လှတဲ့အတွက်** မြေတွင် ဝါးဂွမ်းကို ချလျှင် အရာမထင်သလို ခြေရာမထင် ဖြစ်တတ်တယ်။

ခွန်အားကြီးတဲ့ သိန္ဓောမြင်းဟာ ကြာရွက်ပေါ်ကို နင်းပေမယ့် ခြေရာမထင်ဘူးကွဲ့။

ခြေတော်ရာထင်လျှင် လူအများတို့ မနင်းဝံ့ကြကြလို့ မြတ်စွာဘုရားဟာ ခရီးသွားဆိတ်လတ္တံ့သည်ကို မြင်တော်မူလို့ ခြေရာမထင်ခြင်း ဖြစ်တယ်"လို့ ဖေဖေက ပြောပြပါသည်။

မိမိဘဝတွင် မိဘများ၏ ဆိုဆုံးမမှုများကြောင့် အသိတရားများ ကြွယ်ဝခဲ့ရသည်ကို မေ့နိုင်မည်မဟုတ်ပါ။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို သောက်တော်ရေချမ်းဆီမီးပန်းတွေနဲ့ လှူဒါန်းဆက်ကပ် ပူဇော်ကြတာ ကောင်းလှပါသည်။ ကုသိုလ်ရပါသည်။

သို့သော် မလှူဒါန်း မပူဇော်ရင်လည်း အဝီစိငရဲ ကျမသွားနိုင်ပါ။

သံဃာတော်အရှင်မြတ်များကို ဆွမ်းတစ်လုတ်၊ ရေတစ်မှုတ် လှူဒါန်းနိုင်လျှင် ကောင်းလှပါသည်။ ဆွမ်းမလောင်း မလှူ၍ အဝီစိငရဲသို့ မကျရောက်သွားနိုင်ပါ။

သို့သော် သားသမီးများအပေါ် ကျေးဇူးတော်အနန္တ တင်ရှိနေကြသော အနန္တဂိုဏ်းဝင် ကျေးဇူးရှင် ဖေဖေနှင့် မေမေ တို့အပေါ်တွင် မကျွေးမပေး ပြုစုစောင့်ရှောက်မှု မရှိဘဲ မရှိမသေ မလေးမစား ပစ်ထားကြမည်ဆိုလျှင် အပြစ်ရရှိ နိုင်ကြောင်း လေးလေးနက်နက် မှတ်သားမိပါသည်။

ဖေဖေသည် အသက်နှင့်ရင်းပြီး ရှာဖွေကျွေးခဲ့ပါသည်။ မေမေသည် ရင်နှင့်လွယ်၍ သားသမီးများကို မွေးဖွားပေးခဲ့ပါ သည်။

မွေးမေမေနှင့် ကျွေးဖေဖေတို့၏ ဂုဏ်ကျေးဇူးကို မမေ့မလျော့ ကျေးဇူးဆပ်ကြဖို့ လိုပါသည်။

"သူ့ကျွေးရှိရင် ဆပ်ရတယ်" ဆိုသည့်စကားအတိုင်း သားသမီးများအပေါ် ကျေးဇူးအကြွေးများ ရှိနေကြတဲ့ ဖေဖေနဲ့ မေမေတို့အပေါ် ကြည်ကြည်ဖြူဖြူနှင့် မငြူစူဘဲ ပြုစုကြဖို့ အထူးလိုအပ်ပါသည်။

ကျေးဇူးသိတတ် ကျေးဇူးဆပ်ကြရာမှာ ဖေဖေ မေမေတို့ လိုအပ်နေသမျှ ပြည့်စုံသွားကြစေဖို့ သားသမီးများက ကရုပြုမည်ဆိုလျှင် ဖေဖေ မေမေတို့၏ နှလုံးသားထဲ ရင်ထဲတွင် ကြည်နူးကျေနပ် နှစ်သက်သွားကြမည် ဖြစ်ပါသည်။

ဖေဖေ မေမေဆိုသောအရာကား အစားထိုး၍ မည်သည့်အခါမှ မရနိုင်ပါ။

မေမေဆိုသော စကားသံကိုကြားလိုက်သည်နှင့် မေမေ့ အပေါ်မှာ အားကိုးခြင်း၊ ယုံကြည်ခြင်း၊ ချစ်ခင်ခြင်းတို့ ဖြစ်ပေါ် ခဲ့ရပါသည်။ မေမေသည် ယုယတတ်သူ၊ စာနာတတ်သူ၊ ခွင့်လွှတ်သည်းခံတတ်သူ ဟူ၍ ပြောစမှတ်ပြုလောက်အောင် မေတ္တာပိုင်ရှင်ကြီး ဖြစ်ပါသည်။

မေမေ၏ ပုခက်လွှဲသောလက်ဖြင့် ကမ္ဘာလောကဓာတ် ကြီးကို မေတ္တာတရားနှင့် စိုးမိုးနိုင်လွန်းလှပါသည်။

ဖေဖေ မေမေတို့၏ ဂုဏ်ကျေးဇူးနှင့်ပတ်သက်၍ စာပေပညာရှင်များက အမျိုးမျိုးသီကုံးရေးဖွဲ့ကြပါသည်။ မည်သို့ပင် ရေးဖွဲ့စေကာမူ မိဘဂုဏ်သည်ကား ရေးဖွဲ့၍ မကုန်နိုင်ပါပေ။ ရှေးတုန်းက ရေးဖွဲ့ခဲ့ကြသည်။ ယခုလည်း ရေးဖွဲ့နေကြသည်။ နောက်နောင်ကိုလည်း ရေးနေကြဦး မည်သာ ဖြစ်သည်။

# ပျားရည်ပုလင်း ဘယ်လိုပိတ်



မေး မိ၏ ညီဖြစ်သူက ပျားရည်ပုလင်းတွင် ပုရွက်ဆိတ်များ ဝင်နေသည်ကို ဖေဖေ့အား ပြောပြရာ ဖေဖေက ပျားရည်ပုလင်းကို ပုရွက်ဆိတ် မဝင်နိုင်သည့်နည်းကို ပြောပြပေးပါသည်။

"ပျားရည်ပုလင်းကို ပုရွက်ဆိတ် ဝင်တယ်ဆိုတာ သဘာဝပဲ။ ပုရွက်ဆိတ် မဝင်စေချင်ရင် ပျားရည်ပုလင်း အဝမှာ ဝါဂွမ်းနဲ့ လုံအောင်ဆို့ပိတ်ပါ။ ဝါဂွမ်းပေါ်ကနေပြီး ပုလင်းအဖုံးကို ပိတ်လိုက်ရင် အဲဒီပျားရည်ပုလင်းထဲကို ပုရွက်ဆိတ် လုံးဝမဝင်နိုင်တော့ဘူး မှတ်ထား သားရဲ့"

ဟုတ်ပါသည်။ ဖေဖေပြောသည့်အတိုင်း ပျားရည် ပုလင်းအဝတွင် ဝါဂွမ်းပိတ်ဆို့ပြီး အပေါ်မှ ပုလင်းအဖုံးကို ပိတ်ထားလိုက်ရာ ပျားရည်ပုလင်းထဲသို့ ပုရွက်ဆိတ်များ မဝင်တော့ကြောင်း လက်တွေ့မြင်ရလေရာ ဖေဖေ၏ အသိဉာဏ်ကြီးမားမှုကို မချီးကျူးဘဲ မနေနိုင်တော့ပါ။



# အငှားအရမ်း

ကျွန်ုပ်တို့က ရှိရှိ၊ မရှိရှိ ဝါသနာအရ သူတစ်ပါးထံ ချေးလေ့၊ ငှားလေ့ ရှိတတ်သည်။ ငှားရမ်းယူသည်ကိုလည်း မကောင်းသောအကျင့်ဆိုး ဖြစ်ကြောင်း ဆိုဆုံးမဖူးသည်။ သူတစ်ပါးထံမှ ငှားရမ်းလေ့ရှိ သူသည် အကြွေးထူ၍ ကျွန်ဖြစ်တတ်သည်ဟု ဖေဖေက ဆုံးမသည်။ ငှားရမ်းခြင်းနှင့် ပတ်သက်၍လည်း ဖေဖေပြော သည့် စကားတစ်ခွန်းကို မှတ်မိပါသေးသည်။

**"ဖောင်တိန်၊ မိန်းမ၊ နာရီ ဆိုတာ ဘယ်တော့မှ သူများကို မငှားရဘူး"**

ဖေဖေပြောသည့်စကားကို ငယ်စဉ်က နားမလည်ခဲ့ပါ။ ယခု တွေးကြည့်သည့်အခါမှသာ ဖေဖေပြောသည်မှာ အလွန်မှန်ကြောင်း သိရှိရပါသည်။ မိမိတို့ ငယ်စဉ်က ယခုခေတ် အသုံးပြုနေသည့် ဘောလ်ပင် မပေါ်သေးပါ။ မင်ထည့်၍ သုံးစွဲရသည့် ဖောင်တိန်များသာ ရှိပါသည်။

ဖောင်တိန်ကို အခြားသူသို့ ငှားရမ်းလိုက်လျှင် မင်ကုန်မည်၊ ဖောင်တိန်နစ် ပျက်စီးနိုင်သည်။ ဖောင်တိန် ပျောက်ဆုံးသွားနိုင်သည်။

နာရီမှာလည်း သူတစ်ပါးကိုငှားလျှင် နာရီကို ဟိုလှည့် ဒီလှည့်နှင့် ကလိတတ်ကြသည်။ ကြာလျှင် နာရီပျက်စီးမည်။

မိန်းမကိုလည်း တစ်ခြားသူသို့ငှားလျှင် မည်သို့ ဖြစ်သွားမည်ကို ငယ်စဉ်က မသိခဲ့သော်လည်း ယခုတော့ ဥပဒေသမားပီပီ ရှေ့နေလောကတွင် ကြုံတွေ့ခဲ့ရသော အမှုအခင်းများကို ခြုံငုံသုံးသပ်ပြီး ကောင်းကောင်းနားလည် ပါပြီ။ မတွေးဝံ့တော့ပါ။

ဤလောက၌ ရေးဖွဲ့၍မကုန်နိုင်သော အကြောင်း အရာသည် ဖေဖေ မေမေတို့၏အကြောင်းပင် ဖြစ်သည်။

လောကတွင် မိဘနှင့်သားသမီး၊ သားသမီးနှင့်မိဘ ဆိုသည်မှာ မည်သို့မျှ ကင်းကွာ၍မရကောင်းသောအရာ ဖြစ်ပါသည်။

မိဘဟူသည် တစ်ချိန်က သားသမီးဖြစ်ခဲ့ကြပြီး သားသမီးတို့သည်လည်း နောင်တစ်ချိန်မှာ မိဘဖြစ်လာကြဦး မည်ဖြစ်သည်။

မိမိတို့မိသားစုသည် အဓိပ္ပါယ်ပြည့်ဝသော မိသားစု ဖြစ်သည်။ ထိုသို့ အဓိပ္ပါယ်ပြည့်ဝရခြင်းသည် အိမ်ဦးနတ်၊ ခေါင်းဆောင်ကောင်း ဖေဖေ၏ စီမံအုပ်ချုပ်မှု၊ ထိန်းသိမ်း ကွပ်ကဲမှု၊ မှန်ကန်သောဦးဆောင်မှုတို့ကြောင့်ပင် ဖြစ်ပါသည်။

# စည်းကမ်း



စည်းကမ်းနှင့် ပတ်သက်လျှင် ဖေဖေပြောသည့်စကား သတိရမိပါသည်။

"မျဉ်းမတင်တဲ့လွှ၊ တက်မ, မရှိတဲ့လှေ၊ ကြိမ်နွယ် လျှော်မကွပ်တဲ့ကြမ်း ဗရမ်းဗတာ ဖြစ်တတ်တယ်"တဲ့။ မှတ်သားစရာကောင်းလေစွ။

သစ်သားကို လွှတိုက်ခွဲစိတ်ရာ၌ သစ်သားပေါ်တွင် ပေတံဖြင့် မျဉ်းဖြောင့်တစ်ကြောင်းကို ကြိုတင်မဆွဲဘဲ လွှတိုက်လျှင် လွှကြောင်း လိမ်ကောက်လွဲတတ်သည်။

လှေတွင်လည်း လှော်တက်ကို တက်မသဖွယ် အသုံးပြု၍ မိမိလိုရာခရီးကို သွားကြရသည်။ လှေတွင် တက်မ မရှိပါက ရေပေါ်တွင် ရောက်ချင်ရာသို့ ရောက်သွားပေတော့မည်။

ထိုနည်းတူစွာပင် ကြိမ်ပင်၊ နွယ်ပင်၊ လျှော်ပင်များဖြင့် ကြမ်းပြင်ကို မကွပ်ထားပါက ကြမ်းများ ဖရိုဖရဲရှိကြမည်ကို ဆိုလိုခြင်းဖြစ်သည်။

စည်းကမ်းသည် လူ၏တန်ဖိုးဖြစ်ကြောင်း ထိုစဉ်ကပင် မိမိ နားလည်ခဲ့ရသည်။

စည်းကမ်းလိုက်နာ ဘေးကင်းကွာဟု ဆိုထားသည် မဟုတ်ပါလား။

မိသားစုတစ်စုသည် လေးနက်သောအဓိပ္ပါယ်များနှင့် ပြည့်စုံဖို့လိုပါသည်။

ဖေဖေသည် မိဘကောင်းတစ်ယောက် အနေဖြင့် မိမိတို့ဘ၀ကို လှူမ်းခြုံခဲ့သည်။ မိမိတို့ကလည်း ဖေဖေ မေမေ တို့အပေါ် မြတ်နိုးစရာကောင်းလောက်အောင် ယဉ်ကျေး သိမ်မွေ့ခဲ့ပါသည်။

ဖေဖေသည် စိတ်ဓာတ်ရင့်ကျက်သူ ဖြစ်သည်။ သားသမီးများကို အလေ့အကျင့်ကောင်းများ ရရှိအောင် လေ့ကျင့်ပေးသည်။ အမူအရာကောင်းများလည်း သင်ပေးခဲ့ ပါသည်။



# ရဟန်းခံ



ပဲခူးမြို့ သီဟိုဠ်ဘုရားတွင် ဘုန်းကြီးကျောင်းတစ်ကျောင်း ရှိသည်။ ထိုကျောင်းမှဆရာတော်သည် ဗုဒ္ဓဂါယာမှ ရွှံ့စေးမြေများဖြင့် ဘုရားရုပ်တုများ ထုလုပ်၍ ကိုးကွယ်လိုသူများကို လှူဒါန်းသည်။

ဖေဖေသည် တစ်နှစ်လျှင်တစ်ကြိမ် သီဟိုဠ်ကျောင်း၌ သင်္ကန်းဝတ်လေ့ရှိသည်။ ဖေဖေသင်္ကန်းဝတ်လျှင် နွေကျောင်းပိတ်ရက်နှင့် ကြုံပါက မိမိကိုလည်း သင်္ကန်းဆီးခိုင်းသည်။

ကိုရင်ဘဝဖြင့် ဖခင်ကြီးနှင့်အတူ နေခဲ့ရသည်။

ဆွမ်းခံကြွသည့်အခါ ဖခင်ဦးပဥ္စင်းကြီးသည် ရှေ့ဆုံးမှ မျက်လွှာကိုချ၍ ဖြည်းညင်းစွာ တစ်လှမ်းခြင်း ကြွလှမ်းသည်။

ရဟန်းကျင့်ဝတ်သိက္ခာပုဒ်တို့ကိုလည်း ဖေဖေ လိုက်နာကျင့်သုံးသည်။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် ဘုရားဖြစ်တော်မူပြီး (၇)ဝါမြောက်သည့် ဝါဆိုဦးတွင် သရက်ဖြူပင်ရင်းမှ တာဝတိံသာနတ်ပြည်သို့ ကြွလှမ်းတော်မူခဲ့ပါသည်။

တာဝတိံသာနတ်ပြည်မှာ တုသိတာနတ်ပြည်မှ ရောက်လာသော မယ်တော်မာယာဒေဝီ ဖြစ်ခဲ့ဖူးသည့် သန္တုသိတ နတ်သားကြီးကို အမှူးထား၍ စကြဝဠာပေါင်းတိုက်တစ်သောင်းရှိ နတ်ဗြဟ္မာများကို ဝါတွင်းသုံးလပတ်လုံး

အဘိဓမ္မာဒေသနာတရားတော်ကြီးကို ဟောပြော၍ ကျေးဇူးဆပ်တော်မူခဲ့ပါသည်။

ဝါလကင်းလွတ် သီတင်းကျွတ်သောအခါ မယ်တော် မာယာဒေဝီ ဖြစ်ခဲ့ဖူးသည့် နတ်သားကြီးသည် သက္ကာယဒိဋ္ဌိနှင့် ဝိစိကိစ္ဆာတို့ကို ပယ်ခွာနိုင်သည့် သောတာပတ္တိမဂ်၊ သောတာပတ္တိဖိုလ် တစ်မဂ်တစ်ဖိုလ် ဆိုက်ရောက်ခဲ့ပါသည်။

မယ်တော်ဟောင်း နတ်သားကြီးကို တစ်မဂ် တစ်ဖိုလ် ရောက်အောင် တရားဓမ္မဖြင့် ကျေးဇူးဆပ်တော်မူနိုင်ခဲ့သည့် အတွက် မြတ်စွာဘုရားရှင်သည် အမေနို့ဖိုးကို ကျေအောင် ဆပ်တော်မူနိုင်ခဲ့ပါသည်။

မိမိ၏အပေါ်တွင် ကျေးဇူးတော်အနန္တ တည်ရှိနေသော မိဘနှစ်ပါး၏ ကျေးဇူးတရားကို နို့ကြွေးများ ကျေအောင်ဆပ် ချင်လျှင် လောကုတ္တရာ ကျေးဇူးဆပ်နည်းများဖြင့် ကျေးဇူး ဆပ်ကြရပါမည်။

လောကတွင် ကျေးဇူးဆပ်ရန် ခက်ခဲသည့်ပုဂ္ဂိုလ် နှစ်ယောက်ရှိပါသည်။ ထိုပုဂ္ဂိုလ်များသည် ဖေဖေနှင့် မေမေပင် ဖြစ်ပါသည်။

ဝဲဘက်ပုခုံးနှင့် ဖေဖေ့ကိုထမ်း၊ ယာဘက်ပုခုံးနှင့် မေမေ့ကိုထမ်း နှစ်တစ်ရာပတ်လုံး ခြေဆုပ်လက်နယ် နင်းနှိပ် ရေချိုးပေးတာမျိုး၊ နောက်ဆုံး ပုခုံးပေါ်မှာ ကျင်ကြီးကျင်ငယ်

စွန့်တာမျိုးကို ခံယူရင်း ပြုစုကြပေမယ့်လည်း မိဘတို့၏ကျေးဇူး ကြွေးသည်ကား ကျေနိုင်မည် မဟုတ်ပါ။

မဃဒေဝလင်္ကာတွင် -

"မိကိုလက်ယာ၊ ဖကိုလက်ဝဲ၊ အမြဲဆောင်ရွက်၊ ပုခုံးထက်၌ တင်လျက်လုပ်ကျွေး၊ မပြတ်မွေးလည်း၊ ကျေးဇူး ဂုဏ်ဆိုင်၊ မကုန်နိုင်ဘူး"ဟု ပြဆိုထားပါသည်။

မဟာပထဝီမြေတစ်ပြင်လုံးကို ပိုင်စိုးသော စကြဝတေး မင်းဘဝဖြင့် မိဘများကို ကျေးဇူးဆပ်သော်လည်း ကျေးဇူးကြွေး များကား ကျေဖို့မလွယ်ပါ။ ကောင်းသောအကျင့်သီလရှိသော ဖေဖေ၏သား ဖြစ်ရသည်ကို ဂုဏ်ယူမိပါသည်။

မိသားတစ်စု ချမ်းမြေ့ပျော်ရွှင်စွာ နေထိုင်နိုင်ရေးသည် ရင့်ကျက်တည်ငြိမ်သော မိဘတို့၏ လမ်းညွှန်မှုအောက်တွင် သားသမီးများက လိမ္မာယဉ်ကျေးစွာဖြင့် လိုက်နာကျင့်သုံးကြရ ပါသည်။ မိုမိတို့မိသားစု ချမ်းမြေ့ပျော်ရွှင်ခဲ့ရခြင်းသည် ဖေဖေ မေမေတို့၏ ရင့်ကျက်တည်ငြိမ်သည့် လမ်းညွှန်မှုအောက်တွင် ရောက်ခဲ့သောကြောင့် ဖြစ်ပါသည်။

မြင်းမိုရ်တောင်ရိပ် မှေးအိပ်ခဲ့ရသော မိမိဘဝသည် ယဉ်ကျေးလိမ္မာစွာဖြင့် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာ ခြင်းတို့ ရရှိခဲ့ပါသည်။

# မင်္ဂလာဗျူဟာ

ဖေဖေသည် ဗုဒ္ဓဘာသာထွန်းကားရာ နိုင်ငံ၌ ကြီးပြင်းခဲ့ရသူဖြစ်၍ ဘာသာသာသနာကို အလွန်ကိုင်းရှိုင်းသည်။ ရွှေတိဂုံအရှေ့ဘက်မုခ်ရှိ မင်္ဂလာဗျူဟာအသင်းချုပ်ကြီးတွင် ဖေဖေ ပါဝင်ဆောင်ရွက်ခဲ့သည်။

၁၉၆၉ ခုနှစ်မှစ၍ ကွယ်လွန်သည်အထိ တတ်နိုင်သည့်ဘက်က ပါဝင်ဆောင်ရွက်ခဲ့သူ ဖြစ်ပါသည်။

ယခုအခါ ဖေဖေ၏သား မိမိ၏အစ်ကို ဦးအုန်းမြင့်(နက္ခတ္တဝေဒပညာရှင်)သည် မင်္ဂလာဗျူဟာအသင်းချုပ်၏ အမှုဆောင်အဖြစ် တာဝန်ထမ်းဆောင်လျက် ရှိနေသည်။

မိမိသည်လည်း ဖခင်၏အမွေအနှစ် မင်္ဂလာဗျူဟာအသင်းချုပ်တွင် အသင်းဝင်တစ်ဦးအဖြစ် အမွေဆက်ခံဆောင်ရွက်နေသူလည်း ဖြစ်ပါသည်။

# အသားလှုပ်နိမိတ်

၆၀ ဖေသည် ထိုမျှသာမကသေး။ အသားလှုပ်နိမိတ်နှင့် ပတ်သက်၍လည်း သိသူဖြစ်သည်။

"အမှတ်တမဲ့ဖြစ်ဖြစ်၊ သိသိသာသာပဲဖြစ်ဖြစ် အသားအရေ လှုပ်ဖူးကြသလား။ အဲဒီလို ထူးထူးခြားခြား အသားလှုပ်ခြင်းဟာ အတိတ်နိမိတ်ပြခြင်းပဲ။

ဖေဖေက ထိုသို့ပြောစဉ် ညီအငယ်ဆုံး ကိုစိုးဝင်းက မျက်ခမ်းကို လက်နဲ့ကိုင်ပြီး တမင်လှုပ်ပြသည်။

"ဖေဖေ မျက်ခမ်းတွေလှုပ်နေတယ်။ ဘာဖြစ်မလဲ"

ထိုအမေးကို ဖေဖေက စိတ်မဆိုးဘဲ ပြုံး၍ရှင်းပြသည်-

"အသားလှုပ်တယ်ဆိုတာ တမင်တကာ လုပ်လို့ လှုပ်တာမျိုးမဟုတ်ဘဲ သူ့အလိုလို လှုပ်တာကိုပြောတာကွဲ့။

ယာအောက်မျက်ခမ်းလှုပ်ရင် ပူပင်သောကကြုံရ တတ်တယ်။

ထိုစဉ် မေမေက -

"ကိုဘစိုးရေ ကျွန်မ ယာဘက်အောက်မျက်ခမ်း တွေ ခဏခဏလှုပ်နေတယ်။ ရှင်ပြောသလိုမျိုး ပူပင် သောကကြုံရမှာကို ကျွန်မကြောက်တယ်"

မေမေက ထိုသို့ ဝင်ပြောလေရာ ဖေဖေက ရယ်ရယ်မောမောဖြင့် ပြန်ပြောလိုက်သည်။

"ယာအောက်မျက်ခမ်းလှုပ်ရင် ပူပင်သောကကြုံရတတ်သလို ချစ်သူနဲ့လည်း တွေ့ရတတ်တယ်ကွ။ မင်း ယာဘက်အောက်မျက်ခမ်းလှုပ်တယ်ဆိုတာ ငါနဲ့တွေ့မလို့နေမှာပေါ့"

သားသမီးများ ဝါးကနဲ ပွဲကျသွားတော့သည်။

ယာဘက်ပါးလှုပ်ရင်တော့ စုတ်ကော လာဘ်ကော ရတတ်တယ်။

သားဖြစ်သူ ကိုမြင့်သိန်းက ဝင်၍မေးလိုက်သည်။

"ဖေဖေ လာဘ်ဆိုတာ ပိုက်ဆံကိုပြောတာပေါ့နော်။ စုတ်ဆိုတာ ဘာလဲဟင်"

ဖေဖေက သားဖြစ်သူဘက်လှည့်ရင်း "စုတ်ဆိုတာ ရည်းစားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ် ရတတ်တာကို ပြောတာကွ၊ သားတို့သဘောပေါက်လွယ်အောင် စုတ်ဆိုတာ သက်ရှိ၊ လာဘ်ဆိုတာ သက်မဲ့လို့မှတ်"ဟု ဖေဖေက ရှင်းပြပါသည်။

ဖေဖေပြောသော လောကီရေးရာကျမ်းမှ အသားလှုပ်နိမိတ်များသည် ယနေ့တိုင် အသားလှုပ်၍ လာရောက်မေးမြန်းသူများကို မိမိက ဖေဖေမှာကြားသည့်အတိုင်း ပြောပြလေရာ မှန်ကန်ကြောင်းကို တွေ့ရပါသည်။

ဖေဖေ၏အသိဉာဏ်စွမ်းပကားသည် အံ့ဩဖွယ်ရာ ဖြစ်ပါသည်။

သားသမီးများအပေါ် လမ်းညွှန်ပြသ ဆိုဆုံးမမှု များသည် မြင်းမိုရ်တောင်ရိပ် မွေးအိပ်ခဲ့ရသော မိမိအဖို့ မည်သည့်ရတနာနှင့်မျှ နှိုင်းဆ၍ မရနိုင်လောက်အောင် တန်ဖိုးရှိလှပါသည်။ သုံးမကုန်အောင် ဖြစ်ခဲ့ရပါသည်။

ဖေဖေ မေမေနှင့် သားသမီးများ၊ သားသမီးများနှင့် ဖေဖေ မေမေတို့ ချစ်ခင်ကြင်နာစွာ သက်ဆုံးတိုင် နေထိုင် သွားနိုင်ခဲ့ကြပါသည်။

ဖေဖေ မေမေတို့ကလည်း မိဘတို့၏အဆင့်အတန်း၊ အရည်အသွေးပြည့်မီအောင် နေထိုင်သွားကြပါသည်။

မိမိတို့သားသမီးများကလည်း မိမိတို့ပြုကျင့်ရမည့် တာဝန်ဝတ္တရားအတိုင်း တုံ့ပြန်နိုင်ခဲ့ကြပါသည်။

ဖေဖေသည် ဇနီးဖြစ်သူနှင့် သားသမီးတို့အပေါ် နားလည်မှု အပြည့်အဝ ရှိခဲ့ပါသည်။

တစ်ခါတစ်ရံ မိဘနှင့်သားသမီး နားလည်မှုကလေးများ လွဲမှားပြီး အပေးအယူ မညီမျှသည်များလည်း ကြုံခဲ့ဖူးပါသည်။ ထိုသို့သောအခါ ဖေဖေသည် မိသားစုအပေါ် ငြိမ်းချမ်းမှု၊ သာယာမှု၊ ပျော်ရွှင်မှု ဖြစ်လာအောင် စွမ်းဆောင်နိုင်ခဲ့ပါသည်။

သားသမီးများအပေါ် အမှားအယွင်း နည်းနိုင်သမျှ နည်းစေရန် ဖေဖေ ကြိုးစားခဲ့ပါသည်။

သားသမီးများနှင့်လည်း အပေးအယူ ညီမျှဖို့ ဖေဖေ ဆောင်ရွက်ခဲ့ပါသည်။

နားလည်မှုလည်းရှိ အမှားအယွင်းလည်းနည်း၊ အပေး အယူလည်း ညီမျှခဲ့သောကြောင့် မိမိတို့မိသားစုအားလုံး စိတ်မချမ်းမြေ့ဖွယ်ရာများ ကင်းဝေးခဲ့ရပါသည်။

အမြင်အာရုံများလည်း ကြည်ကြည်လင်လင် ရှိခဲ့သည့် အတွက် ပတ်ဝန်းကျင်က မိမိတို့မိသားစုကို အားကျခဲ့ကြ ပါသည်။

ဖေဖေသည် အရည်အသွေး ပြည့်ဝသည့် စိတ်ဓာတ်ကို ပိုင်ဆိုင်ခဲ့သူဖြစ်သည်။ ဖေဖေသည် သားသမီးများကို ညီတူညီမျှ ချစ်မဝ ဖြစ်ခဲ့ကြပါသည်။ ဖေဖေ၏ ပြုစုယုယမှုမှာ မိမိတို့ မိသားစုတစ်ခုလုံး ပျော်ရွှင်ချမ်းမြေ့သွားစေပါသည်။ ဖေဖေ၏ ကိုယ်ပိုင်အရည်အသွေးသည် မိမိတို့မိသားစုအတွက် မရှိမဖြစ် လိုအပ်သော အရာပင်ဖြစ်ပါသည်။

ဖေဖေနှင့် မိမိကို စမ်းရေတံခွန်လေးနားက လိပ်ပြာ ကလေးများ ပျံဝဲနေသည့် ပန်းဥယျာဉ်လေးတစ်ခုနှင့် တင်စား လိုက်ချင်ပါသည်။

လိပ်ပြာကလေးများသည် အဆင်းရနံ့ သင်းပျံ့မွှေးကြိုင်နေသော ပန်းဥယျာဉ်ထဲတွင်သာ ပျော်မွေ့ကြပါသည်။ အရသာရှိသော ဝတ်ရည်ကလေးများ ပြည့်ဝလေလေ လိပ်ပြာကလေးများ ပျော်ရွှင်ကြည်နူးမှု ရှိလေလေ ဖြစ်သည်။

မိဘဆိုသည်ကလည်း မိမိမွေးထားသည့် သားသမီးများကြားတွင်သာ ပျော်မွေ့ကြပါသည်။ အရည်အသွေးပြည့်ဝပြီး လိမ္မာသော သားသမီးများလေလေ မိဘနှစ်ပါးတို့ ပျော်ရွှင်ကြည်နူးရလေ ဖြစ်သည်။


******************************

"လေးဘော်ထင်ရှား၊ အမျိုးသားအား၊ သနားမေတ္တာ၊ တရုဏာတိုက်တွန်း၊ ချီးပင့်ညွှန်း၍၊ ထူးဆန်းများမြောင်၊ ကျမ်းတုန်အောင်မှ၊ ယူဆောင်မိပွါယ်၊ ပြုကျင့်ဖွယ်ကို၊ ရွေးချယ်သီရုံး၊ ပန်းနှယ်တုံး၍၊ နှလုံးတန်ဆာ၊ လက်ာချိုမြ၊ မိန့်ခဲ့ဟသား၊ ခေါ်ထတွင်မူ၊ အနုသာသန၊ ပိုးစချီဦး၊ မည်ထူးသညီ၊ ဂမ္ဘီသာရ၊ နာမကြိုင်ရွှမ်း၊ ဆုံးမကျမ်း၌"

(ရှင်မဟာရဋ္ဌသာရ၏ ဂမ္ဘီသာရ ဆုံးမစာ)

******************************

# တောဝက်အစွယ်



မမိသည် တပ်မတော်တွင် အမှုထမ်းခဲ့ပါသည်။ ထိုသို့ အမှုထမ်းစဉ်က ဖေဖေသည် နှစ်ကာလအတန်ကြာအောင် သိမ်းဆည်းထားသော ပစ္စည်းကလေးတစ်ခုကို မိမိအား ပေးလိုက်ပါသည်။

"ငါ့သား အဲဒါလေးကို သိမ်းထား၊ အန္တရာယ်ကင်းတယ်။ အဆိပ်ရှိတဲ့ သတ္တဝါတွေ ဒုက္ခမပေးနိုင်ဘူး။ ပယောဂလည်း နိုင်တယ်"

ဖေဖေ၏စကားကို ယနေ့တိုင် ကြားယောင်နေဆဲ ဖြစ်ပါသည်။ ဖေဖေပေးလိုက်သော အရာသည်ကား အခြား မဟုတ်ပါ။ **"တောဝက်အစွယ်"** ပင် ဖြစ်သည်။ ဖေဖေသည် နယ်လှည့်ဝန်ထောက်အဖြစ်လည်းကောင်း၊ အမတော်ကြေး အရာရှိအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်စဉ်က အမြို့မြို့အနယ်နယ်သို့ လှည့်လည်သွားရောက်ရင်း နယ်တစ်နယ်မှ ရလာသည့် တောဝက်အစွယ်ဖြစ်ကြောင်း ဖေဖေက ပြောပြသည်။

**"တောဝက်အစွယ်ကို ဆောင်ထားရင် မီးမလောင်နိုင်ဘူး။ ကျားစွယ်မှာအခေါင်း၊ ဝက်စွယ်မှာအပိတ် ဆိုတဲ့ စကားအတိုင်း ကျားစွယ်အခေါင်းပွဟာ ပယောဂကို နိုင်တဲ့ အတွက် ကလေးငယ်တွေရဲ့ လည်ပင်းမှာ ဆွဲထားပေးတတ်ကြတယ်။ မကောင်းဆိုးရွား မပူးကပ်နိုင်ဘူးပေါ့။**

**တောဝက်အစွယ် အခေါင်းပိတ်ဟာလည်း ပယောဂကို နိုင်တဲ့အပြင် ကာယသိဒ္ဓိ ပြီးမြောက်စေတယ်၊ စီးပွားတက်စေတယ်၊ အနာရောဂါကင်းဝေးမယ်၊ လုပ်ငန်းကိုင်ငန်း အောင်မြင်နိုင်မယ်။**

အဆိုပါတောဝက်အစွယ်ကို မိမိလက်ဝယ်တွင် ဖေဖေ ပေးအပ်လိုက်၍ ရရှိခဲ့သော်လည်း လက်တွေ့စမ်းသပ်ခြင်းတော့ မပြုခဲ့ပါ။ တောဝက်အစွယ်သည် ကျည်ကာကွယ်သည်ဟု

ဆိုသော်လည်း ဤအရာသည် မစမ်းသပ်ကောင်းသောနည်း ဖြစ်ပါသည်။

တောဝက်အစွယ်နှင့် ပတ်သက်၍ နားလည်သူများက ၎င်းတို့အား ပြန်လည်ရောင်းချရန် လာရောက်တောင်းဆို ဝယ်ယူခဲ့ကြသော်လည်း ရှားရှားပါးပါး တန်ဖိုးထား၍ ဖေဖေ ကိုယ်တိုင် အမြတ်တနိုးပေးထားသော ပစ္စည်းလည်းဖြစ်ပြန်ရာ ပြန်လည်ရောင်းချခဲ့ခြင်းမပြုပါ။ မိမိတပ်မတော်မှ အနားယူသော အခါတွင် တပ်တွင်း၌ အမှုထမ်းစဉ်က မိမိအသက်ကို ကာကွယ် ပေးခဲ့ဖူးသော တပ်ကြပ်ကြီးတင်ငြိမ်းအား ကျေးဇူးဆပ်သည့် အနေဖြင့် ပေးအပ်ထားခဲ့ပါသည်။

နောက်ပိုင်းတွင် တပ်ကြပ်ကြီးတင်ငြိမ်း၏ ပြောကြား ချက်အရ တောဝက်စွယ်အစွမ်းထက်ပုံများကို အံ့မခန်းဖွယ်ရာ ကြားသိရသော်အခါ ဝမ်းမြောက်ဝမ်းသာစွာဖြင့် ကျေနပ်ပီတိ ဖြစ်ခဲ့ရသည့်အပြင် ကျေးဇူးရှင် ဖေဖေ့ကိုလည်း လက်စုံမိုး၍ ရှိခိုးကန်တော့လိုက်မိပါသည်။

ဖေဖေ၏အရိပ်သည်ကား အတိုင်းမသိအေးမြလှ ပါသည်။ ငြိမ်းချမ်းရပါသည်။ မြင်းမိုရ်တောင်ရိပ် မှေးအိပ်ခဲ့ ရသော မိမိဘဝသည်ကား ထာဝရအေးချမ်းသာယာလျှက် ရှိနေပါသည်။

# စကားပြောရင် တဲ့တိုး

အစ်ကို ဦးမြင့်သိန်းသည် ဒါးပိန်ထုံးကြီးကျေးရွာမှ အမျိုးသမီးတစ်ဦးနှင့် အိမ်ထောင်ကျသည်။ ထိုစဉ်က ရုပ်ရှင်သရုပ်ဆောင် ကြည်ကြည်ဌေး၊ စံရှားတင်တို့ နာမည်ကျော်ကြားနေချိန် ဖြစ်သည်။

အစ်ကို၏ဇနီးသည် စံရှားတင်ကို အားကျ၍ ဆံပင်တစ်ဖက်ကို မျက်လုံးတစ်ဖက်ပေါ် ဖုံးအောင်ချပြီး အလှပြင်တတ်သည်။

တစ်နေ့တွင် အစ်ကိုတို့ဇနီးမောင်နှံ မိဘများထံ အလည်လာကြစဉ် ချွေးမဖြစ်သူသည် လှချင်လွန်း၍ ဆံပင်တစ်ဖက်ကို ချထားမှန်းသိပါလျက် ဖေဖေသည် အရွဲ့တိုက်ပြီး ပြောလိုက်ပုံက ကြားရသူအဖို့ မခံချင်စရာ ဖြစ်သည်။

"ငါ့သား မင်းမိန်းမ ဆံပင်နဲ့မျက်စိတစ်ဖက်အုပ်ထားတာ မျက်စိတစ်ဖက် မကောင်းလို့လား"ဟု တဲ့တိုးမေးချလိုက်သည်။

ဖေဖေသည် စကားပြောလျှင် ဖွဲ့နွဲ့သိုင်းဖက်၍ စီကာပတ်ကုံး ပြောတတ်သလို တစ်ခါတစ်ရံ ပိဿာလေးနှင့် နံ့ဘေးပစ် ဆိုသလို တုတ်ထိုးအိုးပေါက် ပြောတတ်သည်။

ဖေဖေသည် စိတ်ကောင်းရှိသည်၊ အရှိကိုအရှိအတိုင်း၊ အမှန်ကိုအမှန်အတိုင်း ပွင့်ပွင့်လင်းလင်း ရဲရဲဝံ့ဝံ့ ပြောတတ်သူ ဖြစ်၍ တစ်ခါတစ်ရံ တစ်ဖက်လူမှာ နားထောင်၍မရအောင် နာလိုခံခက် ဖြစ်သွားတတ်သည်။

ဖေဖေသည် သားသမီးများကို ဆိုဆုံးမသည့်နေရာ၌ အချက်ကျကျ ပိုင်ပိုင်နိုင်နိုင် ဆုံးမတတ်သူ ဖြစ်သည်။ သားသမီးများကို ချစ်လွန်းသည်ဆိုပြီး မည်သည့်အခါမျှ မဆုံးမဘဲ မနေခဲ့ပါ။

ဖေဖေသည် သားသမီးများကို ပြောမကောင်း ဆိုမကောင်းဟု ဆိုပြီး လျစ်လျူရှုမထားခဲ့ပါ။ သားသမီးများသည်လည်း ကလေးတို့ဘာသာဘာဝ တစ်ခါတစ်ရံ မိုက်မှားတတ်ပါသည်။

ဖေဖေသည် သားသမီးများကို မလိမ္မာဟုဆိုပြီး ပစ်ထားခဲ့ခြင်းမရှိပါ။ မိဘက ပစ်ထားလေလေ သားသမီးများ နစ်မွန်းလေလေဖြစ်သည်။

ဖေဖေသည် မိဘတို့၏ဝတ္တရားရှိသည့်အတိုင်း နည်းအမျိုးမျိုးဖြင့် ဆုံးမသွန်သင်ခဲ့ပါသည်။ သားသမီးဆုံးမနည်း နိဿရည်းသည် မိသားစုအတွက် မရှိမဖြစ်လိုအပ်သော အရည်အသွေးတစ်ခုပင် ဖြစ်သည်။

ဖေဖေသည် သားသမီးများ မလိမ္မာမည်ကို စိုးရိမ်ကြောင့်ကြလွန်ကဲပြီး မြည်တွန်တောက်တီးကာ ကြိမ်ဖန်များစွာ ဆုံးမတတ်သူ မဟုတ်ပါ။

လိုရင်းတိုရှင်းသာ ဆုံးမတတ်ပါသည်။

ဖေဖေသည် သားသမီးများကို ဆိုဆုံးမသည့်အခါ၌ ရှုးရှုးဒိုင်းဒိုင်း မဆင်မခြင် ရိုက်နှက်၍ ဆုံးမတတ်သူ မဟုတ်ပါ။ မိုက်ရူးရဲဆန်သော ဆုံးမခြင်းမျိုးကို ဖေဖေ လမ်းပြမပေးပါ။ ဖေဖေ၏စိတ်ဓာတ်ကို နားလည်သောသားသမီးများသည် မိဘများအပေါ်၌ မည်သည့်အခါတွင်မျှ စိတ်ဝမ်းကွဲခြင်း၊ ရန်လိုအညိုးအတေးထားခြင်းမျိုး မရှိခဲ့ကြပါ။

ဖေဖေသည် သားသမီးများကို အသိအလိမ္မာ ဉာဏ်ပညာများပေးပြီး သွေးအေးအေးဖြင့် ဆုံးမတတ်ပါသည်။ အသိဉာဏ်ပါသော ဆုံးမခြင်းများကြောင့် သားသမီးများဘဝ အကျိုးဖြစ်ထွန်းခဲ့ရပါသည်။

သားသမီးတို့၏ ဦးနှောက်ထဲတွင်လည်း အသိဉာဏ်များဝင်ခဲ့ရပါသည်။ ယဉ်ကျေးလိမ္မာအောင် ချော့မြှူပြီးမှ အချိုသတ်ဆုံးမတတ်ပါသည်။

ဖေဖေသည် သားသမီးများကို ဆိုဆုံးမသည့်နေရာ၌ မလျော့မတင်း ဆုံးမပါသည်။

"လျှော့လွန်းလျှင်ပတ်၊ တင်းလွန်းလျှင်ပြတ်" ဆိုသည့်စကားအတိုင်း အလိုလိုက်တုန်းက သူငယ်ချင်းလို ရောရောနှောနှောနေထိုင်ပြီး အပြစ်တွေ့မှ ရန်သူလိုသဘောထားကာ ရိုက်နှက်ဆုံးမခြင်းမျိုးကို ဖေဖေသည် မည်သည့်အခါကမျှ မပြုခဲ့ပါ။ လျှော့သည့်အခါ လျှော့လိုက်၊ တင်းသည့်အခါ တင်းလိုက် အလိုက်အထိုက် ဆုံးမခဲ့ပါသည်။

မိမိသည် ဖေဖေ့ကို ချစ်ပါသည်။ ကြောက်လည်း ကြောက်ပါသည်။ ရိုလည်း ရိုသေပါသည်။ သားသမီးများက ဖေဖေ့ကို ချစ်ကြောက်ရိုသေကြသည်။


ဖေဖေပြောခဲ့သော စကားလုံးများသည် အသည်းထဲ စွဲအောင် နှလုံးသားထဲထိအောင် ဦးနှောက်ထဲရောက်အောင် ထိထိမိမိ မှတ်မိနေပါတော့သည်။

ဖေဖေ့ကို ဦးညွတ်ရှိခိုး ကန်တော့အပ်ပါသည်။

* မျက်တွယ်မျက်မြင်၊ မဆင်ခြင်၊ လူရှင်သိမည် ကြောက်၊
* မေတ္တာတုန်ခန်း၊ စိတ်မချမ်း၊ ညှိုးနွမ်းမည်ကို ကြောက်၊
* ကိုယ်နှင့်မတန်၊ စကားလွန်၊ မင်းဒဏ်သင့်မည် ကြောက်၊

(တွင်းသင်းမင်းကြီး မဟာစည်သူ ကြောက်ခြင်းကိုးလုံး ဆုံးမစာ)

# ကက်ကင်းဓာတ်



ငနု အိမ်များ၊ ကျောင်းများ၊ ရုံးများတွင် လူကိုဒုက္ခပေးတတ်သော အဆိုးရွားဆုံးသတ္တဝါမှာ ကြွမ်းပိုးဖြစ်ပါသည်။ အိပ်ရာ၊ စောင်၊ ခြင်ထောင်များတွင်လည်း ခိုအောင်း၍နေတတ်ကြောင်း၊ ကြွမ်းပိုးနှင့်ပတ်သက်လာလျှင်

မည်သို့မည်ပုံ နှိမ်နင်းရမည်ကို ဖေဖေပြောပြပေးသည့် ကက်ကင်းခတ်နည်းမှာ အလွန်ပင် မှတ်သားဖွယ်ရာ ကောင်းလှပါသည်။

"ကက်ကင်းခတ်နဲ့ ကြမ်းပိုးကို ဘယ်လိုနှိမ်နင်းရမယ်ဆိုတာ မှတ်ထားသားရဲ့။ ကြမ်းပိုးဆိုတော့ တနလ်ာ၊ ကြာသပတေးနံတွေ တွဲနေတယ်။ ကက်ကင်းခတ်ဆိုတာ နံတူနံပြန် ခတ်ရိုက်နည်း ဆိုတော့ တနလ်ာနံနဲ့ ကြာသပတေးနံကို နံတူထပ်တဲ့အနေနဲ့ တနလ်ာနံနဲ့ ကြာသပတေးနံပါတဲ့ ကြောင်ပန်းကို ဆောင်ရင် ကြမ်းပိုးဆိုတာတွေ တွေ့ရမှာမဟုတ်ဘူး"ဟု ဖေဖေက ပြောပါသည်။

ဖေဖေပြောသည့်အတိုင်း ကြောင်ပန်းရွက်ကို အိပ်ရာအောက်၌ ဖြန့်ခင်း၍ ထားလိုက်သောအခါ ကြမ်းပိုးရန်မှ ကင်းဝေးခဲ့ရကြောင်း လက်တွေ့တွေ့ရပါသည်။

ကြမ်းကြားများတွင်လည်း ကြောင်ပန်းရွက်များ ညှပ်ထားခြင်း၊ ဖျာအောက်များတွင် ကြောင်ပန်းရွက်ကို ထားရှိခြင်းအားဖြင့် ကက်ကင်းခတ်သဘောအရ ကြမ်းပိုးများ ရှိမနေနိုင်ကြောင်း တွေ့ခဲ့ရပါသည်။

ထို့အတူ ဖေဖေပြောသော သူခိုးမလာစေသောနည်းမှာလည်း မှတ်သားစရာအလွန်ကောင်းပါသည်။

"ရပ်ကွက်တွေထဲမှာ သူခိုးသူဝှက် ရှိတတ်တယ်။ သူခိုးမဝင်ရောက်စေချင်ရင် ကက်ကင်းခေတ် စီရင်လို့ ရတယ်။ သူခိုးဘေးရန်မှ ကာကွယ်နိုင်မယ်"

"အစီအရင်အကြောင်း ပြောပါဦး ဖေဖေ"

"သူခိုးဆိုတာ သောကြာနံနဲ့ တနင်္လာနံ တွဲထားတာကွ။ သူခိုးကို နိုင်တဲ့နည်းက သူခိုးရဲ့ကက်ကင်းခေတ်ကို ရှာရမယ်။

ဒါကြောင့် တနင်္လာနံနဲ့ သောကြာနံတွဲတာကို ရှာကြည့်မယ်ဆိုရင် ကြက်သွန်ဟာ သူခိုးနံရဲ့ ကက်ကင်းခေတ်ပဲ။

ကြက်သွန်ကို အိမ်ခြံဝင်းရဲ့ ထောင့်လေးထောင့်မှာ မြှုပ်ထားမယ်ဆိုရင် အဲဒီအိမ်ကို သူခိုးမလာနိုင်တော့ဘူး။

ဒါပေမယ့် သူခိုးမလာတာက အရေးမကြီးဘူး၊ နေ့ရောညပါ ကက်ကင်းခေတ်ကို စီရင်ထားရင် ကောင်းကျိုးနဲ့ ဆိုးကျိုး ဒွန်တွဲနေတတ်တယ်။ သူခိုးနဲ့ နေ့နံတူတဲ့ မိတ်ဆွေသားချင်းတွေပေါ့ကွာ။ ကျော်သိန်း၊ ကျင်သန်း၊ ခင်သိန်း၊ ကျော်သောင်း စတဲ့ အမည်ပါသူတွေဟာ မိမိထံကို လာကြ တော့မှာမဟုတ်ဘူး။

ဖေဖေ၏ပြောစကားကြောင့် ကောင်းကျိုးနဲ့ ဆိုးကျိုး ဒွန်တွဲနေကြောင်းကို သတိပြုလိုက်မိပါသည်။

သားသမီးများ အရွယ်ရောက်လာချိန်တွင် ဖေဖေသည် မိတ်ဆွေအလား သဘောထား၍ ယဉ်ကျေးချိုသာစွာ ကျေနပ်နှစ်သိမ့်အောင် နှုတ်ဖြင့်သာဆုံးမပါသည်။

ဖေဖေသည် သားသမီးများကို ဆုံးမသည့်နေရာတွင် အပြစ်မြင်တိုင်း ရန်သူလိုသဘောထားကာ ထိပ်ပေါက်ခေါင်းကွဲ သွေးထွက်သံယို ဆုံးမခဲ့ဖူးခြင်းမရှိပါ။

ဖေဖေသည် ဒေါသရှေ့မထားဘဲ မေတ္တာ၊ ကရုဏာ သက်သက်ဖြင့် ယဉ်ကျေးသိမ်မွေ့အောင် ဆုံးမနိုင်ခဲ့သူ ဖြစ်ပါသည်။

သားသမီးများကို ဆုံးမသည့်အခါတွင်လည်း တစ်ယောက်ယောက်ကို ဘက်လိုက်၍ တစ်ဘက်သတ် မဆုံးမပါ။ အညီအမျှ သဘောထားပြီး ညီမျှခြင်း၊ လွတ်လပ်ခြင်း၊ တရားမျှတခြင်း တည်းဟူသော လောကပါလတရားများ လက်ကိုင်ထား၍ မျှမျှတတ ဆုံးမတတ်ပါသည်။

**"လက်ဦးဆရာ မည်ထိုက်စွ၊ ပုဗ္ဗာစရိယ မိနှင့်ဘ"** ဟု ဥဒါန်းတင်ခဲ့ကြပါသည်။

ဖေဖေသည် သားသမီးများကို ယဉ်ကျေးလိမ္မာလာအောင် ဆုံးမနိုင်ခဲ့ပါသည်။ ဖေဖေ မေမေတို့၏ ပင်ကိုယ်ဗီဇ စရိုက်တို့သည် သားသမီးများထံ ရောက်ရှိတတ်ကြပါသည်။

သားသမီးများတွင်လည်း အချို့သည် စိတ်ကြမ်း ကိုယ်ကြမ်း ရှိတတ်သည်။ အချို့က စိတ်နု ကိုယ်နုရှိပြီး အချို့က အေးဆေးတည်ငြိမ်သည်။

အချော့ကြိုက်သူ ရှိသလို၊ အမြှောက်ကြိုက်သူလည်း ပါတတ်ပါသည်။

သားသမီးများကို ဖေဖေသည် အချိုကြိုက်လျှင် အချို ကျွေးပါသည်။ အချဉ်ကြိုက်လျှင် အချဉ်ကျွေးပါသည်။ အခါး ကြိုက်သူကို အခါးပေးပါသည်။

ဖေဖေ၏ လိမ္မာပါးနပ်မှုကြောင့် သားသမီးများအားလုံး လိမ္မာခဲ့ကြပါသည်။



# သူခိုးပေးတဲ့ ဒဿန



၉၉ ဖေပြောသောစကား မှတ်သားဖူးပါသည်။
"ကြွက်သေတစ်ခု အရင်းပြု"

"**သူခိုး ဓားရိုးကမ်း**" စသည့် ပုံပြင်များသည် မိမိဘဝအတွက် အထူးအလေးထား မှတ်သားထိုက်သော ပုံပြင်များ ဖြစ်ပါသည်။

သူခိုးဓားရိုးကမ်း ပုံပြင်မှ ဖေဖေပြောသော စကားတစ်ခုမှာ "**သူခိုးပေးသော ဒဿန**"ပင် ဖြစ်သည်။

သူခိုးဓားရိုးကမ်း ပုံပြင်ကို ကြားဖူးကြပြီးဖြစ်၍ အကျယ်တဝင့် မတင်ပြလိုတော့ပါ။ သို့ရာတွင် ထိုပုံပြင်မှ ကောက်နှုတ်ထားသည့် ဖေဖေပြောသော "**သူခိုးပေးသည့် ဒဿန**" ကိုတော့ မမေ့နိုင်သဖြင့် ဖော်ပြလိုပါသည်။

တောထဲကိုအိမ်ရှေ့မင်းသားနှင့် ဒိသာပါမောက္ခကြီး၏ သမီးတို့ ရောက်လာချိန်တွင် ခိုးသားလေးဆယ်နှင့် တွေ့ကြပြီး သူခိုးဓားပြခေါင်းဆောင်နှင့် မင်းသားတို့ လုံးထွေးသတ်ပုတ်ကြတော့သည်။

ထိုသို့ လုံးထွေးသတ်ပုတ်နေစဉ် မင်းသားက မင်းသမီးထံ ပါလာသောဓားရှည်ကို ပေးရန် လှမ်းတောင်းလိုက်သည်။

ထိုစဉ် မင်းသမီးသည် ဓားအရိုးကို သူခိုးဘက်သို့ ပေး၍ ဓားအသွားကို မင်းသားဘက် ပေးလိုက်သည်။ သူခိုးသည် ဓား၏လက်ကိုင်ကို ရသွားသဖြင့် မင်းသားကို သတ်ဖြတ်လိုက်

တော့သည်။ ထိုစဉ် သူခိုးခေါင်းဆောင်မှ မင်းသမီးအား မေးခွန်း တစ်ခုမေးသည်။

"သင်သည် ကျွန်ုပ်အား အဘယ်ကြောင့် မားအရိုး ပေး၍ သင်၏ခင်ပွန်းကို မားအသွားပေးရသနည်း"

မင်းသမီးက မိမိတွင်ပါလာသော ရတနာထုပ်ကို သူခိုး ခေါင်းဆောင်အား လှမ်းပေးရင်းက

"ကျွန်ုပ်သည် အသင့်ကို မြင်လျှင် မြင်ချင်း ချစ်ခင်စုံမက် နှစ်သက်မိခဲ့ပါသည်။ သို့ဖြစ်၍ သင့်ကို မားအရိုးပေးပြီး မင်းသားကို မားအသွားပေးရခြင်း ဖြစ်ပါသည်။ ကျွန်ုပ်တွင်ပါလာသော ရတနာထုပ်နှင့်အတူ ကျွန်ုပ်ကိုဆောင်ယူ၍ သွားပါတော့"ဟု ဆိုလေသည်။

"သင်၏ခင်ပွန်းသည် တိုင်းပြည်သို့ ပြန်ရောက်လျှင် ရှင်ဘုရင်ဖြစ်မည့်သူ ဖြစ်သည်။ ခင်ပွန်းသည် ရှင်ဘုရင် ဖြစ်လျှင် သင်သည် မိဖုရားကြီး ဖြစ်မည်၊ အချွေအရံ ပေါများပြီး ကောင်းကောင်းမွန်မွန် နေရမည်ကို သင်သိပါလျက် ကျွန်ုပ်ကဲ့သို့ အိမ်ခြေယာခြေ မရှိ၊ ဆွေမျိုး မရှိ၊ မိုက်ရူးရဲဆန်စွာ ခိုးဆိုးလုနှိုက် တိုက်ခိုက် စားသောက်နေသော သူခိုးကိုပင် တခဏတွေ့ရသည့် အခိုက် သင်၏စိတ်များသည် ဖောက်ပြန်၍ တပ်မက်မှု ပြုခဲ့လေပြီ။ ကျွန်ုပ်က သင့်အားယုံကြည်၍ ခေါ်သွားမည်

ဆိုလျှင်လည်း တစ်နေ့မဟုတ်တစ်နေ့ တစ်စုံတစ်ယောက်သောသူနှင့် ရင်ဆိုင်တွေ့လျှင် သင်သည် ထိုသူ့အပေါ် ချစ်ခင်စုံမက် နှစ်သက်မိပါက ထိုသူ့အား ဓားအရိုးကိုပေး၍ ကျွန်ုပ်ဘက်ကို ဓားအသွားထားကာ ကျွန်ုပ်အား သတ်ခိုင်းမည်မှာ ဧကန်ဖြစ်တော့သည်။

သင်သည် ဘဝရေးရေးကို တွေးခေါ်မြော်မြင်မှု မရှိဘဲ တဒင်္ဂနှလုံးသား ခံစားရမှုကို ဦးစားပေး၍ သတ်ပစ်နိုင်ခဲ့လေပြီ။ ကျွန်ုပ်သည် သင့်အား အဘယ်သို့ ယုံကြည်ရမည်နည်း။ သင့်ထိုက်နှင့်သင့်ကံ တောထဲတွင် ကျန်ရစ်ပေတော့”ဟုပြောကာ မင်းသမီးလက်ထဲမှ ရတနာထုပ်ကိုယူ၍ မင်းသမီးကို တောထဲတွင် စွန့်ပစ်ထားခဲ့လေသည်။

ဤအဖြစ်အပျက်တွင် ခိုးဆိုးလုနှိုက် တိုက်ခိုက်နေသော သူခိုးဓားပြခေါင်းဆောင်၏ သုံးသပ်ချက် ဒဿနသည် လူအများ မှတ်သားဖွယ်ရာ၊ ဆင်ခြင်ဖွယ်ရာ ဖြစ်တော့သည်။

ဤသည်ကို အကြောင်းပြု၍ ဖေဖေသည် သူခိုးဓားရိုးကမ်း မဖြစ်ကြဖို့ သားသမီးများကို အမြဲဆိုဆုံးမလေ့ရှိခဲ့ပါသည်။

ဖေဖေ့ပြောစကား တန်ဖိုးရှိလှပါသည်။

# လူမှာအမျိုး

မျိုးရိုးနှင့်ပတ်သက်၍လည်း ဖေဖေက ဆိုဆုံးမစကားများ ပြောခဲ့ပါသည်။

စကားပြောသည့်အခါတိုင်း မြန်မာ့ဆိုရိုးစကားများကို အမြဲထည့်သွင်းပြောလေ့ ရှိပါသည်။

"လူမှာအကျင့်၊ ပန်းမှာအပွင့်"ဆိုသည့် ဆိုရိုးစကားကိုလည်း ရှင်းပြပါသည်။

ပန်းသည် အပွင့်ကောင်းမှ တန်ဖိုးရှိသကဲ့သို့ လူသည်လည်း အကျင့်ကောင်းမှ တန်ဖိုးရှိကြောင်း ပြောပါသည်။

"လူမှာအကျင့်၊ ပန်းမှာအပွင့်"ဆိုသည့် စကားနှင့် အညီ အမျိုးသမီးများအကြောင်း ဖွဲ့ဆိုသော စာများတွင် မပါလျှင် မပြီးသည့် အမျိုးသမီးကြီးများမှာ အမရာ၊ ကိန္နရီ မဒ္ဒီ၊ သမ္ဘူလတို့ဖြစ်ကြောင်းကိုလည်း ပြောပြ၍ သိခဲ့ရသည်။

"လူမှာအမျိုး၊ ကြက်မှာအရိုး" ဆိုစကားရှိသည်။

ကြက်ဟာ အခွပ်ကောင်းခြင်း၊ မကောင်းခြင်း၊ သတ္တိရှိခြင်း၊ မရှိခြင်းတို့ဆိုတာ မျိုးရိုးကို လိုက်သလိုပဲ။ လူတစ်ဦး၏ အကျင့်စရိုက်မှာလည်း မျိုးရိုးကိုလိုက်တတ်သည်။

မိကောင်းဖခင် သားသမီးမှန်လျှင် ကလိန်းကလက် မရှိစေရ။ ငှက်ပျောပင်စိုက် မိလိုက်ဖပါ ဆိုသကဲ့သို့ ကြက်မှာ အရိုး လူမှာအမျိုး ဆိုစကားရှိကြောင်း ရှင်းပြပါသည်။

"ငါ့သား လူယုံသတ်ရင် သေတတ်တယ်ကွ" အခြား သူတွေနဲ့စာရင် အတွင်းလူ လုပ်ကြံပါက သေသည်အထိ ပျက်စီးဆုံးပါးနိုင်ကြောင်းကိုလည်း ပြောပြပါသည်။

တစ်ခါတစ်ရံ သူငယ်ချင်းအပေါင်းအသင်းများ အိမ်သို့ လာလည်လျှင် "သားသူငယ်ချင်းက လူရိုးပါ"ဟု မိမိက ပြောသည့်အခါ ဖေဖေကထုံးစံအတိုင်း ပြုံးပြီးကြည့်နေသည်။

သူငယ်ချင်းပြန်သွားသည့်အခါမှ ဖေဖေက "သား လူရိုးဆိုတာ သချိုင်းမှာသာ ရှိတယ်။ လောကမှာ တကယ် ရိုးသားတဲ့လူဆိုတာ သိပ်ရှားပါတယ်"

"လူရိုးသချိုင်းမှာ ရှိတယ်"ဆိုသည်မှာ ရှေးမြန်မာ ဆိုရိုးစကား ဖြစ်သည်။ ယခုအခါ လူ၏အရိုးသည် သချိုင်းများ တွင်ပင် မရှိသလောက်ဖြစ်နေသည်။ လူသေလျှင် မီးသဂြိုဟ် သည်က များပါသည်။

ရိုးသားသောသူကို တွေ့ရန် ခက်ခဲလှပါသည်။ လူကို လူချင်း လှည့်ဖြားခြင်းများစွာ ပြုနေကြသည်ကို တွေ့ရသော အခါ ဖေဖေ့ကို သတိတရ ရှိခဲ့ရပါသည်။

မိဘများသည် သားယောကျ်ားကလေး မွေးလာလျှင် လိမ္မာပါက "အား"ဖြစ်ရသလို၊ မလိမ္မာပါက "ကျား" ဖြစ်ရတတ်ပါသည်။ သမီးမိန်းကလေး မွေးလာလျှင်လည်း လိမ္မာလျှင် "ထီး" ဖြစ်ရသလို၊ မလိမ္မာသောအခါ "မီး" ဖြစ်ရတတ်ပါသည်။

"အား" ဆိုသည်မှာ မိသားစုစီးပွားရေးအတွက်၊ မိသားစုအားလုံးအတွက် လုပ်အားတစ်ယောက် တိုးခြင်းကို ရည်ရွယ်ပါသည်။

"ကျား" ဆိုသည်မှာ သားသမင်များကို အန္တရာယ်ပြုတတ်သော ကျားသတ္တဝါကဲ့သို့ မိဘများအပေါ် ဆိုးသွမ်းသော သားမျိုးကို ရည်ရွယ်၍ပြောခြင်း ဖြစ်ပါသည်။

"ထီး" ဆိုသည်မှာ နေပူမိုးရွာဒဏ်ကို ထီးသည် လုံခြုံအောင် ကာကွယ်ပေးနိုင်သလို သမီးလေးလိမ္မာလျှင်လည်း မိသားစု၏ အရေးကြီးသော မီးဖိုချောင်ကို လုံခြုံအောင် ထိန်းသိမ်းစောင့်ရှောက်မှု ပေးနိုင်ခြင်းကို ရည်ရွယ်ပါသည်။

"မီး" ဆိုသည်မှာ မြို့ရွာရပ်ကွက်အတွင်း မီးလောင်ကျွမ်းလျှင် သူခိုးဓားပြတို့ထက် ကြောက်စရာကောင်းသလို မိဘအပေါ်တွင် အမြဲတမ်း မိုက်လုံးကြီးထွားနေသော သမီးသည်လည်း မီးကဲ့သို့ ကြောက်စရာကောင်းကြောင်း ရည်ရွယ်၍ ဆိုလိုပါသည်။

မိဘတိုင်း"အား" ဖြစ်စေသည့် သားယောက်ျားလေးနှင့် "ထီး" ဖြစ်စေသည့် သမီးမိန်းကလေးကိုသာ လိုချင်ကြပါလိမ့်မည်။

"သားမွေးလာလျှင် လက်ရှုံး၊ သမီးမွေးလာရင် မျက်လုံး"ဆိုသည့်စကားလည်း ရှိပါသည်။

သားမိုက်ကြောင့် မိဘများ လက်ရှုံးပြုတ်ရသကဲ့သို့ သမီးမိုက်ကြောင့် မိဘများ မျက်နှာမျက်လုံးပျက်ရတတ်သည်များလည်း ရှိကြပါသည်။

* သစ္စာမမြဲ၊ အကျင့်လွဲ၊ ပါလယ်ထဲရောက်မည် ကြောက်။
* လွန်ကျူးသမျှ၊ နောက်-နောင်ဘ၊ ရှိရမည်ကို ကြောက်။
* သေနှင့်အရှက်၊ လူတို့ဖျက်၊ အရှက်ရမည် ကြောက်။
* မင်းငါးဥစ္စာ၊ အနည်းသာ၊ ဖြစ်လာရောက်မည် ကြောက်။
* မဟုတ်မလျော်၊ သူလှည့်ဖြား၊ မှောက်မှားမည်ကို ကြောက်။
* ရန်သူငါးချက်၊ အခင်းဖျက်၊ သေပျက်မည်ကို ကြောက်။

(တွင်းသင်းမင်းကြီး မဟာစည်သူ ကြောက်ကြီးကိုးလုံး ဆုံးမစာ)

# ကျေးဇူးတရား



၁၁ ချို့သောသူများသည် မိမိ၏ကောင်းကျိုးကို ဆောင်ရွက်ပေးသော ကျေးဇူးရှင်တို့အား ကျေးဇူးကန်းတတ်ကြောင်းကိုလည်း "ကျေးဇူးရှိမှ ကျေးစွပ်သည်"ဟူသော စကားဖြင့် မှတ်သားနာယူဖွယ် ပုံပြင်တစ်ပုဒ် ပြောပြပါသည်။

ရှေးအခါက လူတစ်ယောက်၏အိမ်မှာ ကြက်ဆူပင်တစ်ပင်ရှိသည်။ ထိုအိမ်ရှင်သည် နွားများကိုလည်း မွေးထားသည်။ ကြက်ဆူပင်စောင့်နတ်သည် အိမ်နှင့်နီးသောကြောင့် ငါနေသောသစ်ပင် မပျက်မစီးစေရန် ထိုအိမ်ရှင်ကို မ,စကြည့်ရှုလေသည်။

မ,စကြည့်ရှုသောကြောင့် ထိုအိမ်ရှင်သည် စည်းစိမ်ချမ်းသာ များစွာတိုးတက်လာသည်။ တစ်ခါသော် အိမ်အနောက်ဘက်၌ နွားခြံလုပ်ရာတွင် ကြက်ဆူပင်ကိုထွင်း၍ တံခါးကျည်းထည့်လျှိုလေသည်။

ကြက်ဆူပင်စောင့်နတ်လည်း ငါမ,စ၍ စည်းစိမ်ချမ်းသာရှိပါလျှက် ငါ့ဗိမာန်ကို ထွင်း၍ တံခါးကျည်းစွပ်ဘိသည်။ ငါ့ကျေးဇူးကိုပင် ကျေး(ကျည်း)စွပ်သည်ဟူ၍ ကြက်ဆူပင်စောင့်နတ်ပြောသော စကားကိုလိုက်၍ ယခုတိုင်အောင် ကျေးဇူးရှင်ကို ကျေးစွပ်သည်"ဟူ၍ ဆိုရိုးပြုခဲ့ကြောင်း မှတ်သားခဲ့ရပါသည်။

သို့ဖြစ်၍ ကျေးဇူးပြုသောသူကို ကျေးဇူးတုံ့ဆပ်ရသည်။ သူတစ်ပါး၏ကျေးဇူးကို ဘယ်တော့မှမမေ့ရာ။

မြတ်စွာဘုရား၏ ဟောကြားချက်တွင် "ကတညုတာ-သူ့ကျေးဇူးကို သိတတ်ခြင်းသည် မွန်မြတ်၏" ဟု မှတ်သားမိပါတော့သည်။

ဖေဖေ မေမေတို့၏ ကျေးဇူးတရားကို မိမိဘယ်သော အခါမျှ မေ့ပျောက်နိုင်မည် မဟုတ်ကြောင်းကို ဤမြေပံသုသက်သေပြု၍ သစ္စာဆို တိုင်တည်လိုက် ရပါသည်။



# ကြီးတဲ့အမှု ငယ်စေ

လီ မှာယဉ်ကျေးမှုနှင့် ပတ်သက်၍ "ကြီးသူကို ရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနားရမည်" ဖြစ်ကြောင်းကိုလည်း ဆုံးမပါသည်။

ဖေဖေ့စကားသည် တန်ဖိုးရှိလှပါသည်။

ဖေဖေ၏ပြောစကားတစ်ခုမှာ -

"ငါ့သား လောကမှာ လူရယ်လို့ဖြစ်လာရင် တစ်ယောက်တည်း ရပ်တည်နေထိုင်လို့ မရဘူး။ လူနဲ့ လူ့ပတ်ဝန်းကျင်မှာ ဆက်ဆံပေါင်းသင်း နေထိုင်ကြရတယ်။ အဲဒီအခါမှာ တစ်ဦးနဲ့တစ်ဦး၊ တစ်မိသားနဲ့တစ်မိသား စိတ်သဘောထားချင်း တိုက်ဆိုင်မှုတွေ မရှိကြလို့ ပဋိပက္ခ ပြဿနာတွေ ပေါ်လာတတ်တယ်"

"ပြဿနာပေါ်လာရင် ကြီးတဲ့အမှု ငယ်စေ၊ ငယ်သည့်အမှု ပပျောက်စေ ဆောင်ရွက်နိုင်ရမယ်။ မီးပွားကလေးကို ငြိမ်းနိုင်မှ မီးတောက်ကြီးဖြစ်မလာမှာ"

"ဒါတောင် အမှိုက်ကစ ပြာသာဒ်မီးလောင် ဖြစ်တတ်တာကိုလည်း တွေ့ရတယ်"ဟု ပြောပါသည်။

သားသမီးများက မိဘအပေါ် မသိတတ်မှုနှင့် ပတ်သက်၍ ဖေဖေ့ပြောစကားတစ်ခွန်းမှာ "စေတနာ့ ဝက်သဆီ၊ ထောပတ်စလောင်း၊ ခွေးလျက်သထက်ပြောင်" ဟု စေတနာခေါင်းပါးကြောင်းကိုလည်း ဥပမာပေး၍ ပြောလေ့ ရှိပါသည်။

အဝတ်အစားဝတ်သည့်နေရာတွင်လည်း ပြောင်ပြောင် ရောင်ရောင် မရှိလျှင် "ကျွန်စုတ်တဲ့ သရက်စေ့ လောက် တောင် မပြောင်ဘူး"ဟု အတုံးလိုက် အတစ်လိုက် ပြောဆို တတ်ပါသည်။

မိဘနှစ်ပါးသည် သားသမီးများကို ထမင်းဝအောင် ကျွေးနိုင်ခဲ့ပါသည်။

သားသမီးများက မိဘနှစ်ပါးကို ထမင်းဝအောင် ပြန်၍ ကျွေးနိုင်ရန် ခဲယဉ်းကြပါသည်။

မြင်းမိုရ်တောင်ရိပ် မှေးအိပ်ခဲ့ရသော မိမိ၏ပြုပြုသမျှ ကုသိုလ်ကောင်းမှု အစုစုတို့ကို ဖေဖေ မေမေတို့ ရောက်လေရာ ဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ . . . .။

# ငွေချေးငှားလျှင်



ဝ သားစု စားဝတ်နေရေးအတွက် မေမေသည် တတ်နိုင်သမျှ ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် မေမေက ပေးထားသောအကြွေးများ မကြာခဏ ဆုံးတတ်ကြောင်းကိုလည်း ပြောပြလေရာ ဖေဖေက ငွေမချေးသင့်တဲ့နေ့များအကြောင်းကို စိတ်ဝင်စားဖွယ်ရာ ပြောပြခဲ့သည်။

ဖေဖေက မေမေ့ကို ငွေချေးငှားရာတွင် နေ့ကောင်း ရက်သာကိုရွေးချယ်ပြီး ချေးငှားပါက ငွေရင်းမဆုံးသည့်အပြင် အတိုးများပင် အကျိုးအမြတ်အဖြစ် ခံစားရကြောင်းရှင်းပြသည်။

"ဥစ္စာဝင်ပွား၊ ကြွေးချေးငှား၊ စီးပွားလွန်ကြွယ်ဝ"

အဲဒီလင်္ကာရဲ့ အဓိပ္ပါယ်ကတော့ "ဥစ္စာဝင်ပွား" ဆိုတာ တနင်္ဂနွေနေ့၊ အင်္ဂါနေ့၊ ဗုဒ္ဓဟူးနေ့နဲ့ ကြာသပတေး နေ့တွေဟာ ငွေချေးငှားသင့်တဲ့ နေ့တွေဖြစ်တယ်။

ငွေချေးငှားရာမှာ မချေးငှားသင့်တဲ့ နေ့တွေ အတွက် လင်္ကာကတော့ "ငါ့သားထွေး၊ ကြွေးမချေးနဲ့"လို့ ဖြစ်တယ်။ "ငါ့သားထွေး"ဆိုတာတနင်္လာနေ့၊ သောကြာနေ့၊ စနေနေ့တွေမှာ ငွေချေးငှားတာ မလုပ်ရဘူးလို့ ပြောတာ။

"တကယ်လို့ မလွဲမရှောင်သာ အဲဒီနေ့တွေမှာ ငွေချေးငှားမိရင် အရင်းငွေပြန်ရဖို့ မလွယ်ဘူး။ အရင်း ပြန်ရရင် အလွန်ကံကောင်းတယ်လို့ မှတ်ပါ။ အဲဒီနေ့ တွေမှာ ငွေလုံးဝမချေးသင့်ဘူး။ ချေးမိရင်တော့ ဆုံးတတ် တယ်ကွ"လို့ ဖေဖေက ပြောပြပါသည်။

ဖေဖေသည် လောကီပညာများ တတ်ကျွမ်းသူ ဖြစ်သကဲ့သို့ လောကုတ္တရာအကျိုးစီးပွားကိုလည်း မေ့လျော့သူ မဟုတ်ပါ။

# ရွှေကျီးကလေးက သာ



တစ်နေ့ ..
အိမ်ခေါင်ထက်ဆီမှ "အား .. အား .."ဟု ကျီးကန်းတစ်ကောင် အသံပြုနေသည်ကို ဖေဖေက အဲဒါ "အခါပေးတာ"ဟု ပြောပြဖူးပါသည်။

ဂမ္ဘီရစာပေကျမ်းဂန်စာအုပ်များတွင် ရွှေကျီးသာသော အရပ်ဒေသကို အရှေ့အနောက်တောင်မြောက် စသည်ဖြင့် ယူ၍မရကြောင်း လေ့လာဖူးပါသည်။

လူနေအိမ်များကို ရပ်ကွက်မြေအနေအထားကိုလိုက်ပြီး ဆောက်ကြရသည်ဖြစ်၍ နေအိမ်၏မျက်နှာစာကို အရှေ့ဘက်၊ အိမ်နောက်ဖေးကို အနောက်ဘက်၊ လက်ယာဘက်ကို တောင်ဘက်နှင့် လက်ဝဲဘက်ကို မြောက်ဘက်ဟု မှတ်ယူကြောင်း ပြောပြပါသည်။

"အိမ်ရှေ့က ကျီးသာရင် အရှေ့အရပ်က ကျီးသာတယ်လို့ မှတ်ရတယ်၊ အိမ်ခေါင်မိုးပေါ်မှာ ကျီးသာရင် ကျီးသာတဲ့အချိန်မှာ ခံစားရတဲ့အတိုင်း ဖြစ်ပေါ်ကြုံတွေ့တတ်တယ်၊ ကျီးသာစဉ်မှာ ဝမ်းသာတယ်လို့ ခံစားရလျှင် ဝမ်းသာစရာတွေ့မယ်။ ဝမ်းနည်းတယ်လို့ ခံစားရရင် စိတ်မကောင်းစရာတွေ့မယ်၊ ဒါကတော့ ဖြစ်တတ်တဲ့ သဘောပေ့ါ"ဟု ဖေဖေက ပြောပြသဖြင့် မှတ်သားဖူးပါသည်။

ပြောလည်း ပြောတတ်နိုင်လွန်းလှပါလား ဖေဖေရယ်။

# ဆုံးမစကား (၃)

ဖေ့ဖေ့ စကားတစ်ခွန်းမှာ "လိမ္မာမြင်ပြင်း၊ ဆင်းရဲအားရ၊ ကြွယ်ဝမနာလို၊ ကိုယ့်ထက်သာမကြိုက်၊ အမိုက် တရားတွေကွ၊ ဝေးဝေးရှောင်"ဟု ပြောပါသည်။

စီးပွားရေးလုပ်ကိုင်ရာတွင်လည်း သူတစ်ပါးနှင့် စီးပွားစပ်တူ မလုပ်သင့်ကြောင်း၊ စကားအရာတွင် ငြင်းခုံပြောဆိုမှု မပြုအပ်ကြောင်းနှင့် သူတစ်ပါး၏မယားနှင့် လင်ယောကျ်ား မရှိခိုက် နှစ်ယောက်တည်း မနေသင့်ကြောင်းကိုလည်း "စီးပွားစပ်ငြား၊ စကားငြင်းဆို၊ သူ့မယားနှင့် နှစ်ကိုယ်တည်းသာ မနေရာ၏"ဟု ဥပမာပြ၍ ဆိုဆုံးမပါသည်။

သားကြီးလာရင် ဘာလုပ်မလဲဟု မေးသောအခါ မိမိသည် စစ်ဗိုလ်ကြီးလုပ်မည်၊ တရားသူကြီးလုပ်မည်ဟု အားရပါးရ ငယ်စဉ်ကပြောခဲ့သော်လည်း ယခုအခါ ဥပဒေပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုရသည့် ရှေ့နေတစ်ဦး ဖြစ်နေပါသည်။

ဝန်ထမ်းဘဝတွင် မင်းမှုထမ်းနှင့်ပတ်သက်၍ သတိပြုစရာများကိုလည်း "ကြက်ဥအယောင်၊ တိမ်တောင်သဖွယ်၊ မင်းရေးကျယ်"ဟု ပြောပါသည်။

ကြက်ဥအတွင်းမှ သန္ဓေသား ပေါက်လာလျှင် ဖြစ်မည့် အမွေးအရောင်၊ တိမ်တောင်တိမ်တိုက်တို့ မည်သည့်အသွင် သဏ္ဌာန် ဖြစ်လာမည်၊ ခန့်မှန်းရန်မလွယ်ကူသကဲ့သို့ တိုင်းရေး ပြည်ရေးမှာလည်း မည်သို့ဖြစ်လာမည်ကို ခန့်မှန်းရန် မလွယ်ကူကြောင်း ပြောပြပါသည်။

**"သေချင်တဲ့ကျား တောပြောင်း"** ဆိုသည့်စကား ရှိသလို **"တစ်ရွာမပြောင်း သူကောင်းမဖြစ်"** ဆိုသည့် စကားကိုလည်း မေ့မထားသင့်ကြောင်း ပြောပါသည်။

မိဘက ရှာဖွေစုဆောင်းသမျှ သားသမီးများက သုံးဖြုန်းမည်ဆိုလျှင်လည်း **"သမင်မွေးရင်း ကျားစားရင်း"** ဖြစ်တတ်ကြောင်း ပြောလေ့ရှိပါသည်။

သမီးမိန်းကလေး မွေးလျှင် **"သမီးတစ်ကောင် နွားတစ်ထောင်"** ဖြစ်ကြောင်း သမီးပျိုတစ်ယောက်ကို ထိန်းသိမ်းစောင့်ရှောက်ရခြင်းသည် နွားတစ်ထောင်ကို ထိန်းကျောင်းရသကဲ့သို့ တာဝန်ကြီးလှကြောင်းကိုလည်း ဥပမာပေး၍ ပြောပြခဲ့ပါသည်။

**"သမီးမိန်းမ မွေးပြန်က၊ မောင်ဖွားမိဘ အသရေ ပျက်လို့ အရှက်ရ"** ဆိုသကဲ့သို့ သမီးမိန်းကလေးကို မွေးရ သည်မှာ မလိမ္မာလျှင် မိဘမောင်ဖွား အရှက်ရတတ်ကြောင်း ပြောပါသည်။

သားသမီးများကိုလည်း စည်းလုံးညီညွတ်မှုရှိစေရန် ဆုံးမပါသည်။ စည်းလုံးညီညွတ်လျှင် အောင်မြင်မှုကို ရနိုင်မည်ဖြစ်ကြောင်းကို **"သမဂ္ဂါနံ တပေါ သုခေါ"**

သမဂ္ဂါနံ- ညီညွတ်သောသူတို့၏၊ တပေါ- အကျင့်သည်၊ သုခေါ- ချမ်းသာ၏ဟု ပြောပါသည်။

ငယ်ရွယ်သောသားကိုလည်းကောင်း၊ ဝယ်ကာစကျွန်အသစ်ကိုလည်းကောင်း၊ ဆရာ့လက်သို့ အပ်ကာစ တပည့်အသစ်ကိုလည်းကောင်း၊ မျက်နှာသာမပေးရကြောင်းကိုလည်း **"သားကိုငယ်ခါ ကျွန်မှာဝယ်သစ် တပည့်ဖြစ်က အပ်စဟူသည် မျက်ခြည်မျက်သာ မပေးရာ၏"**ဟု ဆိုသည့်စကားရှိကြောင်း မှတ်သားခဲ့ရပါသည်။

မိမိတို့အိမ်တွင်းရေးနှင့် ပတ်သက်၍လည်း **"အတွင်းထရံ အပြင်မကာရသကဲ့သို့၊ အပြင်ထရံကိုလည်း အတွင်းမှာမကာရကြောင်း၊ အပြင်ကမီးကို အတွင်းသို့ မယူရသကဲ့သို့ အတွင်းမီးကိုလည်း အပြင်သို့မသယ်သင့်ကြောင်း၊ သိသာသိစေ မမြင်စေနှင့်၊ မြင်သာမြင်စေ မသိစေနှင့်"**ဟု ဆုံးမလေ့ရှိပါသည်။

***

# ဂါထာထူး

လူသားတို့သည် စီးပွားရေး၊ လူမှုရေးလုပ်ငန်းတို့ဖြင့် နေရာဒေသအသီးသီးသို့ သွားလာတတ်ကြပါသည်။ တစ်ခါတစ်ရံ အန္တရာယ်ထူပြောသော အရပ်ဒေသကိုလည်း မလွဲမရှောင်သာ ဖြတ်သန်းသွားကြရပါသည်။

သားသမီးများ အရွယ်ရောက်လာလျှင် မိဘတို့၏ မေတ္တာအတိုင်း သားသမီးများကို ဘေးမသီရန်မခ ဆင်စီး၍ မြင်းရံသည်ကို တွေ့မြင်လိုကြသကဲ့သို့ မိမိ၏ဖေဖေသည်လည်း မိမိကို ဒုက္ခအပေါင်းမှ ကင်းဝေးစေလိုသဖြင့် အချုပ်အနှောင်မှ လွတ်မြောက်စေသည့် ဂါထာတစ်ပိုဒ်ကို စာဖြင့်ရေး၍ ပေးခဲ့ဖူးပါသည်။

နမော တေ ဗုဒ္ဓ ဝီရတ္ထု၊ ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။
သမ္ဗာဓပ္ပဋိပန္နောသ္မိ၊ တဿ မေ သရဏံ ဘဝ။

အဲဒီဂါထာတော်ကို လနတ်သား၊ နေနတ်သားတို့က အသူရိန်နတ်မင်းကြီးရဲ့ အဖမ်းအဆီး အချုပ်အနှောင် ခံရတဲ့အတွက် စိတ်ထဲက ဘုရားကိုအာရုံပြုပြီး ရွတ်ဖတ် ပူဇော်ခဲ့လို့ ရာဟုအသူရိန်ရန်က လွတ်မြောက်ခဲ့တယ် သားရဲ့။

စိတ်ထဲမှာ ဘုရားကိုအာရုံရောက်ပြီး ဘုရားမှ တစ်ပါး အခြားကိုးကွယ်အားထားစရာ မရှိပါလားဆိုပြီး အားကိုးမှုအပြည့်အဝနဲ့ ရွတ်ရင် အနှောင်အဖွဲ့က လွတ်မြောက်ရုံ မကဘူး။ ဘဝအခက်အခဲ၊ အကြပ်အတည်း ပြဿနာ၊ အရှုပ်အထွေးအားလုံးတို့ကိုလည်း လွတ်မြောက် စေနိုင်တယ်။ ယုံယုံကြည်ကြည်နဲ့ အမြဲရွတ်ပါသားရယ်။

ဖေဖေသည် ဘဝရှေ့ရေးကို မျှော်တွေးပြီး ပူပန်တတ်သူ ဖြစ်သည်။ သားသမီးများအတွက် ကောင်းကျိုးများစွာ ပေးစွမ်းခဲ့ပါသည်။

* တံတားကျိုးပျက်၊ အလျှောက်ခက်။
* ရေအိမ်ပြိုလျက်၊ အပြင်ခက်။
* သားမြေးဆိုးလျက်၊ အစွန့်ခက်။
* ထွေးပြန်ပြီးလျက်၊ အမျိုခက်။
* အသားမည်းနက်၊ အဆင်ခက်။
* ဆိုးသည့်သတင်း၊ သားချင်းရှိလျက်၊ အပြောခက်။

(တောင်ဖီလာဆရာတော် လောကသဘာဝ ဆုံးမစာ)

# ဆုံးမစကား (၄)

ဖေဖေသည် တစ်ခါတစ်ရံ ဆုံးမစကားများ ပြောဆိုလေ့ရှိရာ အဆိုအမိန့်များကိုလည်း ပြန်လည်သတိရမိပါသည်။ အယူမှား၍ အကျင့်ပျက်သူကို လူနတ်တို့မနှစ်ခြိုက်ကြောင်း၊ အယူမှန် အကျင့်မှန်သူကို လူနတ်တို့ကြည်ညိုနှစ်ခြိုက်ကြောင်း ကို-

"တိမ်းပါးအယူ ကျင့်သောသူကို
လူမနှစ်ခြိုက် နတ်မကြိုက်ဘူး။
သုစရိုက်မျိုး ကောင်းကျင့်ရိုးကို
မြတ်နိုးသိပ်သည်း ကျင့်စောင့်စည်းက
လူလည်းကြည်ညို နတ်လည်းလို၏"ဟူ၍

လည်းကောင်း၊ သူတော်ကောင်းတရားကို နေ့စဉ်ကြားနာရခြင်းကြောင့် စိတ်ထားဖြူစင်၍ အသိဉာဏ်ပညာထက်မြက်စေတတ်ကြောင်းကို -

"ဓမ္မစကား နေ့တိုင်းကြားက
စိတ်ထားဖွေးလက် သိဉာဏ်ထက်၏" ဟူ၍

လည်းကောင်း၊ အသိပညာ အတတ်ပညာ ဉာဏ်ပညာ ပြည့်ဝ

ပါက မည်သည့်ကိစ္စမဆို ပြုဖွယ်ကိစ္စမှန်သမျှကို အခက်အခဲမရှိ လွယ်ကူစွာပြီးမြောက်စေတတ်ကြောင်းကို -

"ပညာပြည့်ဝ နှလုံးလှသော်
ကိစ္စကြီးငယ် ဆောက်သဖွယ်လျှင်
ကျဉ်းကျယ်ထွင်းဖောက် ဖြတ်တောက်လိုရာ
ပြီးနိုင်စွာ၏"ဟူ၍ လည်းကောင်း မဃဒေဝတွင်

ပါရှိကြောင်း ဖေဖေက ပြောပြပါသည်။

သားသမီးများ ညအိပ်ရာမဝင်မီ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ အနန္တောအနန္တငါးပါးကို ရှိခိုးပြီးမှ အိပ်ရာဝင်လေ့ ရှိကြပါသည်။

ညအိပ်ရာဝင်ရာတွင်လည်း သွားတိုက်ခြင်း၊ ဒူးခေါင်းအထက် ရေလောင်း၍ ဆေးကြောခြင်း ပြုလုပ်စေပါသည်။

ဖေဖေက ဘုရားရှိခိုးရာတွင် စက်ကြီးတစ်ဆယ့်သုံးပါး ဂါထာတော်ကို ရွတ်ဖတ်ရန် သင်ကြားပေးပါသည်။ (အားလုံး သိပြီးဖြစ်၍ အကျယ်တဝင့် မဖော်ပြလိုတော့ပါ။)

# လောကနီတိ

၆၃။ ဖေသည် သားသမီးများ လိမ္မာရေးခြားရှိနိုင်ရေးအတွက် လောကနီတိအသိရှိနိုင်ရေး စာပေများကိုလည်း သင်ကြားပေးပါသည်။

* ပျင်းရိသောသူသည် အတတ်ပညာမရနိုင်။
* အတတ်ပညာမရှိသောသူသည် ဥစ္စာစီးပွားမရနိုင်။
* ဥစ္စာစီးပွားမရှိသောသူသည် အဆွေခင်ပွန်းကောင်း မရနိုင်။
* အဆွေခင်ပွန်းကောင်းမရှိသောသူသည် ချမ်းသာသုခ မရနိုင်။
* ချမ်းသာသုခမရှိသောသူသည် ကောင်းမှုကုသိုလ် မရနိုင်။
* ကောင်းမှုကုသိုလ်မရှိသောသူသည် နိဗ္ဗာန်ကို အဘယ်မှာမျက်မှောက် ပြုနိုင်အံ့မည်နည်း။
* အကြားအမြင်ပညာကို နည်းသည်ဟူ၍ မအောက်မေ့ရာ။
* လေ့လာဆည်းပူး၍ သိုမှီးသိမ်းဆည်းထားရာသည်။

- ခြ၊ ပုရွက်တို့ စုပုံဖို့၍ မြေတောင်ပို့ကြီး ရသကဲ့သို့၊ ကျဖန်များသော မိုးရေပေါက်များသည် ကြီးမားသော ပင်လယ်သမုဒ္ဒရာကြီး ဖြစ်လာသကဲ့သို့ မှတ်ယူရာသည်။
- စည်သည် တီးမှမြည်သကဲ့သို့ ပညာရှိသည်လည်း သူမေးလာသောအခါမှသာ ဖြေကြားပြောဆိုလေ့ ရှိသည်။
- သူမိုက်သည်ကား သူတစ်ပါးမေးသည်ဖြစ်စေ၊ မမေးသည်ဖြစ်စေ လွန်မင်းစွာ ပြောဟောတတ်သည်။
- ပထမအရွယ် ပညာရှာ၊
  ဒုတိယအရွယ် ဥစ္စာရှာ၊
  တတိယအရွယ် ကုသိုလ်ရှာ၊
- အတတ်ပညာမရှိသူသည် သူတစ်ပါး၏ဝန်ကို ထမ်းရသည်။
- အတတ်ပညာရှိသူသည် သူတစ်ပါး၏ဂုဏ်ပြုခြင်းကို ခံရသည်။
- အတတ်ပညာကို ရအောင်သင်ယူကြရမည်။

လောကနီတိ ကျမ်းလာ ဆုံးမစာများသည်ကား မှတ်ဖွယ်မှတ်ရာ လူ့လောက၌ မကုန်နိုင်ပါ။ အမြဲမပြတ် ဆည်းပူးလေ့လာ နေကြရမည်သာ ဖြစ်ပါသည်။

"ခပ်သိမ်းကိစ္စ၊ ဟူသမျှလည်း၊ လုံ့လမလျော့၊ မပေါ့ မမေ့၊ ညဥ့်နေ့မဟူ၊ သတိမူ၍၊ မေးမြန်းကြောင်းလမ်း၊ စူးစမ်းစာနာ၊ နက်ပညာဖြင့်၊ ရှေ့လာနောက်နှစ်၊ ကြံစီစစ်လော့၊ အပြစ်ကိုယ်ဝယ်၊ ဆိုဖွယ်ရိပ်ထင်၊ မရောက်ခင်က၊ အမြင်မရှိ၊ တွေးမသိသည်၊ မျက်စိ မပွင့်၊ ဉာဏ်မရင့်တို့။ ။ အကျင့်အခြင်း တွေးစေမင်း"

(ဂမ္ဘီသာရ ဆုံးမစာ)

# နှုတ်ဆက်နိဂုံး

လေး ကျွန်းထိပ်ခေါင် မြင်းမိုရ်တောင်နှင့်၊ ချိန်ဆောင်နိုင်းလည်း အတိုင်းမသိ ကျေးဇူးရှိ၏"ဟု ကန်တော်မင်းကျောင်းဆရာတော်က လောကသာရဆုံးမစာတွင် ရေးသားထားပါသည်။

ပုဗ္ဗာစရိယ ဆိုသည့် ဂုဏ်သည် ရှေးဦးဆရာ လက်ဦးဆရာဟု ခေါ်သည်။ သားသမီးများကို ပညာသင်ပေးသည့်နေရာတွင် မိဘများသည် ဆရာအဆူဆူတို့၏ ရှေးဦးအစကတည်းက ပညာသင်ပေးခဲ့သူ ဖြစ်ပါသည်။

သားသမီးများ အရွယ်ရောက်လာသည့်အခါမှ အသက်မွေးဝမ်းကျောင်းပညာအတွက် အတန်းပညာများကို လောကီဆရာများထံတွင် သင်ယူကြရပါသည်။

သံသရာကောင်းကျိုးအတွက် ပညာများကို လောကုတ္တရာဆရာများထံတွင် သင်ကြားကြရပါသည်။

မိဘများသည် သားသမီးများအတွက် အဖိုးမဖြတ်နိုင်သော အနဂ္ဃရတနာကြီး ဖြစ်ပါသည်။ သားသမီးများအနေဖြင့် မိဘများကို မဟာရတနာကြီးအလား စိတ်မှာထားပြီး

လိုလိုလားလား နှစ်နှစ်သက်သက် ပြုစုလုပ်ကျွေးသင့်လှပေသည်။

မိဘကျေးဇူး မြင်းမိုရ်ဦးဟု ဆိုထားသော်လည်း အမှန်တကယ်တွင် မြင်းမိုရ်တောင်ထက် ဆယ်ပြန်မက ကျေးဇူးတရားကြီးမားလှပါသည်။

အနန္တော အနန္တငါးပါးထဲတွင် မာတာပိတုဂုဏော အနန္တောဆိုသည့် ဂုဏ်ကျေးဇူးတစ်ပါး ပါဝင်ပါသည်။

မိဘတို့၏မေတ္တာတရားကြီးမားပုံကို မုံတိုင်ပင်ဆရာတော်က ဆုတောင်းအမျှဝေကျမ်းတွင် -

**"မြင်းမိုရ်မေယု၊ နှိုင်းတုမမီ၊ ပထဝီမျှ၊ မြစ်မ,ကျယ်စွာ၊ သမုဒ္ဒရာလည်း၊ ပမာခွက်ငယ်၊ နှိုင်းဖွယ်မမျှ၊ ကြီးမြတ်လှသည်"**ဟု ရေးသားခဲ့ပါသည်။

အတုလဆရာတော် ခင်ကြီးဖျော်ကလည်း ယူဇနာနှစ်သိန်းလေးသောင်း အတုရှိသော မဟာပထဝီမြေကြီးသည်ပင်လျှင် မိဘမေတ္တာနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုပါက ဝါးရွက်မျှလောက်သာရှိကြောင်းကို ပြဆိုထားပါသည်။

ယူဇနာတစ်သန်းနှစ်သိန်းသုံးထောင့်ငါးဆယ် အပြောကျယ်သော စကြဝဠာတိုက်ကြီးသည်ပင် အပ်နဖားမျှသာဖြစ်ကြောင်းကို ပြဆိုထားပါသည်။

ယူဇနာရှစ်သောင်းလေးထောင်အမြင့်ဆောင်သော မြင်းမိုရ်တောင်မှာလည်း မိဘကျေးဇူးနှင့် တိုင်းတာလိုက်မည်ဆိုပါက တောင်ပို့ငယ်ပမာမျှဟု ဆိုထားပါသည်။

ယူဇနာရှစ်သောင်းလေးထောင် အပြောဆောင်သည့် မဟာသမုဒ္ဒရာမှာလည်း မိဘကျေးဇူးနှင့် ဆန်းစစ်လိုက်မည်ဆိုပါက ရေခွက်ငယ်မျှလောက်သာယှာ ပြဆိုထားပါသည်။

ဖေဖေ မေမေတို့၏ ဂုဏ်ကျေးဇူးသည် အလွန်ကြီးမားကြောင်း ခိုင်းနှိုင်းပြစရာပင် မရှိတော့ပါ။

အဇာတသတ်မင်းကြီးသည် ဖခင်ဗိမ္ဗိသာရမင်းကြီးကို ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ခြင်းသည် မိဘကျေးဇူး၊ မိဘမေတ္တာနှင့် ပတ်သက်၍ ဆင်ခြင်စဉ်းစားတတ်သည့် အလေ့အကျင့် မရှိခဲ့သောကြောင့်သာ ဖြစ်သည်။

သိတတ်နားလည်သည့်အရွယ်ကတည်းကသာ မိဘကျေးဇူးကို စဉ်းစားဆင်ခြင်မည်ဆိုလျှင် ဖခင်ကြီးကို သတ်မည်မဟုတ်ပါ။

အဇာတသတ်မင်းသားသည် သူ၏ရင်နှစ်သည်းခြာသားရတနာကလေး မွေးဖွားလာသည့်အချိန်မှသာ သားအပေါ်ချစ်သည့်စိတ်များ တဖွားဖွားပေါ်လာပြီး **"ငါက ငါ့သားကိုချစ်သလိုမျိုး ငါ့အဖေကလည်း ငါ့ကိုချစ်မှာပဲ"**ဟု ဆင်ခြင်မိသွားပါသည်။

ထိုအခါ ထောင်သွင်းအကျဉ်းချထားသည့် ဖခင်ကြီးကို "**အခုချက်ချင်းလွှတ်စေ**"ဟု အမိန့်ထုတ်ပြန်သော်လည်း အသိတရားများသည် နောက်ကျခဲ့ရလေပြီ။

ဤသည်ကိုထောက်ရှု၍ မိဘကျေးဇူးကို သားသမီးများက ပြန်လည်ပေးဆပ်နိုင်ဖို့ အထူးအရေးကြီးပါသည်။

အင်္ဂုတ္တိုရ်ပါဠိတော်၊ ဒုကနိပါတ်မှာ အလုပ်အကျွေး အစားအသောက်နှင့် ကျေးဇူးဆပ်၍မကုန်နိုင်သူမှာ မိဘနှစ်ပါး ဖြစ်ကြောင်း ပြဆိုထားပါသည်။

မိဘများသေသွားလျှင် နောက်ထပ် အသစ်ရှာပြီး အစားထိုး၍ မရနိုင်ပါ။ သားသမီးတိုင်းအတွက် အမေဆိုတာ တစ်ယောက်တည်းပါ။ အဖေဆိုတာလည်း တစ်ယောက်တည်း ပါ။

အစားထိုးမရနိုင်သည့် ဖေဖေနှင့်မေမေကို သက်ရှိ ထင်ရှားရှိနေတုန်းမှာ ကျွေးမွေး၍ ရနိုင်သော်လည်း မိမိတို့ ညီအစ်ကိုမောင်နှမများတွင် ဖေဖေ မေမေ ဆိုသည်ကား လူ့လောကတွင် လုံးဝမရှိတော့၍ ကျွေးမွေးရန် လုံးဝမဖြစ်နိုင် တော့ပါ။

မိမိသည်လည်း သတိထားဆင်ခြင်မိပြီဖြစ်၍ မိဘ၏ ကျေးဇူးကို တုံ့ပြန်သောအားဖြင့် ဤရင်တွင်းစာစုကို ပြုစု ရေးသားလိုက်ရပါသည်။

ဤစာစုတွင် ပါရှိသော မိမိ၏ကျေးဇူးရှင်မိဘများနှင့် ပတ်သက်သည့် အရေးအသား၊ အတွေးအခေါ်၊ အယူအဆ တစ်စုံတစ်ရာ လွဲမှားခဲ့ပါလျှင် မိမိ၏မပြည့်ဝသော အသိတရား ပညာတို့ကြောင့်သာ ဖြစ်ပါကြောင်း ကွယ်လွန်သွားသော မိဘနှစ်ပါးကို ဦးညွတ်လျက် ဂါရဝပြုလိုက်ရပါသည်။

ကျေးဇူးရှင် ဖေဖေနှင့်မေမေ ကောင်းရာဘုံဘဝ ရောက်ပါစေ။

မိမိပြုသမျှ အစုစုသော ကုသိုလ်အဝဝကိုလည်း ရောက်ရာဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

ဖေဖေနှင့်မေမေ အမျှ . . အမျှ . . အမျှ . . ။

ဦးခင်ဇော်(မရမ်းတုန်း)

"ဘုရားလောင်းရသေ့သည် မြို့သို့သွားအံ့သော သားငယ်ကို မကောင်းမှုမှ ရှောင်ကြဉ်စေခြင်း၊ အတတ်ပညာများကို တတ်မြောက်စေခြင်းများကို ပြုလုပ်စေပြီးလျှင် ဥပမာ ဥပမေယျများနှင့် လူမိုက်များကို မပေါင်းသင်းရန်၊ ပေါင်းသင်းက အကျိုး ဆုတ်ယုတ်ပုံကို ဟောပြောလွှတ်လိုက်သည်"

(နဝနိပါတ်မာလိဒ္ဒိရာဂဇာတ်)

# ဦးခင်ဇော် (မရမ်းကုန်း)

## ထုတ်ဝေပြီးသောစာအုပ်များ


၁။ ဥပဒေဆောင်းပါးများ ၁၉၉၇

၂။ ဖြစ်ရပ်မှန်မှုခင်းဝတ္ထုတိုများ ၁၉၉၉

၃။ ရွှေလောင်းရှာလူသတ်မှုကြီးနှင့်
ဖြစ်ရပ်မှန်မှုခင်းဝတ္ထုတိုများ ၂၀၀၄

၄။ အကွေ့တစ်သောင်း၊ အကောက်တစ်သိန်းနှင့်
ဖြစ်ရပ်မှန်မှုခင်းဝတ္ထုတိုများ ၂၀၀၄

၅။ ဘယ်တော့မှပြန်မလာချင်ပါနဲ့နော်နှင့်
ဝတ္ထုတိုများ ၂၀၀၅

၆။ မြင်းမိုရ်တောင်ရိပ်မှေးအိပ်ရာဝယ် (ယခု) ၂၀၁၀


## ဆက်လက်ထုတ်ဝေမည့်စာအုပ်များ


၁။ ကျွန်ုပ်တို့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဖွဲ့စည်းပုံအခြေခံဥပဒေ

၂။ ဥပဒေထဲက အမှု၊ အမှုထဲက ဥပဒေ

၃။ ဖြစ်ရပ်မှန်မှုခင်း ဝတ္ထုတိုများ